# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁)ရက် ၊ ကြာသပတေးနေ့ ၊ (10-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိစဉ်။

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ ကောင်းမှုကုသိုလ်များပြုလုပ်

နေပြည်တော် ဇူလိုင် ၉

ဝါဆိုလပြည့်နေ့သည် သန္ဓေ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ ဟူသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ် အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာ စတင်ပေါ်ပေါက်လာသောနေ့ ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်လာသော နေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်းမြတ်ဗုဒ္ဓ၏ဧဟိဘိက္ခုဟူသော စကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားဂုဏ်ဒြပ်ကိုးရပ်တို့နှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ စတုဒိသာအလှူများပေးလှူခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြရာ

စာမျက်နှာ ၁၇ ကော်လံ ၁


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁၀ ရက်
အယ်ဒီတာ့အာဘော်

# တပ်မတော်၏ အောင်လံလွှင့်ချီ မိုးယံဆီသို့

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံအကြောင်းတရားတစ်ရပ်မှာ လက်နက်ကိုင်ပဋိပက္ခများကင်းဝေးပြီး တည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာ ထိုဒေသရှိ ဒေသခံများ၏ လူမှုစီးပွားဘဝများတိုးတက်အောင် တစိုက်မတ်မတ်ဖော်ဆောင်နိုင်မည်ဖြစ်ပြီး စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍစုံတိုးတက်မှုကြောင့် အချိန်နှင့်တစ်ပြေးညီ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ပေသည်။

သို့ရာတွင် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်မည့်အရေးကို စာနာခြင်းမရှိဘဲ ကိုယ်ကျိုးအတ္တရှေ့တန်းတင်၍ လွိုင်ကော်မြို့သိမ်းရန် စိတ်ကူးယဉ်အိပ်မက်မက်ကာ တိုက်ပွဲများသွေးတိုးစမ်းဖော်ဆောင်ကြသော်လည်း တပ်မတော်စစ်ကြောင်းများ၏ အစစအရာရာ၌ ယင်းတို့ထက်သာလွန်မြင့်မားစွာဆောင်ရွက်နိုင်စွမ်းရှိမှု၊ ရဲစွမ်းသတ္တိဖြင့် ရှုပ်ရှုပ်ချုံချုံနှိမ်နင်းနိုင်မှု၊ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(ROE)နှင့်အညီ ထိထိရောက်ရောက်ချေမှုန်းတိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့မှ အကျအဆုံးများစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးပြီး မိုးဗြဲမြို့သို့ခိုဝင်ကာ အခိုင်အမာခံစစ်ပြုလုပ်၍ နိုင်ငံတော်အစိုးရနှင့် ဒေသခံအပြစ်မဲ့ပြည်သူများကို အလုံးစုံဒုက္ခပေးနိုင်ရေးဆောင်ရွက်ခဲ့ကြသည်။

သို့ဖြစ်ပါ၍ ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော် ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အချက်အချာလမ်းဆုံတစ်ခုဖြစ်သည့် အကြမ်းဖက်သမားတို့၏ ယာယီခိုအောင်းနေရာ မိုးဗြဲဒေသတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းစစ်ဆင်ရေးများ ယခုနှစ် နှစ်ဦးပိုင်းမှစ၍ အဆင့်ဆင့်ခြေကုပ်ယူ၍ ပြတ်ပြတ်သားသားချေမှုန်းဆောင်ရွက်ခဲ့သည်။ ထိုသို့ စစ်ဆင်ရေးကာလခြောက်လအတွင်း ရန်သူနှင့် တိုက်ပွဲကြီးပေါင်း ၂၁၅ ကြိမ်၊ ထိတွေ့မှုပေါင်း အကြိမ် ၄၀၀ ဖြစ်ပွားခဲ့ပြီး ဇူလိုင် ၆ ရက်နေ့ နေ့လယ်ပိုင်းတွင် အကြမ်းဖက် KNPP၊ KNDF နှင့် မဟာမိတ်အကြမ်းဖက်သမားများ၊ ငရဲမျိုးစေ့လူမိုက်အဖွဲ့များကို မြန်မာ့တပ်မတော်က အပြီးတိုင်ချေမှုန်းသုတ်သင်လျက် မိုးဗြဲမြို့တစ်မြို့လုံးကို ပြန်လည်သိမ်းပိုက်ကာ အောင်လံလွှင့်ထူနိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် တပ်မတော်က မိုးဗြဲမြို့နှင့် လွိုင်ကော်မြို့တို့ကို ဆက်သွယ်ပေးထားသော လွိုင်ကော်၊ မိုးဗြဲ၊ ပင်လောင်းဆက်သွယ်ရေးလမ်းကြောင်းကြီးကို မကြာမီဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် ဒေသခံပြည်သူများအားလုံးက တပ်မတော်၏အောင်ပွဲကို တပ်မတော်သားများနှင့် ထပ်တူဝမ်းမြောက်ဂုဏ်ယူကြလျက်ရှိပြီး အကြမ်းဖက်သမားများကြောင့် အိုးမဲ့အိမ်မဲ့နေရပ်စွန့်ခွာနေရသူများဘဝမှ မိမိတို့နေအိမ်၌ ပြန်လည်နေထိုင်ကြရတော့မည့်အရေးနှင့် တည်ငြိမ်အေးချမ်းမှု၏ အသီးအပွင့်များခံစားရတော့မည့်အရေးကို မြော်တွေးစဉ်းစားမိတိုင်း အပြုံးပန်းဝေဆာလျက်ရှိကြပေသည်။

တပ်မတော်သားများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယခု မိုးဗြဲမြို့ပြန်လည်သိမ်းပိုက်နိုင်မှုဖြစ်စဉ်အပါအဝင် နိုင်ငံတော်ကာကွယ်ရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့ကို ဦးလည်မသုန် ထမ်းဆောင်ကြရာတွင် အသက်ကိုပင်မငဲ့ကွက်ဘဲ ပြောင်မြောက်သည့်ရဲစွမ်းသတ္တိကို ရှင်းရှင်းလင်းလင်းပြသကာ ကျရာတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခဲ့မှုများကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့က အမြဲအမှတ်ရလေးစားဂုဏ်ယူနေမည်သာဖြစ်သည်။ လူတစ်စုကောင်းစားရေး ကိုယ့်အကျိုးအတ္တကို ရှေ့တန်းတင်နေသည့် ပြည်ဖျက်မိစ္ဆာအကြမ်းဖက်သမားတို့၏ ယုတ်မာရက်စက်သောလုပ်ရပ်မှန်သမျှကို စွန့်လွှတ်စွန့်စားစွာ ရင်ဆိုင်ဆင်နွှဲတားဆီးကာကွယ်နေရသော တပ်မတော်သားတို့၏ တရားသောစစ်ပွဲမှန်သမျှသည် ဆက်၍ဆက်ကာ အောင်ပွဲအလီလီဆွတ်ခူးပြီး အောင်လံတလူလူ မိုးယံဆီသို့ လွှင့်ထူနေမည်သာဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရောပဒေသာစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရောပဒေသာစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ရောပဒေသာ စပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ရောပဒေသာစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်လအတွင်း ရောပဒေသာစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ရောပဒေသာစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာ ပါပါတယ်။ ဆန်ကြမ်းဆိုပေမဲ့ လူတန်းစားမရွေး ကြိုက်နှစ်သက်ပြီး စားလို့ကောင်းပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် မတ်ပဲ ၃၀၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း မတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ မတ်ပဲသီးနှံလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးအတွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ် နန္ဒာခေတ်မီစံပြကျေးရွာ၌ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်



**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နန္ဒာခေတ်မီစံပြကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က သင်တန်းမိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက သင်တန်းသားများကိုအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း သင်ရိုးညွှန်းတမ်း စာအုပ်များပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူပေးသည်။

အဆိုပါသင်တန်းသို့ ပုသိမ်ကြီးမြို့နယ် နန္ဒာခေတ်မီစံပြကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ ဇူလိုင် ၁၃ ရက်ထိ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြဝတီမြို့နယ် သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြဝတီ ဇူလိုင် ၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဲပုံကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ သဲပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# သာစည်မြို့နယ် နတ်မြောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နတ်မြောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မြောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၂၆၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၂၆၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၂၂၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်မှာ စပါးဧက ၁၆၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ စပါး ၁၂၂၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ စပါးတွေအပါအဝင် မိုးသီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှား ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို စပါးမစိုက်မီ မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးသီးနှံတွေ အားလုံးစိုက်ပျိုးနိုင်ဖို့ တောင်သူပညာပေး လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစပါးများ၊ သွင်းအားစုများကိုလည်း ချိတ်ဆက်ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထား ၁၆၅၇၃၈ တွင် ဆင်းသုခ၊ မင်းဧရာ၊ ရက် ၉၀၊ GW-1၊ GW-3၊ ထိုင်းဘေးကျား စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးထားကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသမြေအနေအထားနှင့် ကိုက်ညီကြောင်း၊ အဆိုပါစိုက်ပျိုးပြီးမိုးစပါးများ အထွက်နှုန်းကောင်းစေရန်၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ကျောင်းစုကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ရေနံချောင်း ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျောင်းစုကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကျောင်းစုကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ကျောင်းစုကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ကိုးပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်း ငွေကျပ် ၁၈ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နော်လူး**

# ရွှေဘိုမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၇ ဒသမ ၅၅ တင်း ထွက်ရှိ

**ရွှေဘို ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် မိုးကြိုကာလက စိုက်ပျိုးထားသော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅၅ တင်း ထွက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးကြိုကာလ၌ ပဲတီစိမ်း ၂၉၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ်မှာ မိုးကြိုကာလ ပဲတီစိမ်း ၂၉၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကိုအရည်အသွေးနှင့်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)



# ဦးထွန်းညိုနှင့် မဟာရာဇဝင်သစ် (အပိုင်း-၁)

**ဗိုလ်ရှိတ်(ရတနာပူရ)**




ကုန်းဘောင်ခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ထင်ရှားသော ရာဇဝင်ကျမ်းကြီးတစ်စောင် ပေါ်ထွန်းခဲ့သည်။ ထိုရာဇဝင်ကျမ်းမှာ တွင်းသင်းတိုက်ဝန်ဦးထွန်းညိုပြုစုသည့် မဟာရာဇဝင်သစ်ကျမ်းဖြစ်သည်။ မဟာရာဇဝင်သစ်ကျမ်းကိုပြုစုခဲ့သူ ဦးထွန်းညိုသည် မြန်မာစာပေလောကတွင် အလွန်ထင်ပေါ်ကျော်ကြားသော စာဆိုတော်ကြီးဖြစ်သည်။ တော်တည့်မှန်ကန်သူ၊ မလိုအပ်ဘဲ စကားအပိုမပြောသူ အဖြစ်ကျော်စောသည်။ မိမိအကျိုး၊ သူတစ်ပါး အကျိုး တစ်ခုခုမရှိလျှင် တစ်နေ့လုံးပင် စကားတစ်ခွန်းမှ မပြောပေ။ ပြောစရာရှိလျှင်လည်း မည်သူ့မျက်နှာကိုမျှမထောက် ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားပြော၏။ သူတစ်ပါးဒုက္ခရောက်မည်ကို မလိုလားသူဖြစ်ပြီး သူတစ်ပါးကြီးပွားတိုးတက်မည်ကိုလိုလားသူဖြစ်သည်။

တွင်းသင်းမင်းကြီး ဦးထွန်းညို၏မိဘနှစ်ပါး အမည်ကို မသိရသေးပေ။ တွင်းသင်းမင်းကြီး ဦးထွန်းညိုကို အလုံမြို့စီရင်စုမောင်းထောင်ရွာတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ဦးထွန်းညိုအကြောင်းကို ကဗျာဝိဒူ အနုပုဗ္ဗိကထာကျမ်း၌ ဤသို့ဖော်ပြထား၏။

"မောင်းထောင်းရွာမ၊ မီးလောင်ကုံးအရပ်တွင် ညောင်ရမ်းဆယ်ဆက် လောကမာန်အောင်စေတီတော်ဒကာ တနင်္ဂနွေမင်းလက်ထက် သက္ကရာဇ် ၁၀၈၈ခုနှစ်ဖွား၊ ငယ်အမည် ဦးထွန်းညို၊ ရဟန်းအမည် "လင်္ကာသာရ"တွင်သည်။ ရတနာသိင်္ဃမြို့မှာ ရဟန်းဖြစ်စဉ်စီရင်သည့် "မဟာအစိန္တေယ"ချီ "မနုသာရ ရွှေမျဉ်းဓမ္မသတ်လင်္ကာ" ၎င်းလင်္ကာသာရအမည်ခံ ဦးထွန်းညိုပင်စီရင်သည်။ "မနုဝဏ္ဏနာဓမ္မသတ်လင်္ကာ" ၎င်းပင်စီရင်သည်။ တစ်ကျိပ်လျှော်သူတမ်းကို စပ်ဆိုသည်။ ဓမ္မသတ်လင်္ကာ၊ ငါးရံ့မင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးသားခန်းများကို စီရင်သည်။

နောက်လူထွက်၍ ဗဒုံမင်းအိမ်နိမ့်စံတော်မူစဉ် ဆရာအဖြစ်နှင့်ထမ်းရွက်ရသည်။ "ဆရာကြီး ဦးထွန်းညို"တွင်သည်။ ဗဒုံမင်းလေ့ကျက်တော်မူရန် "မဟာပရမ၊ သဒ္ဒါရဖြင့်"အစချီသည့် "မနုရင်းဓမ္မသတ်လင်္ကာ" ကိုလည်းရေးသည်။ ရွှေနန်းတည်မော်ကွန်း၊ ပုဏ္ဏရိကမော်ကွန်း၊ ဝရသေတဂီရိဆင်တော်မော်ကွန်း ဘုန်းတော်ဘွဲ့ရတု၊ မဟာဇေယျာပူရ စစ်ကိုင်းမြို့ရှိ အောင်မြေလောကစေတီတော် ကျောက်စာမှစ၍ အရပ်ရပ် ဘုရားကျောက်စာများကို ရေးသားဆက်သွင်းရသည်။ ပျို့မှာ ဇယဒိသပျို့၊ ဘလ္လာတိယပျို့၊ ဝိဓူရပျို့၊ ဝေဿန္တရာပျို့၊ နောက်ဆုံးဇနကပျို့၊ မင်္ဂလာအောင်ပွဲတော်ရဲရည်တက်မော်ကွန်းတို့ဖြစ်သည်။

သက္ကရာဇ် ၁၁၄၃ ခုနှစ် ဗဒုံမင်းအထွတ်အမြတ်သို့ ရောက်တော်မူလျှင် အလျင်သနားတော်မြတ်ခံရသည်။ မဟာသင်္ခယာဘွဲ့နှင့် ကျီဝန်ခန့်သည်။ နောက်လည်း မဟာသင်္ခယာဘွဲ့နှင့် တွင်းသင်းတိုက်ဝန်ခန့်သည်။ ၎င်းတွင်မှ တွင်းသင်းမင်းခေါ်ကြသည်။ နောက်ပခန်းမင်းကြီးသတိုးသီရိမဟာဥစ္စနာ ငယ်အမည် ဦးနှောင်းသေလွန်လျှင် ပခန်းဝန်ကြီးယွန်းသုံးဆက် အိမ်ရှေ့တူရှုတွင်နေရာ၊ ပတ္တမြားသုံးရစ် စီရင်တောင်ဝှေးများကို သနားတော်မူသည်။ တွင်းသင်းဝန်မဟာသင်္ခယာ၊ ငယ်အမည် ဦးထွန်းညိုဆိုသည့်စာစုမှာ မြောက်မြို့တွင် ကဗျာလင်္ကာနှင့် ဓမ္မသတ်လင်္ကာ၊ ငါးရံ့မင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးသားခန်း၊ ဥမင်ခန်း၊ ဇယဒိသပျို့၊ ဝိဓူရပျို့၊ ဝေဿန္တရာပျို့၊ နောက်ဆုံးဇနကပျို့၊ အောင်ပင်လယ်ဖွဲ့ ရေသဘင်လူးတား၊ ဆင်တော်မော်ကွန်း၊ ဓားစကြာဖွဲ့၊ အမရပူရမြို့ဖွဲ့မော်ကွန်း၊ မင်းကွန်းဖွဲ့မော်ကွန်း၊ ဘုန်းတော်ဖွဲ့ရတုမှစ၍ စာအများရေးသားသည်။

**မဟာရာဇဝင်သစ်**

မဟာရာဇဝင်သစ်ကျမ်းသည် ကုန်းဘောင်ခေတ်တွင် မင်းမိန့်ဖြင့် ပထမဆုံးပြုစုရသော ရာဇဝင်ကျမ်းဖြစ်သည်။ ပြုစုခဲ့သူမှာ ဦးထွန်းညိုဖြစ်သည်။ သက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ရာဇဝင်သစ်ကို ဦးထွန်းညိုက ဗဒုံမင်း၏အမိန့်ဖြင့် ရေးထိုးရကြောင်းကို ရာဇဝင်သစ်နိဒါန်း၌ "ရှေးပညာရှိတို့စီရင်ခဲ့သော ရာဇဝင်ကျမ်းတို့၌ ကျောက်စာသံပိုင်တို့နှင့်မညီ ပျက်စီးယိုယွင်း မသန့်မရှင်းရှိသည်ကို ငါတို့ရွှေနန်းရှင် ဆင်ဖြူများရှင် မင်းတရားမြင်တော်မူ၍ ကျောက်စာသံပိုင် စသည်တို့နှင့် ညှိနှိုင်းဆင်ခြင်၍ ယခုအခါ ရာဇဝင်သစ်ထိုးပေအံ့"ဟူ၍ ဖော်ပြထားသည်။

တွင်းသင်းမင်းကြီး၏နိဒါန်းအရ ရှေးရှိပြီးရာဇဝင်တို့သည် ကျောက်စာ၊ သံပိုင်စသည်တို့နှင့်မညီ၊ ထို့ကြောင့် ကျောက်စာ၊ သံပိုင်တို့ဖြင့် ညီညွတ်အောင် ညှိနှိုင်း၍ ရာဇဝင်သစ်ရေးရခြင်းဖြစ်ကြောင်း ဖော်ပြထား၏။ "မဟာစည်သူ ရာဇဝင်သစ်ထိုးဘိ"ဟု ဗဒုံမင်းကိုယ်တိုင် သုံးနှုန်းခဲ့သောကြောင့် မဟာရာဇဝင်သစ်ဟူသောအမည်သည် ဘိုးတော်ဗဒုံမင်းကိုယ်တိုင်ပေးခဲ့သော အမည်ဟုဆိုရပါမည်။ ရာဇဝင်သစ်မတိုင်မီက မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်၊ မြောက်နန်းကျောင်းရာဇဝင်၊ ရှင်တေဇောသာရ စသူတို့၏ ရာဇဝင်ကျမ်းရှိပြီးဖြစ်သောကြောင့် ဦးထွန်းညိုရေးသားပြုစုခဲ့သော ရာဇဝင်ကို မဟာရာဇဝင်သစ်ဟု အမည်ပေးခဲ့ခြင်းဖြစ်တန်ရာ၏။

**ရာဇဝင်သစ်မူကွဲများ**

ယခုအချိန်ထိ မဟာရာဇဝင်သစ်ကျမ်းမူကွဲ လေးစောင်ရှာဖွေတွေ့ရှိထားသည်။ ၎င်းတို့မှာ-

၁။ အမျိုးသားစာကြည့်တိုက် ပေအမှတ် (၂၀၈၉၊ ၂၀၉၀)ဟု မှတ်တမ်းတင်ထားသည့် ပေနှစ်ဆူ။
၂။ အမျိုးသားစာကြည့်တိုက် ပေအမှတ် (၁၄၇၂) ဟု မှတ်တမ်းတင်ထားသည့် ပေတစ်ဆူ။
၃။ စည်သူမောင်မောင်ကျော်ထံမှ ကူးယူထားသည် လက်ရေးမူ။ (ဆရာကြီးဒေါက်တာသန်းထွန်းထံတွင်ရှိခဲ့သည်။)
၄။ မြင်ကွန်းအလယ်တန်းကျောင်းတွင်ရှိသည့် ပေမှကူးယူထားသည့် လက်ရေးမူ။ (ဆရာကြီး ဒေါက်တာသန်းထွန်းထံတွင် ရှိခဲ့သည်)တို့ဖြစ်သည်။

ပထမမူသည် အင်္ဂါအရေအတွက်များလွန်းသောကြောင့် နှစ်ထုပ်ခွဲထားခြင်းဖြစ်ပြီး ပေအမှတ် (၂၀၈၉) ထုပ်သည် **က** အစ **ထီ** အဆုံး ၁၆ အင်္ဂါနှင့် လေးချပ်ရှိသည့် ကိုးကြောင်းရေးပေဖြစ်သည်။ မဟာသမ္မတမင်း အုပ်စိုးသည်မှ ပထမအင်းဝခေတ်ပျက်သည်ထိပါရှိ၏။ ပေအမှတ် (၂၀၉၀) ထုပ်သည် **ထု** အစ **ဂျ** အဆုံး ၁၉ အင်္ဂါနှင့် တစ်ချပ်ရှိသည့် ကိုးကြောင်းရေးပေဖြစ်သည်။ တောင်ငူတည်သည်မှ ညောင်ရမ်းပျက်သည်ထိပါ၏။

ဒုတိယမူသည် **က** အစ **နိ** အဆုံး ၁၉ အင်္ဂါနှင့် သုံးချပ်ရှိပြီး ဆယ်ကြောင်းရေးပေဖြစ်သည်။ မဟာသမ္မတမင်းမှ တပင်ရွှေထီးနတ်ရွာစံသည်ထိပါ၏။ ဤပေသည်အဆုံးထိမပါပေ။

တတိယမူသည် **ဈိ** အစ **ဏု** အဆုံးရှစ်အင်္ဂါနှင့် ဆယ်ချပ်ရှိပြီး ရှစ်ကြောင်းရေးပေမူဖြစ်သည်။ ညောင်ရမ်းခေတ် အနောက်ဘက်လွန်မင်း လက်ထက် မြန်မာသက္ကရာဇ် ၉၇၁ ခုနှစ်တွင် တောင်ငူသို့စစ်ချီရန် ပြင်ဆင်သည်မှ ညောင်ရမ်းခေတ်ဆုံးသည်ထိ ပါရှိသည်။ ဤမူမှာလည်း မစုံပေ။

စတုတ္ထမူသည် လက်ရေးမူဖြစ်ပြီး ရေးကူးသူက ပေအင်္ဂါ၊ စာကြောင်းရေ ရေးမှတ်မထားသဖြင့် ပေအင်္ဂါအရေအတွက်ကို မသိရပေ။ ထိုမူလေးမူတွင် အစုံဆုံးမူမှာ ပထမမူပင်ဖြစ်သည်။ ယခုဖော်ပြခဲ့သော မူလေးမူအပြင် နောက်ထပ်မူကွဲများလည်း ရှိနိုင်ပါသေးသည်။ အနယ်နယ်အရပ်ရပ်တွင် တိမ်မြုပ်နေခြင်းကြောင့်သာ မတွေ့ရခြင်းဖြစ်ပေမည်။ ရှာဖွေနိုင်က တွေ့နိုင်ပါသေးသည်။

**ပုံနှိပ်မူသို့**

ထိုကဲ့သို့ ပေမူ၊ လက်ရေးမူဖြင့် တိမ်မြုပ်နေခဲ့သော မဟာရာဇဝင်သစ်ကို သမိုင်းပညာရှင်ကြီးများက ပုံနှိပ်မူသို့ရောက်ရှိအောင် ကြိုးပမ်းခဲ့ကြ၏။ မဟာရာဇဝင်သစ်ပထမတွဲကို ဆရာကြီး ဦးမြင့်ဆွေ တည်းဖြတ်၍ ၁၉၆၈ခု နှစ်တွင် ထုတ်ဝေခဲ့သည်။ ပထမတွဲတွင် မဟာသမ္မတမင်းဆက်များ၊ မဇ္ဈိမဒေသမင်းဆက်များ၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝမင်းဆက်များအကြောင်းပါသည်။

ဒုတိယတွဲကိုသမိုင်းပါမောက္ခဒေါက်တာကျော်ဝင်းက တည်းဖြတ်၍ ၁၉၉၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဒုတိယတွဲတွင် တောင်ငူမင်းဆက်များ၊ မင်းကြီးညို၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ နန္ဒဘုရင်တို့အကြောင်းများပါ၏။ ထို့ကြောင့်လည်း မဟာရာဇဝင်သစ်ဒုတိယတွဲကို တောင်ငူဆက်ဟူ၍ အမည်တပ်ထားကြသည်။

မဟာရာဇဝင်သစ် တတိယတွဲကို ဆရာဦးသိန်းလှိုင်ကတည်းဖြတ်၍ ၁၉၉၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ မဟာရာဇဝင်သစ် တတိယတွဲတွင် ညောင်ရမ်းခေတ်မင်း ၁၀ ဆက်အကြောင်းပါ၏။ ယခုအခါတွင် မဟာရာဇဝင်သစ်သုံးတွဲကို ရာပြည့်စာအုပ်တိုက်က ပြန်လည်ပုံနှိပ် ထုတ်ဝေထားသဖြင့် အလွယ်တကူ ဝယ်ယူလေ့လာနိုင်ပြီဖြစ်သည်။

❖ မဟာရာဇဝင်သစ်ကျမ်းသည် ကုန်းဘောင်ခေတ်တွင် မင်းမိန့်ဖြင့် ပထမဆုံးပြုစုရသော ရာဇဝင်ကျမ်းဖြစ်သည်။ ပြုစုခဲ့သူမှာ ဦးထွန်းညိုဖြစ်သည်။ သက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ရာဇဝင်သစ်ကို ဦးထွန်းညိုက ဗဒုံမင်း၏အမိန့်ဖြင့် ရေးထိုးရကြောင်းကို ရာဇဝင်သစ်နိဒါန်း၌ "ရှေးပညာရှိတို့စီရင်ခဲ့သော ရာဇဝင်ကျမ်းတို့၌ ကျောက်စာသံပိုင်တို့နှင့်မညီ ပျက်စီးယိုယွင်း မသန့်မရှင်းရှိသည်ကို ငါတို့ရွှေနန်းရှင် ဆင်ဖြူများရှင် မင်းတရား မြင်တော်မူ၍ ကျောက်စာသံပိုင် စသည်တို့နှင့် ညှိနှိုင်းဆင်ခြင်၍ ယခုအခါ ရာဇဝင်သစ်ထိုးပေအံ့"ဟူ၍ဖော်ပြထားသည်။ ❖

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဒိုက်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၄၇၆ ဧက စိုက်ပျိုးပြီးစီး



**ရေဦး ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၉၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၆၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေလိုအပ်တဲ့ ပဲမျိုးကောင်းမျိုးသန့်တွေနဲ့ သွင်းအားစုတွေကိုလဲ ချိတ်ဆက်ပံ့ပိုးပေးခဲ့ပါတယ်။ ပဲတီစိမ်းတွေ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ၊ သဘာဝဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ငပုတောမြို့နယ်တွင် ဒေသထွက်ပိန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ငပုတော ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက်ပိန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဒေသထွက်ပိန်းဥများ ဇွန်လတတိယပတ်မှစတင်ပြီး ယနေ့တိုင် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါပိန်းဥများ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ထွက်တဲ့ ပိန်းဥအပါအဝင် လယ်ယာထွက်ကုန်တွေက ဒေသဈေးကွက်မှာကို အရောင်းအဝယ်ရှိပြီးသားဖြစ်တာကြောင့် ဝယ်လက်တွေက ကုန်စည်လိုသလောက်မရတဲ့ထိ ဖြစ်နေပါတယ်။ လက်ရှိရောင်းချနေတဲ့ ပိန်းဥတွေက အရည်အသွေး ကောင်းမွန်ပြီး လတ်ဆတ်တာကြောင့် စားသုံးသူများလာပြီး အရောင်းအဝယ် ကောင်းမွန်နေတာ ဖြစ်ပါတယ်။ ဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက်ဘက်က ဝယ်လက်တွေကလဲ မှာယူမှုတွေရှိနေပါတယ်"ဟု ငပုတောမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ငပုတောမြို့နယ်တွင် လတ်တလောအနေဖြင့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ ဒေသထွက်ပိန်းဥများကို ဒေသတွင်းကုန်စိမ်းဈေးကွက်အပြင် အခြားမြို့နယ်များနှင့် ရန်ကုန်ဈေးကွက်ဘက်သို့လည်း တင်ပို့ရောင်းချနေရပြီး အဆိုပါ ပိန်းဥများ အရောင်းအဝယ် ကောင်းမွန်နေသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဆူး

\- ဆူးစတစ်ချက်
စူးမြက်ဝေဒနာ သည်းခိုက်စွာတည့်
နာကျင်ပေရ ခံခက်လှ။

\- သစ်ဆူး ဝါးဆူး
နစ်စူးကာလျှင် ကြုံခိုက်စဥ်ဝယ်
စူးဝင်ဒဏ်ထက် ဆူးထွင်ချက်က
လက်တွေ့ကြုံရ ခံပြင်းလှစွာ
ဆူးစနုတ်ထွင် သက်ရောက်ငင်မှု
နာကျင်လွန်းစွ ဒဏ်သင့်ရငြား။

\- လောဘဆူး...
ဒေါသဆူး...
မောဟဆူး...
ထိုဆူးချက်တွေ နစ်စူးလေက
ထွင်လေဆိုးလေ ခံခက်လေနှင့်
ထွင်လေဖို့ခက် အဆိပ်တက်ရင်း
သွေးပျက်ကာပင် လမ်းမမြင်အောင်
ဇောင်သက်ရောက် လောင်းရိပ်အောက်မှာ
ဖောက်ပြန်မဆုံး သောကဖုံးစေ
ညှိုးချုံးကာလျှင် ဆူးဆိပ်ငင်၍
အဝင်နက်ရ ထွင်ခက်လှနှင့်
နွမ်းလျရင်ဝယ် ခါးသီးဖွယ်တည့်
ဘယ်လိုဆူးမှ မငြိခအောင်
ဘဝခဏ ရပ်တည်ရခိုက်
အတ္တစက်ဝန်း ရှောင်ဖယ်နင်း.....
ဆူးစဒဏ်သင့် ဝေးစေမင်း.....။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## နိုင်ငံတကာ သတင်းများ

# ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်လ်မန်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

**ရီယာ့ဒ် ဇူလိုင် ၉**

ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်လ်မန်သည် ဇူလိုင် ၈ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့၌ အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီနှင့် တွေ့ဆုံဆွေးနွေး ခဲ့ကြောင်း သိရသည်။

ဂျက်ဒါးမြို့ ဆွေးနွေးပွဲတွင် ဆော်ဒီအိမ်ရှေ့မင်းသားနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့သည် ဒေသတွင်းနောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇူလိုင် ၈ ရက် ဂျက်ဒါးခရီးစဉ်သည် အစ္စရေး-အီရန် ၁၂ ရက်ကြာ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီ၏ ပထမဆုံးဆော်ဒီအာရေဗျခရီးစဉ်ဖြစ်သည်။

ဆော်ဒီအာရေဗျ ခရီးစဉ်အတွင်း အီရန်နိုင်ငံခြားရေးဝန်ကြီးအာရက်ချီသည် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်ဘင်ဖာဟန်အယ်လ်ဆွတ်ဒ်၊ ဆော်ဒီကာကွယ်ရေးဝန်ကြီး ခါလစ်ဘင်ဆယ်လ်မန်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီး အာရက်ချီသည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပခဲ့သော ဘရစ်အုပ်စုထိပ်သီးညီလာခံတက်ရောက်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျသို့ဆက်လက်သွားရောက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ပြီးခဲ့သည့် ဇွန် ၁၃ ရက်တွင် အီရန်နျူကလီးယား အဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အစ္စရေးနှင့် အီရန်တို့ကြား ၁၂ ရက်ကြာ လေကြောင်းပဋိပက္ခဖြစ်ပွားခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



# မောင်းသူမဲ့လေယာဉ် ၇၂၈ စင်းဖြင့် ယူကရိန်းကို ရုရှားတပ်များတိုက်ခိုက်

**မော်စကို ဇူလိုင် ၉**

ရုရှားတပ်များသည် ဇူလိုင် ၈ ရက်ညပိုင်းတွင် ယူကရိန်းပစ်မှတ်များကို မောင်းသူမဲ့လေယာဉ် ၇၂၈ စင်းထိ စံချိန်တင်သုံးစွဲ၍ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ရေးအတွက် လက်နက်များ ပေးပို့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့ပြီးနောက် ရုရှားတပ်များက ယူကရိန်းနိုင်ငံကို မောင်းသူမဲ့လေယာဉ်များ စံချိန်တင်သုံးစွဲ၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်များ အနေဖြင့် ယူကရိန်းအနောက်ပိုင်း လပ်ခ်မြို့ကို အဓိကပစ်မှတ်အဖြစ် ထားရှိ၍ ဇူလိုင် ၈ ရက် မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လပ်ခ်မြို့သည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အုပ်စုဝင်နိုင်ငံဖြစ်သော ပိုလန်နိုင်ငံနှင့် ၁၂၅ မိုင်သာ ကွာဝေးသည့် ယူကရိန်းမြို့တစ်မြို့ဖြစ်သည်။

ရုရှား၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လပ်ခ်မြို့တွင်း၌ အဆောက်အအုံများ ပျက်စီးခဲ့ရသော်လည်း လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့ မရှိခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဇူလိုင် ၈ ရက် လေကြောင်းတိုက်ခိုက်မှုအတွင်း ရုရှားမောင်းသူမဲ့လေယာဉ်အများစုကို တားဆီးနိုင်ခဲ့ကြောင်း ယူကရိန်းလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

Ref : RT

Trs : KKO

# ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေးလက်ဗရော့ဗ် သုံးရက်ကြာခရီးစဉ်အဖြစ် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်



**မော်စကို ဇူလိုင် ၉**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် သုံးရက်ကြာ မြောက်ကိုရီးယားခရီးစဉ်ကို ဇူလိုင် ၁၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး၏ အဆိုပါခရီးစဉ်သည် ယူကရိန်း ပဋိပက္ခကာလအတွင်း မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ကြား ဆက်ဆံရေး ပိုမိုခိုင်မာလာမှုကို သက်သေပြလျက်ရှိသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်ကို မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက ဖိတ်ကြားထားကြောင်း မြောက်ကိုရီးယားအစိုးရ ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး၏ သုံးရက်ကြာ မြောက်ကိုရီးယားခရီးစဉ်အသေးစိတ်သတင်းအချက်အလက်များကို မသိရသေးကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လကလည်း ရုရှားအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဆာဂေးရှိုဂူးသည် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်၍ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ၂၀၂၄ ခုနှစ်ဇွန်လတွင် မြောက်ကိုရီးယားသို့ နောက်ဆုံးအကြိမ် ရောက်ရှိခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

# လိုက်ဘေးရီးယားမှတ်ပုံတင်ကုန်တင်သင်္ဘောကို ပင်လယ်နီ၌ ဟူသီအုပ်စုတိုက်ခိုက် သင်္ဘောပေါ်လိုက်ပါလာသူ သုံးဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိ

**ဒူဘိုင်း ဇူလိုင် ၉**

ပင်လယ်နီရေပြင်၌ ယီမင်အခြေစိုက် ဟူသီအုပ်စု၏တိုက်ခိုက်မှုခံခဲ့ရသော လိုက်ဘေးရီးယားမှတ်ပုံတင် ကုန်တင်သင်္ဘောပေါ်မှ အသက်ရှင်ကျန်ရစ်သူများကို နိုင်ငံတကာရေတပ်သင်္ဘောများက ယနေ့တွင် စတင်ရှာဖွေနေပြီဖြစ်သည်။

အီတာနတီစီအမည်ရှိ အဆိုပါကုန်တင်သင်္ဘောသည် ဟူသီအုပ်စု၏တိုက်ခိုက်မှုကြောင့် ယနေ့တွင် နစ်မြုပ်ခဲ့ပြီဖြစ်ကြောင်း ပင်လယ်ရေကြောင်းလောက သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

ဟူသီအုပ်စု၏တိုက်ခိုက်မှုကြောင့် အီတာနတီစီကုန်တင်သင်္ဘောပေါ်၌လိုက်ပါလာသူ ရေယာဉ်ဝန်ထမ်းများအနက် သုံးဦး သေဆုံး၍ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အီတာနတီစီကုန်တင်သင်္ဘောသည် ယခုနှစ်အတွင်း ဟူသီအုပ်စု၏တိုက်ခိုက်မှုခံခဲ့ရသော ဒုတိယမြောက် ကုန်တင်သင်္ဘောဖြစ်သည်။

ဟူသီသူပုန်အုပ်စုသည် ဇူလိုင် ၆ ရက်ကလည်း ဂရိပိုင်ကုန်တင်သင်္ဘောတစ်စီးကို တိုက်ခိုက်ခဲ့သည်။

ဟူသီအုပ်စုသည် ဂါဇာကမ်းမြောင်ပဋိပက္ခ စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ်အောက်တိုဘာလနောက်ပိုင်း ပင်လယ်နီရေပြင်အတွင်း သွားလာနေသော သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့ပြီး ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ တိုက်ခိုက်မှုများ ယာယီရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အိန္ဒိယအနောက်ပိုင်း၌ မြစ်ကူးတံတားတစ်စင်းပြိုကျမှုဖြစ်ပွား အနည်းဆုံး လူပေါင်း ကိုးဦး သေဆုံး

**ဒေလီ ဇူလိုင် ၉**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ ယနေ့တွင် မြစ်ကူးတံတားတစ်စင်းပြိုကျခဲ့ရာ အနည်းဆုံးလူပေါင်း ကိုးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ယာဉ်အများအပြား သွားလာနေချိန်တွင် တံတားပြိုကျခဲ့ခြင်းဖြစ်ရာ မြစ်ထဲသို့မော်တော်ယာဉ်အချို့ထိုးကျခဲ့ရကြောင်း ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ် ရှုရီကတ်ရှ်ပတဲလ်က ပြောကြားခဲ့သည်။



အဆိုပါမြစ်ကူးတံတားပြိုကျမှုသည် ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သော ဗာဒိုဒါရာခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြိုကျခဲ့သည့် တံတားသည် ၁၉၈၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် မြစ်ကူးတံတားဖြစ်ကြောင်း ဂူဂျာရတ်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏အခြေခံအဆောက်အအုံများသည် ဘေးကင်းလုံခြုံမှုဆိုင်ရာ ပြဿနာများနှင့် ရှေးယခင်ကပင် ရင်ဆိုင်ခဲ့ရပြီး တစ်ခါတစ်ရံ အဝေးပြေးလမ်းနှင့် တံတား မတော်တဆမှုများ ဖြစ်ပွားတတ်သည်။


၂၀၂၂ ခုနှစ်ကလည်း ဂူဂျာရတ်ပြည်နယ်၌ နှစ် ၁၀၀ သက်တမ်းရှိ ကြိုးဆိုင်းတံတားတစ်စင်းပြုတ်ကျခဲ့ရာ အနည်းဆုံးလူပေါင်း ၁၃၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## မိခင်ကြယ်နှင့်အလွန်အမင်းနီးကပ်မှုကြောင့် ပျက်သုဉ်းရမည့်အရေးဖြင့် ရင်ဆိုင်နေရသည့် ဓာတ်ငွေ့ဂြိုဟ်ကြီးတစ်စင်းကို သိပ္ပံပညာရှင်များ စောင့်ကြည့်နေ



**အမ်စတာဒမ် ဇူလိုင် ၉**

မိခင်ကြယ်နှင့် အလွန်အမင်းနီးကပ်မှုကြောင့် ပျက်သုဉ်းရမည့် အရေးဖြင့် ရင်ဆိုင်နေရသည့် နေအဖွဲ့အစည်းပြင်ပ ဓာတ်ငွေ့ဂြိုဟ်ကြီးတစ်စင်းကို သိပ္ပံပညာရှင်များက စောင့်ကြည့်နေကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

HIP 67522 b ဟူ၍ အမည်ပေးထားသည့် အဆိုပါဓာတ်ငွေ့ဂြိုဟ်သည် HIP 67522 အမည်ရှိ သက်နုကြယ်တစ်စင်းကို ခုနစ်ရက်လျှင် တစ်ပတ်ကျ အနီးကပ်လှည့်ပတ်လျက်ရှိသည်။

သို့ရာတွင် အလွန်အမင်းနီးကပ်သဖြင့် HIP 67522 ကြယ်မျက်နှာပြင်မှ ထွက်ပေါ်လာသည့် ဖြာထွက်ရောင်ခြည်များ ရိုက်ခတ်မှုကြောင့် HIP 67522 b ဂြိုဟ်၏ လေထုလွှာကို ဖျက်ဆီးနေပုံရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

HIP 67522 b ဂြိုဟ်သည် အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းအတွင်းရှိ ကြာသပတေးဂြိုဟ်နှင့်အရွယ်ချင်း အတူတူလောက်ပင်ရှိသော်လည်း ဒြပ်ထုမှာ ကြာသပတေးဂြိုဟ်ဒြပ်ထု၏ ငါးရာခိုင်နှုန်းမျှသာ ရှိကြောင်းနယ်သာလန် သိပ္ပံပညာရှင်များက ပြောကြားသည်။

HIP 67522 ကြယ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၇ သန်းမျှသာရှိသည့် သက်နုကြယ်တစ်စင်းဖြစ်သည်။

အဆိုပါကြယ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၀၇ နှစ်အကွာမှ စင်တောရပ်စ်နက္ခတ်တာရာနယ်မြေအတွင်း တည်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်က အင်္ဂါဂြိုဟ်မြေမျက်နှာပြင်အောက်ရှိ ရေဓာတ်ကိုရှာဖွေရာတွင် ရေဒါစနစ်ကိုအသုံးပြုနိုင်ရေးအတွက် ကိုယ်ထည်ကို လူးလိမ့်ပျံသန်းနိုင်စွမ်းရှိ

**ဝါရှင်တန် ဇူလိုင် ၉**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်သည် အင်္ဂါဂြိုဟ်မြေမျက်နှာပြင်အောက်ရှိ ရေဓာတ်ကိုရှာဖွေရာတွင် ရေဒါစနစ်ကို ထိထိရောက်ရောက် အသုံးပြုနိုင်ရေးအတွက် ကိုယ်ထည်ကို လူးလိမ့်ပျံသန်းနိုင်စွမ်းရှိလာပြီဖြစ်ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ်မြေမျက်နှာပြင်ပေါ်ရှိ ရေဓာတ်ကိုရှာဖွေရာတွင် ကိုယ်ထည်ကို လူးလိမ့်ပျံသန်းတတ်ရေးအတွက် နာဆာကျွမ်းကျင်သူများက အင်္ဂါဂြိုဟ်ကင်းထောက် အာကာသယာဉ်ကို လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ကိုယ်ထည်ကို လူးလိမ့်ပျံသန်းနိုင်စွမ်းရှိလာမှုကြောင့် အင်္ဂါဂြိုဟ်ကင်းထောက် အာကာသယာဉ်သည် SHARD အမည်ရှိ ရေဒါစနစ်ဖြင့် အင်္ဂါဂြိုဟ်မျက်နှာပြင်အောက်ရှိ ရေခဲများကို ထိရောက်စွာ ထောက်လှမ်းရှာဖွေနိုင်စွမ်းရှိလာမည်ဖြစ်သည်။



SHARD ရေဒါစနစ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်အနက် ၁ ဒသမ ၂ ထိ ထွင်းဖောက်စူးစမ်းနိုင်သော ရေဒါဖြစ်သည်။

လက်ရှိအချိန်တွင် အင်္ဂါဂြိုဟ်ကင်းထောက် အာကာသယာဉ်သည် ဒီဂရီ ၁၂၀ ထိ ကိုယ်ထည်ကို လှည့်၍ ပျံသန်းနိုင်စွမ်းရှိနေပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ် ကင်းထောက်အာကာသယာဉ်သည် ၂၀၀၆ ခုနှစ်မှစ၍ အင်္ဂါဂြိုဟ်ကိုစတင်လေ့လာခဲ့သည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## တူနီးရှားနိုင်ငံနှင့် အယ်လ်ဂျီးရီးယားနိုင်ငံ၌ ရှာဖွေတွေ့ရှိထားသော ဥက္ကာခဲများက ဗုဒ္ဓဟူးဂြိုဟ်၏ အစိတ်အပိုင်းများဖြစ်နိုင်

**လန်ဒန် ဇူလိုင် ၉**

တူနီးရှားနိုင်ငံနှင့် အယ်လ်ဂျီးရီးယားနိုင်ငံ၌ ရှာဖွေတွေ့ရှိထားသော ဥက္ကာခဲများသည် ဗုဒ္ဓဟူးဂြိုဟ်၏ အစိတ်အပိုင်းများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် Ksar Ghilane 022 အမည်ရှိ ဥက္ကာခဲနှင့် Northwest Africa 15915 အမည်ရှိ ဥက္ကာခဲကို ဗြိတိန်သိပ္ပံပညာရှင်များက စူးစမ်းလေ့လာလျက်ရှိကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ ဥက္ကာခဲနှစ်ခဲ၏ ဓာတုဖွဲ့စည်းပုံများသည် ဗုဒ္ဓဟူးဂြိုဟ်ဓာတုဖွဲ့စည်းပုံများနှင့် ကိုက်ညီနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အထက်ပါဥက္ကာခဲနှစ်ခဲသည် ကမ္ဘာပေါ်၌ ပထမဆုံးတွေ့ရှိရသည့် ဗုဒ္ဓဟူးဂြိုဟ် အစိတ်အပိုင်းများဖြစ်နိုင်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အလေးချိန် ကီလိုဂရမ် ၅၀ ရှိသော Ksar Ghilane 022 ဥက္ကာခဲကို တူနီးရှားနိုင်ငံ၌ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အလေးချိန် ၂ ဒသမ ၈၄ ကီလိုဂရမ်ရှိ Northwest Africa 15915 ဥက္ကာခဲကိုမူ အယ်လ်ဂျီးရီးယားနိုင်ငံ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဥက္ကာခဲနှစ်ခဲ၏ သက်တမ်းမှာ နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့် ရှိပြီဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ကိုယ်တွင်းအဆီဓာတ်စုစည်းမှု လွန်ကဲသော အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်နိုင်

**ဂျီနီဗာ ဇူလိုင် ၉**

ကိုယ်တွင်းအဆီဓာတ်စုစည်းမှုလွန်ကဲများပြားသော အမျိုးသမီးများတွင် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေပုံမှန်ထက် ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန်လွန်ကဲမှုသည် ရင်သားကင်ဆာဖြစ်နိုင်ခြေနှင့် ဆက်စပ်နေကြောင်း သိရသည်။

အထူးသဖြင့် ကိုယ်အလေးချိန်လွန်ကဲမှုကြောင့် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေသည် နှလုံးရောဂါအခံရှိသူ အမျိုးသမီးများ၌ ပို၍မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း(BMI)၌ တစ်စတုရန်းမီတာလျှင် ငါးကီလိုဂရမ် အလေးချိန်တိုးလာတိုင်း နှလုံးရောဂါအခံရှိသည့်အမျိုးသမီးများတွင် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းထိ မြင့်တက်လာတတ်ကြောင်း သိရသည်။

အလားတူ နှလုံးရောဂါအခံမရှိသည့် အမျိုးသမီးများတွင်မူ အထက်ပါအတိုင်း ကိုယ်အလေးချိန်တိုးလာပါက ရင်သားကင်ဆာဖြစ်နိုင်ခြေ ၁၃ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## သက်ကြီးပိုင်းများနှင့် ကိုယ်ဝန်ဆောင်များစွာတို့ ထိုးနှံနေကြရသည့် ကာကွယ်ဆေးတစ်မျိုးက အာရုံနှာဗ်ဆဲလ်ရောဂါတစ်မျိုးနှင့် ဆက်စပ်နေ

**လန်ဒန် ဇူလိုင် ၉**

သက်ကြီးပိုင်းများနှင့်ကိုယ်ဝန်ဆောင်မိခင် သန်းပေါင်းများစွာတို့ ထိုးနှံနေကြရသည့် ကာကွယ်ဆေးသစ်တစ်မျိုးသည် Guillain-Barre Syndrome ခေါ် အာရုံနှာဗ်ဆဲလ်ရောဂါတစ်မျိုးနှင့် ဆက်စပ်နေကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

ဗြိတိန်အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဌာန သုတေသနပညာရှင်များ၏ အဆိုအရ RSV ခေါ် ဗိုင်းရပ်တစ်မျိုးကို ကာကွယ်ပေးသော ကာကွယ်ဆေးသစ် တစ်မျိုးမှာ Guillain-Barre Syndrome ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

Guillain-Barre Syndrome ရောဂါသည် အဖြစ်နည်းလှသော်လည်း ဖြစ်ပွားပါက အရေးပေါ်ကုသမှုခံယူရန်လိုအပ်သည့် ရောဂါတစ်မျိုးဖြစ်သည်။

RSV ကာကွယ်ဆေးထိုးနှံထားသူများအနက် အသက် ၆၀ အထက် လူနာ ၂၁ ဦးတွင် Guillain-Barre Syndrome ရောဂါဖြစ်ပွားခဲ့ပြီးနောက် ဗြိတိန်သုတေသနပညာရှင်များ၏ သတိပေးချက်ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

Guillain-Barre Syndrome ရောဂါနှင့် ဆက်စပ်နေနိုင်ဖွယ်ရှိသည့် RSV ကာကွယ်ဆေးနှစ်မျိုးမှာ Abrysvo RSV ကာကွယ်ဆေးနှင့် Arexvy RSV ကာကွယ်ဆေးများဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



နိုင်ငံတကာ

အားကစားသတင်းများ

## ဂျူဗင်တပ်အသင်းသို့ပြောင်းရွှေ့ရန် လုပ်ခလစာလျှော့ယူမည်ဟု ဆန်ချိုပြောကြား

မန်ချက်စတာ ဇူလိုင် ၉

တိုက်စစ်မှူး ဆန်ချိုသည် မန်ယူအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန်ကမ်းလှမ်းခဲ့ရာတွင် ၎င်းအနေဖြင့် လုပ်ခလစာလျှော့ယူရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆန်ချိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းသို့ အပြီးသတ်ဝယ်ယူခွင့်ပါသည့် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း စာချုပ်ကုန်ဆုံးချိန်တွင် ချဲလ်ဆီးအသင်းက ကစားသမား၏ခြေစွမ်းပိုင်းပေါ် နှစ်သက်မှုမရှိသောကြောင့် မန်ယူအသင်းသို့ ပြန်လည်စေလွှတ်ခဲ့ပြီး မန်ယူအသင်းကလည်း စတာလင်ပေါင် ၂၅ သန်းဝန်းကျင်ဖြင့် အပြီးသတ်ရောင်းချရန် အရောင်းစာရင်းတင်သွင်းခဲ့သည်။

အစောပိုင်းက စီးရီးအေကလပ် ဂျူဗင်တပ်အသင်းက ဆန်ချိုကိုခေါ်ယူရန် ဆန္ဒရှိသော်လည်း ကစားသမား၏လုပ်ခလစာ မြင့်မားမှုကြောင့် ကမ်းလှမ်းမှုကြန့်ကြာနေသဖြင့် ဆန်ချိုက ၎င်းအနေဖြင့် လက်ရှိရရှိနေသည့် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၀၀၀၀၀ မှ တစ်နှစ်လျှင် စတာလင်ပေါင် ခုနစ်သန်းထိ လျှော့ယူရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းက ဆန်ချိုကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၈၀၀၀၀ ဝန်းကျင်သာ ပေးချေရမည်ဖြစ်သောကြောင့် ခေါ်ယူနိုင်ရန် မန်ယူအသင်းနှင့် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နည်းပြအာမိုရင်ကလည်း ဆန်ချိုကို အသင်းသစ်ရှာဖွေရေးအတွက် လေ့ကျင့်ရေးအစီအစဉ်မှချန်လှပ်၍ ကြိုးပမ်းခွင့်ပေးထားသဖြင့် ကစားသမားအနေဖြင့် ဂျူဗင်တပ်အသင်းသို့ လုပ်ခလစာ အများအပြားလျှော့ယူ၍ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ရပြီး မန်ယူအသင်းကလည်း လာမည့် ဇူလိုင် ၁၉ ရက်တွင် ကစားမည့် လိဒ်အသင်းနှင့် ခြေစမ်းပွဲစဉ်တွင် ဆန်ချိုကို အသင်းလူစာရင်း၌ ထည့်သွင်းခဲ့ခြင်း မရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## ဖီဖာကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲသို့ ချဲလ်ဆီးအသင်း တက်ရောက်



လန်ဒန် ဇူလိုင် ၉

ဖီဖာကလပ် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဘရာဇီးကလပ် ဖလူမီနန့်စီအသင်းနှင့် ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချဲလ်ဆီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဆီမီးဖိုင်နယ် အဆင့်တွင် နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများကြောင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ချဲလ်ဆီးအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့သည့်အပြင် တိုက်စစ်ပိုင်းတွင် အသစ်ခေါ်ယူထားသည့် ဂျာအိုပက်ထရိုကို ထည့်သွင်းအသုံးပြုခဲ့ရာ ဖလူမီနန့်စီအသင်းက ပက်ထရိုကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် ၁၈ မိနစ်တွင် ဦးဆောင်ဂိုးပေးခဲ့ရသဖြင့် ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းခဲ့ရာ ပွဲချိန် ၃၆ မိနစ်တွင် ဖလူမီနန့်စီအသင်း ပင်နယ်တီရရှိရန် အခွင့်အရေးရခဲ့သော်လည်း VAR ဖြင့် ပယ်ဖျက်ခဲ့သောကြောင့် ပထမပိုင်းတွင် ချဲလ်ဆီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည်။

ဒုတိယပိုင်းတွင် ဖလူမီနန့်စီအသင်း လူစားလဲမှုများပြုလုပ်၍ ချေပဂိုးရရှိရန် တိုက်စစ်ကစားပုံမြှင့်တင်ခဲ့သော်လည်း တိုက်စစ်မှူး ဂျာအိုပက်ထရိုကို တားဆီးနိုင်ခြင်းမရှိခဲ့ဘဲ ပွဲကစားချိန် ၅၆ မိနစ်တွင် ပင်နယ်တီဧရိယာပြင်ပမှ ရရှိလာသည့်ဘောလုံးကို အပြင်းကန်သွင်းခဲ့ရာ ဒုတိယဦးဆောင်ဂိုး ရရှိခဲ့သောကြောင့် လက်ကျန်ပွဲချိန်များတွင် ချဲလ်ဆီးအသင်းက ပြိုင်ပွဲကို ထိန်းချုပ်နိုင်ခဲ့သဖြင့် နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်ကို လာမည့် ဇူလိုင် ၁၄ ရက်တွင် ကစားရမည်ဖြစ်သော်လည်း ချဲလ်ဆီးအသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် ဗိုလ်လုပွဲတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## လာမည့်နှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အဆင့်သတ်မှတ်ချက်အပေါ်မူတည်၍ အကျိုးခံစားခွင့်ပေးမည်ဟု ယူအီးအက်ဖ်အေထုတ်ပြန်

ဇူးရစ် ဇူလိုင် ၉

ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့် ဒုတိယအကျော့ ပွဲစဉ်များတွင် အိမ်ကွင်း အဝေးကွင်းဆုံးဖြတ်ချက်အတွက် အငြင်းပွားဖွယ်ရာများဖြစ်ပွားခဲ့ပြီးနောက် လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအမှတ်ပေးဇယား ရပ်တည်မှုအရ အဆင့်သတ်မှတ်ချက်ပေါ် မူတည်၍ အကျိုးခံစားခွင့်ပေးသွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေက အတည်ပြုထုတ်ပြန်ခဲ့သည်။

ယခင်က ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်ကို Random သတ်မှတ်ပေးခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက အငြင်းပွားဖွယ်ရာများ ဖြစ်ပွားခဲ့သောကြောင့် အဆိုပါစည်းမျဉ်းကို ပြောင်းလဲရန် မေလကတည်းက ယူအီးအက်ဖ်အေက ထုတ်ဖော်ပြောကြားခဲ့ပြီး လက်ရှိတွင် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူအီးအက်ဖ်အေ သတ်မှတ်ချက်တွင် အုပ်စုအဆင့် အမှတ်ပေးဇယားပြီးဆုံးချိန်တွင် အဆင့်(၁)မှ အဆင့်(၂)တွင် ရပ်တည်နိုင်သည့် ကလပ်အသင်းများက ရှုံးထွက်အဆင့်ပွဲစဉ်များတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်သည်ထိ ဒုတိယအကျော့ပွဲစဉ်ကို အိမ်ကွင်းတွင် ကစားခွင့်ရရှိမည်ဖြစ်ပြီး အဆင့်(၃)နှင့် အဆင့်(၄)တွင် ရပ်တည်နိုင်သည့် အသင်းများက ၁၆ သင်းအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များတွင် ဒုတိယအကျော့ပွဲစဉ်ကို အိမ်ကွင်းတွင် ကစားခွင့်ရရှိမည်ဟု ထုတ်ပြန်ထားသည်။




ပြီးခဲ့သည့် ဘောလုံးရာသီက အဆင့်(၃)တွင် ရပ်တည်နိုင်ခဲ့သည့် အာဆင်နယ်အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် အဆင့်(၁၅)မှ ပီအက်စ်ဂျီအသင်းနှင့် ကစားခဲ့ရသော်လည်း ဒုတိယအကျော့ပွဲစဉ်ကို ပီအက်စ်ဂျီအသင်းအိမ်ကွင်း၌ ကစားခဲ့ရသောကြောင့် အငြင်းပွားဖွယ်ရာများ ဖြစ်ပေါ်ခဲ့ပြီးနောက် ယူအီးအက်ဖ်အေက ယခုကဲ့သို့ စည်းမျဉ်းသစ်ကိုပြောင်းလဲရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက ဘင်ဖီကာအသင်းမှ အသက် ၂၂ နှစ်ရှိ လူငယ်ကစားသမား ကာရီးရက်စ်ကို ခေါ်ယူရန် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၄၂ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သောကြောင့် မန်ယူအသင်းအနေဖြင့် ကစားသမားကို ဘင်ဖီကာအသင်းသို့ ရောင်းချစဉ်တွင် ပြန်လည်ရောင်းချပါက ၂၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပါရှိခဲ့သောကြောင့် စတာလင်ပေါင် ၈ ဒသမ ၄ သန်းထိ ရရှိမည်ဖြစ်သည်။
- စပိန်လာလီဂါအဖွဲ့ချုပ်က လာမည့်နှစ် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်ဇယားများထုတ်ပြန်ခဲ့ရာ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားနေသည့် ရီးရဲလ်မက်ဒရစ်အသင်းက ၎င်းတို့အသင်းအနေဖြင့် အနားယူချိန်ပိုမိုရရှိရန်အတွက် လာမည့် ဩဂုတ် ၁၉ ရက်တွင် ကစားရမည့် အိုဆာဆူနာအသင်းနှင့် အဖွင့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ML

## ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဆာဘာလင်ကာတက်ရောက်

လန်ဒန် ဇူလိုင် ၉

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ဂျာမနီတင်းနစ်မယ် စီဂျီမွန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၄-၆၊ ၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် နောက်မှ လိုက်ကစားခဲ့ရခြင်းဖြစ်ပြီး ဖိအားများဖြင့် ကစားခဲ့ရသော်လည်း အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့သည်။



ပထမပွဲငယ်တွင် စီဂျီမွန်က စွမ်းဆောင်ရည်အသာဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်တွင် ဆာဘာလင်ကာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ကာ အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယမြောက်ပွဲငယ်တွင် အကြိတ်အနယ် ကစားခဲ့ပြီးမှ စီဂျီမွန်အား အနိုင်ရရှိခဲ့သည်။

ဆာဘာလင်ကာသည် ရိုက်ချက်အားကောင်းသည့် တင်းနစ်မယ်ဖြစ်ပြီး စီဂျီမွန်က တင်းနစ်ကျွမ်းကျင်မှုကို အသားပေးကစားသည့် တင်းနစ်မယ်ဖြစ်သည်။

ဆာဘာလင်ကာက “စီဂျီမွန် ကစားသွားတာ အရမ်းကောင်းတယ်။ စီဂျီမွန်ကစားတဲ့ ကစားဟန်က ကျွမ်းကျင်မှုကိုအသားပေးတဲ့အတွက် ယှဉ်ပြိုင်ကစားရတာ အရမ်းကိုခက်ခဲပါတယ်။ ခက်ခဲတဲ့ ပြိုင်ဘက်ကို အနိုင်ရခဲ့လို့ ဝမ်းသာပါတယ်။ ပရိသတ်တွေရဲ့ အားပေးမှုကလဲ အားရကျေနပ်စရာကောင်းပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နာအိုယာနှင့်ပွဲစဉ်သည် ဂျပန်လက်ဝှေ့လောက၏ ရာစုနှစ်အတွင်း အကောင်းဆုံးဖြစ်လာနိုင်ကြောင်း နာကာတာနီပြောကြား



တိုကျို ဇူလိုင် ၉

WBA (Super)၊ WBC၊ IBF၊ WBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ နာအိုယာနှင့် WBC ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ နာကာတာနီတို့ ထိုးသတ်ရန် ကနဦးအဆင့် သဘောတူညီချက်ရရှိခဲ့ပြီး အပြီးသတ်ဆွေးနွေးမှု ပြုလုပ်ပြီးပါက ထိုးသတ်သွားမည့်နေရာနှင့် အချိန်ကို သတ်မှတ်သွားမည်ဖြစ်ကြောင်း နာကာတာနီက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန် လက်ဝှေ့လောက၏ အကောင်းဆုံးနှင့် အအောင်မြင်ဆုံးသော လက်ဝှေ့သမားနှစ်ဦး၏ ထိပ်တိုက်တွေ့မည့် ပွဲစဉ်ဖြစ်လာမည်ဖြစ်သလို ဂျပန်လက်ဝှေ့လောက၏ ရာစုနှစ်အတွင်း အကောင်းဆုံး လက်ဝှေ့ပွဲစဉ်ဖြစ်လာနိုင်သည်။

နာကာတာနီအနေဖြင့် နာအိုယာအား အနိုင်ထိုးသတ်နိုင်ပါက ဂျပန်လက်ဝှေ့လောက၏ အကောင်းဆုံး လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံရမည်လည်းဖြစ်သည်။

စာချုပ်တွင် လက်မှတ်ရေးထိုးရခြင်းမရှိသေးသော်လည်း နာကာတာနီအနေဖြင့် စိန်ခေါ်ပွဲအတွက် အကောင်းဆုံးပြင်ဆင်နေကြောင်း ပြောကြားခဲ့သည်။

နာကာတာနီက "နာအိုယာဟာ လက်ဝှေ့လောကမှာ အောင်မြင်မှုများစွာဆွတ်ခူးထားတဲ့ လက်ဝှေ့သမားတစ်ယောက်ဖြစ်သလို သူ့ရဲ့ အောင်မြင်မှုသမိုင်းကလဲ အံ့အားသင့်စရာကောင်းတဲ့ အောင်မြင်မှုမျိုးဖြစ်ပါတယ်။ နာအိုယာနဲ့ ထိုးသတ်သွားဖို့ဆိုတာက မလွယ်ကူတဲ့ကိစ္စဖြစ်ပါတယ်။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ကတော့ ဒီလိုပြိုင်ဘက်မျိုးနဲ့ ထိုးသတ်သွားချင်တာ အလိုချင်ဆုံးဆန္ဒတစ်ခုဖြစ်သလို အဖြစ်ချင်ဆုံးအရာဖြစ်ပါတယ်။ သူနဲ့ထိုးသတ်သွားဖို့အတွက် ကျွန်တော်နေ့တိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်နေပါတယ်။ လက်ဝှေ့အားကစားဆိုတာက ကြိုးဝိုင်းထဲမှာ ကိုယ်ဘာလုပ်နိုင်သလဲဆိုတာကို ပြသရတဲ့ အားကစားလို့ ကျွန်တော်ယုံကြည်ထားတယ်။ တစ်ရက်ထက်တစ်ရက်ပိုပြီးတော့ တိုးတက်ကောင်းမွန်လာအောင် အကောင်းဆုံးကြိုးစားနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# The Amundi Evian Championship ပြိုင်ပွဲတွင် ဂျင်မ်ယန်းကို ယှဉ်ပြိုင်မည်

ပဲရစ် ဇူလိုင် ၉

ပြင်သစ်နိုင်ငံတွင်ကျင်းပသွားမည့် The Amundi Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်မ်ယန်းကိုက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျင်မ်ယန်းကိုသည် ၂၀၁၉ ခုနှစ်က The Amundi Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ဖူးသူဖြစ်ပြီး အခြားသော တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်တချို့ကလည်း The Amundi Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ဖူးကြသည်။

၂၀၁၀ ပြည့်နှစ်တွင် ရှင်ဂျီယိုင်၊ ၂၀၁၂ ခုနှစ်တွင် ပက်ခ်အင်ဘီ၊ ၂၀၁၄ ခုနှစ်တွင် ကင်မ်ဟိုဂျိုနှင့် ၂၀၁၆ ခုနှစ်တွင် ချန်အင်ဂီတို့က ချန်ပီယံဆုအား ဆွတ်ခူးခဲ့ဖူးကြသည်။

The Amundi Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်များ မှတ်တမ်းကောင်းရရှိထားကြပြီး ဂျင်မ်ယန်းကိုကလည်း ချန်ပီယံဆုအား ဒုတိယအကြိမ် ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလာခဲ့သည်။

ဂျင်မ်ယန်းကိုက "ဒီနှစ်အတွင်းမှာတော့ ရလဒ်တွေ သိပ်မကောင်းခဲ့သလို အောင်မြင်မှုတွေနဲ့ ဝေးကွာနေရတယ်။ ရိုက်ချက်တွေ တော်တော်များများကလဲ Green နဲ့လွဲခဲ့တယ်။ ဒါပေမဲ့လဲ ကျင်းစိမ်တဲ့အပိုင်းမှာတော့ ကောင်းမွန်ခဲ့ပါတယ်။ The Amundi Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ Green မလွဲအောင် ရိုက်နိုင်ရင်တော့ မျှော်လင့်နေတဲ့ အောင်မြင်မှုကို ရယူနိုင်လိမ့်မယ်။ The Amundi Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ရလဒ်ကောင်းတွေ ရယူနိုင်လိမ့်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ဘရန့်ဖို့ဒ်အသင်းက လစ်လပ်နေသည့်နည်းပြရာထူးအတွက် နည်းပြပိုစတီကိုဂလူကို ခန့်အပ်ရန် ဆွေးနွေး

လန်ဒန် ဇူလိုင် ၉

ဘရန့်ဖို့ဒ်အသင်းက နည်းပြ သောမတ်ဖရန့် ထွက်ခွာခဲ့ပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြသစ် ရာထူးအတွက် စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူကိုခန့်အပ်ရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

ဘရန့်ဖို့ဒ်အသင်း နည်းပြဟောင်း သောမတ်ဖရန့်သည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် စပါးအသင်းသို့ပြောင်းရွှေ့ခဲ့သည့်အတွက် နည်းပြနေရာ လစ်လပ်နေခြင်းဖြစ်သည်။

ဘရန့်ဖို့ဒ် အသင်းသည် မကြာမီ လာမည့်ဘောလုံးရာသီအတွက် ရာသီကြိုပြင်ဆင်မှုများ လုပ်ဆောင်မည် ဖြစ်သည့်အတွက် လစ်လပ်နေသည့် နည်းပြရာထူးအတွက် ကလပ်အသင်းလက်မှဲ့ဖြစ်နေသည့် နည်းပြ ပိုစတီကိုဂလူကို ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူသည်လည်း စပါးအသင်းကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ယခုနှစ်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်များဆိုးရွားခဲ့ပြီး အဆင့်(၁၇)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သောကြောင့် ရာသီအကုန်တွင် စပါးအသင်း နည်းပြရာထူးမှ ထုတ်ပယ် ခံခဲ့ရသည့်အတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူသည်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းတစ်သင်းကို တာဝန်ယူ ကိုင်တွယ်လိုနေသည့်အတွက် ဘရန့်ဖို့ဒ်အသင်း နည်းပြအဖြစ် ပရီးမီးယားလိဂ် ပြိုင်ပွဲသို့ တစ်ကျော့ပြန်လည် ရောက်ရှိလာဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဂိုကာရက်စ်အတွက် အာဆင်နယ်၏ ဒုတိယအကြိမ်ကမ်းလှမ်းမှု စပို့တင်းလစ္စဘွန်းအသင်း ပယ်ချ



လန်ဒန် ဇူလိုင် ၉

အာဆင်နယ်အသင်းက ဂိုကာရက်စ်ကိုခေါ်ယူရန် ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး ဒုတိယအကြိမ် ကမ်းလှမ်းခဲ့သော်လည်း စပို့တင်းလစ္စဘွန်းအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းက အသင်းတိုက်စစ်ပိုင်း အင်အားဖြည့်တင်းရန်အတွက် လိုက်ပ်ဇစ်အသင်းမှ ဆက်ကိုအားခေါ်ယူရန် ခက်ခဲနေသည့်အတွက် ဂိုကာရက်စ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး ဂိုကာရက်စ် ကိုယ်တိုင်ကလည်း အာဆင်နယ်အသင်းထံပြောင်းရွှေ့ကစားလိုနေသည့်အတွက် ကစားသမားနှင့် သဘောတူညီမှုရရှိထားသော်လည်း စပို့တင်းလစ္စဘွန်းအသင်းနှင့် ညှိနှိုင်းမှုအဆင်မပြေဖြစ်နေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက ဂိုကာရက်စ်ကိုခေါ်ယူရန် ပထမအကြိမ်အဖြစ် စတာလင်ပေါင် ၅၁ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း စပို့တင်းလစ္စဘွန်းအသင်းက ပယ်ချခဲ့ပြီး ဒုတိယအကြိမ်အဖြစ် စတာလင်ပေါင် ၆၉ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ထပ်မံပယ်ချခဲ့ခြင်းဖြစ်သည်။

ဂိုကာရက်စ်နှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ စာချုပ်သက်တမ်းမှာ ကျန်ရှိနေသကဲ့သို့ အစောပိုင်းက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၆၀ သာရှိသော်လည်း စပို့တင်းလစ္စဘွန်းအသင်းက စတာလင်ပေါင် သန်း ၆၀ မဟုတ်ဘဲ စတာလင်ပေါင် ၈၅ သန်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဂိုကာရက်စ် ကိုယ်တိုင်က အသင်းမှ ထွက်ခွာခွင့်တောင်းဆိုထားပြီး စာချုပ်ဖျက်သိမ်းကြေးကို ပြင်ဆင်ခဲ့သည့်အတွက် စပို့တင်းလစ္စဘွန်း အသင်းနှင့် ဂိုကာရက်စ်တို့ အကြားတွင်လည်း ဆက်ဆံရေးတင်းမာမှုများရှိနေပြီး ဂိုကာရက်စ်က အသင်းနှင့်မပူးပေါင်းဘဲ ဆန့်ကျင်ရန်အတွက် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ဒဏ်ရာကြောင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ကာစီဒို လွဲချော်ဖွယ်ရှိ

လန်ဒန် ဇူလိုင် ၉

ချဲလ်ဆီးအသင်း အဓိက ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် ကာစီဒိုသည် ဖီဖာ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် ဖလူမီနန်စီ အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေချင်းဝတ်ဒဏ်ရာကြောင့် ဗိုလ်လုပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

ချဲလ်ဆီးအသင်းက ဖလူမီနန်စီအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ကာစီဒိုအနေဖြင့် ပြိုင်ဘက်အသင်းကစားသမားနှင့် ထိခိုက်ပြီး ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သော်လည်း ဆေးကုသမှုခံယူခဲ့ပြီးနောက် ပွဲစဉ်ပြီးဆုံးသည်ထိ ဆက်လက်ကစားခဲ့သော်လည်း ပွဲစဉ်အပြီးတွင် ဒဏ်ရာရရှိခဲ့ပြီးနောက် ခြေချင်းဝတ်ဒဏ်ရာကို ရေခဲအုံထားရသည့် အခြေအနေဖြစ်ပွားခဲ့သည်။

ကာစီဒို၏ ခြေချင်းဝတ်ဒဏ်ရာနှင့်ပတ်သက်ပြီး ချဲလ်ဆီးအသင်းက တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိခဲ့သော်လည်း ၎င်းအနေဖြင့် ဒဏ်ရာကြံ့ခိုင်မှုပြည့်ဝရန်အတွက် ရက်အနားငယ်အနားယူရနိုင်သောကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ရမည့်အနေအထားနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

ကာစီဒိုသည် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချဲလ်ဆီးအသင်းနှင့်အတူ ပွဲစဉ်တိုင်း ပါဝင်ကစားခဲ့ကာ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူ ဖြစ်သည့်အတွက် ဗိုလ်လုပွဲစဉ်ကို လွဲချော်မည်ဆိုပါက ချဲလ်ဆီးအသင်း ကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

Ref : Marca

Trs : STA

# အနာဂတ်လှပဖို့ စာဖတ်ကြစို့

**မောင်လေပြေ(တောင်တွင်း)**

အနာဂတ်ဟူသောစကား၏ အဓိပ္ပာယ်ကို စဉ်းစားမိတိုင်း စာရေးသူအနေဖြင့် လူငယ်လေးများကို မြင်မိသည်။ လူငယ်ဟူသည် ကမ္ဘာကြီး၏ အနာဂတ်နိုင်ငံနှင့် လူမျိုးတိုင်းအတွက် အရင်းအနှီးကောင်းများပင်ဖြစ်သည်။

ယနေ့ခေတ်ကာလတွင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းက နိုင်ငံ၏ရတနာများဖြစ်သော လူငယ်များကို အကောင်းဆုံး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

**"စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြသည်"**ဟု မြန်မာလူမျိုးကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က ဆိုခဲ့ပါ၏။ ထို့ကြောင့် တိုးတက်သောလူမျိုး၊ တိုးတက်သောနိုင်ငံဖြစ်စေရန် စာဖတ်ရန်လိုအပ်သည်။

လူငယ်ဟူသည် အနာဂတ်၏ အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများလည်းဖြစ်သည်။

"လူငယ်ဟူသည် အသက် ၁၅ နှစ်မှ ၂၅ နှစ်အတွင်းရှိသော ကျား/မ ဟူသမျှကို လူငယ်ဟုရည်ညွှန်းလိုပေသည်။ အသက် ၁၅ နှစ်အောက်ကလေးတို့မှာ မိဘလူကြီးများအပေါ် မှီခိုမှုလွန်ကဲ၍ စဉ်းစား ဆုံးဖြတ်နိုင်စွမ်းအားနည်းကြသည်။ အသက် ၂၅ နှစ် ကျော်လွန်သူများသည် အိမ်ထောင့်တာဝန်၊ နိုင်ငံ့တာဝန်များကို ထမ်းရွက်ကြရသည်"ဟု ဒေါက်တာကျော်စိန်၏ လူငယ်လမ်းညွှန်စာအုပ်တွင် ရေးသားထားသည်။

စာဖတ်ခြင်းသည်ဗဟုသုတတိုးပွားစေရုံသာမက မိမိတို့မသိသေးသည့် အခြားကောင်းမွန်သော အကျိုးကျေးဇူးများစွာရှိသည်။ ထို့ကြောင့် အားလပ်သောအချိန်တွင် စာဖတ်ရန်လိုသည်။ စာဖတ်ခြင်းသည် ဦးနှောက်ကို ပိုမိုလှုံ့ဆော်ပေးနိုင်ခြင်း၊ အာရုံစိုက်မှုအားကောင်းစေခြင်း၊ ဗဟုသုတများကြွယ်ဝစေခြင်း၊ စိတ်ဖိစီးမှုလျော့ကျစေခြင်း စသည့်အကျိုးများကို ရရှိစေမည်ဖြစ်သည်။

လူငယ်ဆိုင်ရာဥပဒေများတွင် လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကိုဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လူငယ်ဟူသော အသက်အပိုင်းအခြားကို စာရေးသူလေ့လာမိသလောက် ပြန်လည်မျှဝေခြင်းဖြစ်သည်။

အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏အရင်းအမြစ်များဖြစ်ကြသည့် လူငယ်များ၏ အနာဂတ်များလှပရန် တစ်နည်းအားဖြင့် လူငယ်ဘဝဖွံ့ဖြိုးတိုးတက်ရန် အကောင်းဆုံးသောနည်းလမ်းမှာ စာဖတ်ကြရန်ပင်ဖြစ်သည်။

တိုင်းပြည်နှင့်လူမျိုးအတွက် တန်ဖိုးမြင့်မားလှသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူငယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်နိုင်ကြသူများ၊ စိတ်ဓာတ်မြင့်မားသူများ၊ အတွေးအခေါ် မှန်ကန်သူများ၊ ရိုးသားဖြောင့်မတ်သူများ၊ စွမ်းရည်ပြည့်စုံသူလူငယ်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။

**❖စာဖတ်ခြင်းဖြင့် လူငယ်များ၏အသိဉာဏ်တွင် ဆင်ခြင်တုံတရားများကို တိုးပွားစေရုံမက ဆုံးဖြတ်ချက်များလည်း မှန်ကန်စေနိုင်သည်။ ဆုံးဖြတ်ချက်မှန်ကန်၍ ဘဝကို လမ်းကြောင်းမှန်ကန်စွာ လျှောက်လှမ်းနိုင်မှုကြောင့် လူငယ်များ၏ ဘဝအသီးသီးလည်း လှပလာကြမည်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ ပြည့်ဝ၍ မိမိဘဝနှင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အတွေ့အကြုံအသစ်များနှင့် ထိတွေ့ခွင့်ရရှိလာပြီး အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်သောနည်းလမ်းများ တွေ့ရှိနိုင်မည်ဖြစ်သည်။ ❖**

လူတစ်ဦး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုသည် အသိဉာဏ်ရှိခြင်း၊ မရှိခြင်းအပေါ် လုံးဝတည်ရှိနေသည်။ အသိဉာဏ်ကျယ်ပြန့်လေ တိုးတက်လေဖြစ်ပြီး အသိဉာဏ်နည်းလေ ဆုတ်ယုတ်လေဖြစ်သည်။ အသိဉာဏ်ကျယ်ပြန့်ရေးအတွက် လူတိုင်းစာဖတ်ကြရမည်ဖြစ်သည်။

လူငယ်များအောင်မြင်သောဘဝကို တက်လှမ်းနိုင်ရေးအတွက် အရေးပါသောအချက်မှာ စာအုပ်စာပေဖတ်ရှုခြင်းပင်ဖြစ်သည်။ လောကတွင် သင်စရာ၊ သိစရာတို့ကို အချိန်တိုတိုအတွင်း သင်နိုင်၊ သိနိုင်သည့် အလွယ်ကူဆုံးနည်းလမ်းမှာ စာဖတ်ခြင်းပင်ဖြစ်သည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့်ဘောဂတည်းဟူသော ဘဝအားမာန် ဗလငါးတန်ပြည့်စုံစေရန် လူငယ်များအနေဖြင့် စာပေချစ်စိတ် မွေးမြူကြရမည်ဖြစ်သည်။

စာပေလေ့လာဖတ်ရှုခြင်းဖြင့် ဘဝတွင်ထိပ်တန်းသို့ တက်လှမ်းနိုင်ခဲ့သူများ ထင်ထင်ရှားရှားရှိသည်။ စာတစ်ကြောင်း၊ တစ်ပိုဒ်မျှကပင် ဘဝတစ်သက်တာကို အကျိုးပြုသွားသည့် သာဓကများစွာလည်း ရှိပါသည်။

စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့် ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီးတစ်ဦးဖြစ်လာသူအကြောင်း ပြောဆိုကြတိုင်း ကမ္ဘာ့အကျော်ကြားဆုံး တီထွင်သူသိပ္ပံပညာရှင်ကြီး အက်ဒီဆင်အကြောင်း ပြောလေ့ရှိကြသည်။

အက်ဒီဆင်သည် အသက် ၁၁ နှစ်အရွယ်မှစ၍ စာအုပ်မျိုးစုံကို စဖတ်နေပြီဖြစ်ကြောင်း၊ ဖခင်ဖြစ်သူကလည်း စာဖတ်ရန်အမြဲတိုက်တွန်းခဲ့ကြောင်း၊ သူစာအုပ်တစ်အုပ်ဖတ်ပြီးတိုင်း ဖခင်ဖြစ်သူက သူ့ကို ဆုချလေ့ရှိကြောင်း၊ ငယ်စဉ်ကတည်းကစ၍ စာအုပ်မျိုးစုံဖတ်ခဲ့ခြင်း၏အကျိုးကျေးဇူးကြောင့် နောင်တွင် ဘဝတိုးတက်ရေးအတွက် ကြီးမားသော အထောက်အကူကောင်းများ ဖြစ်စေခဲ့ကြောင်း စသည့်သာဓကများဖြင့် ပြောဆိုရေးသားလေ့ရှိကြသည်။

စာဖတ်ခြင်းသည် လူငယ်များ၏ အသိပညာနယ်နိမိတ်ကို ချဲ့ထွင်ပေးနိုင်သော အကောင်းဆုံးလမ်းစပင်ဖြစ်သည်။ ဘဝခရီးလမ်းကိုလျှောက်လှမ်းရာတွင်လည်း ကောင်းစွာပြုမူကျင့်ကြံနေထိုင်ရေးအသိသတိများကို စာပေဖတ်ရှုခြင်းမှ ရရှိနိုင်သည်။ စာဖတ်ခြင်းသည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးကို လိမ္မာယဉ်ကျေးစေရန် သင်ကြားနာယူခြင်းဖြစ်ရာ လိမ္မာယဉ်ကျေးသော အနာဂတ်မျိုးဆက်သစ်များ ဖြစ်ထွန်းနိုင်ကြစေရန် အကောင်းဆုံးသောအလေ့အထတစ်ခုဖြစ်သည်။

စာဖတ်ခြင်းဖြင့် လူငယ်များ၏ အသိဉာဏ်တွင် ဆင်ခြင်တုံတရားများကို တိုးပွားစေရုံမက ဆုံးဖြတ်ချက်များလည်းမှန်ကန်စေနိုင်သည်။ ဆုံးဖြတ်ချက်မှန်ကန်၍ ဘဝကို လမ်းကြောင်းမှန်ကန်စွာလျှောက်လှမ်းနိုင်မှုကြောင့် လူငယ်များ၏ဘဝအသီးသီးလည်း လှပလာကြမည်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများပြည့်ဝ၍ မိမိဘဝနှင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အတွေ့အကြုံအသစ်များနှင့် ထိတွေ့ခွင့်ရရှိလာပြီး အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်သော နည်းလမ်းများ တွေ့ရှိနိုင်မည်ဖြစ်သည်။

စာဖတ်ခြင်းကြောင့် မျိုးဆက်သစ်တို့ဘဝသည် တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက် မြင့်လာကြမည်ဖြစ်သည်။ စာဖတ်ခြင်းသည် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုး၊ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော အသိပညာ၊ အတတ်ပညာတို့ကို အချိန်တိုအတွင်းဖြည့်ဆည်းရရှိကာ သာယာသောဝန်းကျင်ကို ဖန်တီးလာနိုင်ကြမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မျိုးဆက်သစ်လူငယ်များသည် စာဖတ်ခြင်းဖြင့် စာပေတွင်မွေ့လျော်တတ်သောစိတ်ဓာတ်များ၊ မှန်ကန်သောအသိအမြင်အတွေးအခေါ်များ ပြည့်ဝစေမည့်အပြင် စာပေမှပေးသောဗဟုသုတများ ရရှိစေမည်ဖြစ်သောကြောင့် အနာဂတ်ဘဝလှပဖို့ လူငယ်များစာဖတ်ကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပါတော့သည်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၂၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကသာ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံစုံ ၄၂၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၈၈၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၁၆၂ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၃၄၁၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၁၃၀၊ ဗန်းမောက်မြို့နယ်တွင် ၅၄၂ ဧက စုစုပေါင်း ၄၂၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၈၅၅ ဧက၊ အင်းတော်မြို့နယ်တွင် ၄၀၂၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၁၂၅၆ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဧက ၂၆၉၀ စုစုပေါင်း ၈၈၂၆ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ဟင်းသီးဟင်းရွက် သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဟင်းသီးဟင်းရွက်သီးနှံကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# နှင့် ရုပ်သံဇာတ်လမ်းတွဲကို HEY Play Application ၊ HEY Play YouTube Channel နှင့် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇူလိုင် ၉**

နှင့် ရုပ်သံဇာတ်လမ်းတွဲကို HEY Play Application၊ HEY Play YouTube Channel နှင့် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ ကျော်နှင်းဆီထံမှ သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲသည် Victoria Film Production က ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ပြီး အေမွန်ကို၏ ဝတ္ထုဇာတ်လမ်းကို ကျော်နှင်းဆီနှင့် ယွန်းသခင်တို့က ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ ကျော်နှင်းဆီက ပုံဖော်ရိုက်ကူးထားပြီး အပိုင်း ၁၆ ပိုင်းပါရှိသည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"တစ်ယောက်နဲ့တစ်ယောက် အပြင်မှာ မမြင်ဖူးဘဲ အွန်လိုင်းပေါ်ကနေ သမီးရည်းစားအဖြစ် တွဲခဲ့ကြတယ်။ ဒီအပေါ်မှာ နှစ်ယောက်သားက ချစ်နေကြတယ်လို့ပဲထင်ခဲ့ကြတယ်။ တကယ်တမ်း အချစ်စစ်နဲ့တွေ့သွားတဲ့ အချိန်မှာ တည်ထောင်ပြီးသား ကိုယ့်အိမ်ထောင်ရေးမှာ နောက်ဆက်တွဲဆိုးကျိုးတွေ ကြုံရတာတွေကို ပုံဖော်ရိုက်ကူးထားတဲ့ ဒရာမာဇာတ်လမ်းတွဲလေးပါပဲ"ဟု နှင့် ဇာတ်လမ်းတွဲကို ရိုက်ကူးသူ ဒါရိုက်တာ ကျော်နှင်းဆီက ပြောပြသည်။

အဆိုပါ နှင့် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် မင်းဦး၊ အောင်ရေချမ်း၊ တေဇလင်းရောင်၊ ရာဟု၊ ရဲမွန်၊ မင်းရဲစည်သူ၊ ခင်ဝင့်ဝါ၊ လင်းဇာနည်ဇော်၊ အေဏီဇော်၊ ချမ်းမေမြတ်နိုး၊ သွန်းသက်ထူးစံ၊ အေးသီတာ စသည့် အနုပညာရှင်များစွာ ပါဝင်ထားကာ HEY Play Application၊ HEY Play YouTube Channel နှင့် Channel 7 ရုပ်သံလိုင်းတို့မှ ဇူလိုင်လ တတိယအပတ်အတွင်း ထုတ်လွှင့် ပေးသွားမည်ဖြစ်သည်။

ASH

# The Odyssey ရုပ်ရှင်ဇာတ်ကားမှ မင်းသားကော့စလိုဂျာဗစ် နုတ်ထွက်

**နယူးယောက် ဇူလိုင် ၉**

ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က The Odyssey ဇာတ်ကားမှ Shogun မင်းသားကော့စလိုဂျာဗစ် နုတ်ထွက်သွားကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

ကော့စလိုဂျာဗစ်သည် The Odyssey ဇာတ်ကား၏ အဓိက သရုပ်ဆောင်များစာရင်းတွင် ပါဝင်ခဲ့သော်လည်း ဇာတ်ကားရိုက်ကူးရက်များ တိုက်နေမှုကြောင့် ၎င်းဇာတ်ကား သရုပ်ဆောင်များ စာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသား ကော့စလိုဂျာဗစ်သည် Young Stalin အမည်ရှိ ရုရှားခေါင်းဆောင် စတာလင်၏ ဘဝအတ္ထုပ္ပတ္တိ ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် ရှိကြောင်း သိရသည်။

The Odyssey ဇာတ်ကားတွင် မင်းသား မက်ဒါမွန်၊ တွန်ဟော်လန်း၊ ရောဘက်ပက်တင်ဆန်၊ မင်းသမီး ဇန်ဒါးယား၊ ချားလစ်သီရွန်နှင့် အန်နီဟာသာဝေးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် The Odyssey ဇာတ်ကားကို စတင်ရိုက်ကူးနေပြီဖြစ်ပြီး ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# တေးသံရှင် ပူစူးနှင့် တေးသံရှင် အယ်လ်ဆိုင်းဇီတို့၏ တစ်မိုးအောက်ရဲ့မိုးရာသီထဲ အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်




**ရန်ကုန် ဇူလိုင် ၉**

တေးသံရှင် ပူစူးနှင့် တေးသံရှင် အယ်လ်ဆိုင်းဇီတို့၏ တစ်မိုးအောက်ရဲ့မိုးရာသီထဲ အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ပူစူးထံမှ သိရသည်။

အဆိုပါ တေးသံရှင် ပူစူးနှင့် တေးသံရှင် အယ်လ်ဆိုင်းဇီတို့၏ တစ်မိုးအောက်ရဲ့ မိုးရာသီထဲ အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို Monsoon Pop Night Show တေးဂီတဖျော်ဖြေပွဲအဖြစ် Judson Entertainment Bar တွင် လာမည့် ဇူလိုင် ၁၂ ရက် ညတွင် Judson Band တေးဂီတအဖွဲ့၏ ပံ့ပိုးတီးခတ်မှုများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို မိုးအေးအေးလေးမှာ သီချင်းနားထောင်ရင်း ငယ်ဘဝရဲ့ ရင်ခုန်စရာ အမှတ်တရလေးတွေဆီ တစ်ခေါက်ပြန်လည် ရောက်ရှိအောင် Monsoon Pop Night Show ပွဲလေးတစ်ပွဲကို စီစဉ်ပေးလိုက်ပါတယ်။ ဒီပွဲမှာဆိုရင် Judson Band ရဲ့ တီးခတ်မှုတွေနဲ့အတူ အသံပါဝါကောင်းကောင်းနဲ့ သီဆိုတတ်တဲ့ Judson In- House Vocalists တွေ၊ Beats တွေနဲ့ ဖျော်ဖြေပေးသွားမှာမို့ လာရောက်ကြည့်ရှုအားပေးကြပါအုံး" ဟု တေးသံရှင် ပူးစူးက ပြောပြသည်။

တေးသံရှင်များ၏ တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၁၂ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Thomas Crown Affair ဇာတ်ကား၌ မင်းသမီးလီလီဂလက်စတုန်း ပါဝင်မည်

**နယူးယောက် ဇူလိုင် ၉**

Amazon MGM စတူဒီယို၏ The Thomas Crown Affair ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး လီလီဂလက်စတုန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး လီလီဂလက်စတုန်းသည် မင်းသားမိုက်ကယ်ဘီဂျော်ဒန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Thomas Crown Affair ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး လီလီဂလက်စတုန်း ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကားနေရာကို မသိရသေးကြောင်း သိရသည်။

The Thomas Crown Affair ရုပ်ရှင်ဇာတ်ကားကို မင်းသား မိုက်ကယ် ဘီဂျော်ဒန်ကိုယ်တိုင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Thomas Crown Affair ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Amazon MGM သည် The Thomas Crown Affair ဇာတ်ကားကို ၂၀၂၇ ခုနှစ် မတ် ၅ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားသည်။

Ref : Russia Today

Trs : KKO



# အကယ်ဒမီဆုများရှင် ဝါဝါဝင်းရွှေမိသားစုက ရွှေလင်းယုန်ဆရာတော်နှင့် သံဃာတော်များကို ဝါဆိုသင်္ကန်းကပ်လှူခဲ့

**ရန်ကုန် ဇူလိုင် ၉**

အကယ်ဒမီဆုများရှင် ဝါဝါဝင်းရွှေ မိသားစုက ရွှေလင်းယုန်ဆရာတော်နှင့် သံဃာတော်များကို ဝါဆိုသင်္ကန်းကပ်လှူခဲ့ပြီး ရန်ကုန်-မန္တလေး အမြန်လမ်း ၃၈ မိုင်တွင် တည်ထားကိုးကွယ်မည့် ကမ္ဘာအေးဘုရားအတွက် အလှူငွေများကို ဇူလိုင် ၈ ရက် အဖိတ်နေ့တွင် နေအိမ်၌ လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း အကယ်ဒမီများရှင် ဝါဝါဝင်းရွှေထံမှ သိရသည်။

ထိုကဲ့သို့ လှူဒါန်းရာတွင် အကယ်ဒမီများရှင် ဝါရင့်သရုပ်ဆောင် ဝါဝါဝင်းရွှေ မိသားစုက ရွှေလင်းယုန် ဆရာတော်ကြီးနှင့် သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေကျပ် ငါးသိန်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း ၃၈ မိုင်တွင် တည်ထားကိုးကွယ်မည့် ကမ္ဘာအေးဘုရားအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

"အဖိတ်နေ့မှာ ကျေးဇူးတော်ရှင်ရွှေလင်းယုန်ဆရာတော်ဘုရားနဲ့ သံဃာငါးပါးကို နေအိမ်မှာ ဝါဆိုသင်္ကန်းကပ်လှူပြီးတော့ နဝကမ္မဝတ္ထုငွေ ငါးသိန်း ဆက်ကပ်ခဲ့ပါတယ်။ အမြန်လမ်း ၃၈ မိုင်မှာ တည်ထားကိုးကွယ်မဲ့ ကမ္ဘာအေးဘုရားအတွက် ငွေကျပ် ၁၀ သိန်းလှူဒါန်းခြင်းတို့ကို ရေစက်သွန်းချ အမျှပေးဝေပါတယ်"ဟု ဝါဝါဝင်းရွှေက ပြောပြသည်။

အကယ်ဒမီဆုများရှင် ဝါရင့်သရုပ်ဆောင် ဝါဝါဝင်းရွှေ မိသားစုသည် ယခင်နှစ်ကလည်း ဇူလိုင်လအတွင်း ခင်ပွန်းဖြစ်သူ သရုပ်ဆောင် အေဝမ်းသန်းထွဋ်ကို ရည်စူး၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# More than 10,000 acres of tea planted in Sagaing Region this monsoon


A tea plantation.

**Sagaing July 9**

According to the data of Sagaing Region Agriculture Department, local farmers planted a total of 11,998 acres of tea as monsoon crops in Sagaing Region this year.

Local authorities earmarked cultivation of 11,954 acres of tea but local farmers planted 11,998 acres of tea exceeding the target cultivation in 2025-26 monsoon cultivation season.

Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture, stated: "In Sagaing Region, tea is mostly cultivated in Homalin Township. However, due to difficulties in transporting the tea to the Mandalay market, it hasn't gained much prominence yet. The tea itself is of high quality and chemical-free. The Department of Agriculture and local farmers are working together to improve the per-acre yield of crops. Efforts are underway to access the market. We are also collaborating with local businesses in the area to ensure the tea can be sold within the market using advanced packaging systems."

In Sagaing Region, Mawlaik District planted 290 acres of tea, Khamti District 285 acres, Homalin District 9,428 acres, Naga Region 944 acres, Katha District 487 acres and Kawlin District 564 acres, totalling 11,998 acres.

In 2025-2026 monsoon cropping season, Mawlaik District earmarked cultivation of 290 acres of tea, Khamti District 285 acres, Homalin District 9,415 acres, Naga Region 911 acres, Katha District 488 acres and Kawlin District 565 acres, totalling 11,954 acres.

It is reported that both fresh and dried tea produced in Sagaing Region is mainly shipped and sold in the Mandalay market. To improve productivity, tea specialists from the respective township agriculture offices are providing technical training and support directly to the tea farmers. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Khamti Township cultivates more than 700 acres of vegetables

**Khamti July 9**

Statistics of Khamti Township Agriculture Department of Sagaing Region stated that local farmers planted a total of 701 acres of vegetables in the township this monsoon.

For the 2025-2026 monsoon cropping season, it is planned to cultivate 1,120 acres of vegetables in Khamti Township. As of now, planting began in May of this year, and 710 acres of croplands have already been placed under vegetable plantations.

Daw Su Su Khaing, Head of the Township Agriculture Department in Khamti, stated: "This year, during the monsoon season, more than 1,000 acres of vegetables are planned for cultivation in Khamti Township. As of today, 710 acres have already been planted. We are working to ensure that the full targeted acreage is cultivated. The crops include roselle, chili, herbs, potatoes, cabbage, eggplant, and mustard greens. We are providing farmers with technical support to grow all vegetables under the GAP (Good Agricultural Practices) system. The goal is to help farmers cultivate in a way that minimizes chemical residues and meets health standards."

This year, the Khamti Township Agriculture Department is conducting training for vegetable farmers on GAP-compliant cultivation techniques. They are also providing technical support to ensure that the vegetables harvested from the fields are safe and health-conscious. In addition, efforts are being made to encourage farmers to expand their vegetable cultivation areas.

Every year, a variety of seasonal vegetables are grown in Khamti Township. The cultivated vegetables have been successful and have become a source of income for families. The Township Agriculture Department continues to raise awareness among vegetable farmers on correct cultivation methods, pest prevention, the use of natural fertilizers, organic pesticides, and insect repellents. 206

# Over 12,000 acres of pigeon pea planted in Wetlet Township during monsoon

**Wetlet July 9**

According to the Wetlet Township Department of Agriculture of Sagaing Region, local farmers have planted more than 12,000 acres of pigeon pea in the township this monsoon.

In2025-26 monsoon cultivation season, local authorities earmarked cultivation of 21,256 acres of pigeon pea in Wetlet Township but farmers have so far planted 12,880 acres of crops against the target cultivation.

"This year, during the monsoon crop season in Wetlet Township, over 21,000 acres of pigeon pea are planned for cultivation. As of today, more than 12,000 acres have already been cultivated. Efforts are being made to ensure that the targeted acreage is fully planted. Measures are also being taken to ensure high yield in pigeon pea cultivation. Pigeon peas are being grown both as a sole crop and as an intercropped/relay crop," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

It is reported that, this year, the Wetlet Township Department of Agriculture is providing field-level technical support to farmers growing pigeon peas. This includes guidance on using quality and pure seeds, proper cultivation methods, pest prevention, and yield improvement.

Moreover, the township agriculture department is disseminating techniques of making natural fertilizers to help reduce the cost of purchasing foliar fertilizers. These methods reportedly reduce cultivation costs, keep the plants free from pests, and promote healthy plant growth. 206

# More than 3,000 acres of Sterculia versicolor planted in Shwebo District

**Shwebo July 9**

Local farmers have grown 3,182 acres of Sterculia versicolor plants in Shwebo District of Sagaing Region, according to the district Agriculture Department.

In 2024-25 monsoon, Shwebo District authorities earmarked cultivation of 3,612 acres of Sterculia versicolor but local farmers cultivated 98 acres in Shwebo Township, 794 acres in KhinU Township, 1,250 acres in Wetlet Township and 1,040 acres in Kyaukmyaung Sub-Township, totalling 3,182 acres against the target cultivation.

"This year, during the monsoon crop cultivation season, Shwebo District has planned to cultivate 3,612 acres of Sterculia versicolor. As of today, 3,182 acres have already been cultivated. Efforts are underway to complete the remaining acreage to meet the target. Sterculia versicolor is drought-resistant, grows in various soil types, and is a tropical forest tree. It requires low rainfall and is well-suited for rocky and hilly regions. Therefore, it is feasible to expand cultivation in such areas," said Daw Zar Zar Min, Assistant Director of the Shwebo District Agriculture Department.

For the 2025-2026 monsoon crop season, the targeted acreages of Sterculia versicolor cultivation by township in Shwebo District are as follows: Shwebo Township 100 acres, KhinU Township 750 acres, Wetlet Township 1,762 acres, Kyaukmyaung Sub-township 1,000 acres, totalling 3,612 acres.

The Department of Agriculture is encouraging farmers to grow Sterculia versicolor using the GAP (Good Agricultural Practices) system, which avoids the use of chemicals. Farmers who adopt the GAP method will receive GAP certification for their cultivated fields. The Sterculia versicolor grown under this system will be chemical-reduced and can achieve better market competitiveness compared to conventionally grown varieties.

In addition, to increase yield and improve market access, the Department of Agriculture is currently working in collaboration with major traders' associations. 206

# Katha District completes 100 per cent harvest of summer paddy



Summer paddy being harvested with the help of machinery.

**Katha July 9**

Local farmers have harvested all sown acreage of summer paddy in Katha District of Sagaing Region, according to the District Agriculture Department.

In Katha District, it was reported that during this year's summer crop season, a total of 22,344 acres of summer paddy were cultivated. The harvesting of these summer paddy fields began in April and has now been completed 100 per cent. The yield averaged 86.98 baskets per acre.

Daw Khin Myat Myat Oo, Head of the District Department of Agriculture in Katha, stated, "This year, 22,344 acres of summer paddy were cultivated in Katha District during the summer crop season. At present, harvesting has been fully completed across all acres. Farmers were provided with agricultural techniques, awareness on pest prevention, guidance to prevent crop damage and losses, and information to ensure that the harvested paddy was stored properly and reached shelter in time."

This year, Katha Township of Katha District harvested 11,079 acres of summer paddy, Indaw Township 740 acres, Htigyaing Township 10,267 acres and Bamauk Township 258 acres, totalling 22,344 acres.

In Katha District, efforts have been made to support summer paddy farmers in improving per-acre yield and achieving target production levels. These efforts include the distribution of quality and pure seeds, dissemination of technical pamphlets, organization of farmer training sessions and educational discussions, as well as timely provision of necessary agricultural inputs.

Local farmers have also been encouraged to coordinate with the Department of Agriculture to make early preparations. These include following the department's guidelines on preventive measures against crop pests and diseases after harvesting monsoon paddy and other monsoon crops, implementing soil nutrient enrichment practices, and collecting quality seed varieties in advance to ensure timely cultivation of summer paddy and other crops. 206

# More than 4,000 banana acres grown in Monywa District this monsoon

**Monywa July 9**

In Monywa District of Sagaing Region, local farmers have planted 4,228 acres of banana plantations this monsoon, according to the Monywa District Agriculture Department.

In 2025-26 monsoon cultivation season, Monywa District authorities earmarked cultivation of 4,228 acres of banana. So far, farmers have planted 135 acres of banana in Monywa Township, 2,696 acres in Budalin Township, 1,332 acres in Ayadaw Township and 65 acres in ChaungU Township, totalling 4,228 acres meeting the target cultivation.

"This monsoon season, Monywa District has planned to cultivate 4,228 acres of banana plants. As of today, 100 per cent of the targeted acreage has already been cultivated. Recently, banana cultivation has also been observed in fallow lands. In most cases, pest and disease outbreaks are under control," said Daw San San Myint, Head of the Monywa District Agriculture Department.

Farmers cultivating banana typically plant around 1,000 trees per acre. The cultivation cost per acre can reach up to K2 million, while the income at harvest time can be around K5 million per acre.

The Monywa District Agriculture Department has also been conducting field awareness programs to promote safe crop production. These include discussions on the risks of chemical residues, encouraging the use of registered pesticides according to labeled dosages, and promoting good agricultural practices.

206

# Death toll in U.S. Texas flash floods climbs to 109, over 160 still missing

**New York July 9**

At least 109 people were dead and over 160 are still missing as of Tuesday after devastating flash floods slammed the U.S. Texas Hill Country, with rescue operations still going on along the Guadalupe River.

Of the fatalities, 87 occurred in Kerr County, officials said. Camp Mystic, located along the river in Hunt, Texas, confirmed on Monday that at least 27 campers and counselors died in the flooding.

Texas Governor Greg Abbott told a news briefing Tuesday afternoon that at least 161 people are known to be missing after the deadly flooding, noting that searches will persist throughout the Guadalupe River system in the hope of locating anyone else. He also asked the public to contact local officials with information about friends or relatives believed to be missing.

"Our hearts are broken alongside our families that are enduring this unimaginable tragedy. We are praying for them constantly," Camp Mystic said in a statement. "We have been in communication with local and state authorities who are tirelessly deploying extensive resources to search for our missing girls."

At least five Camp Mystic campers are still missing, along with one counselor, Kerr County Sheriff Larry Leitha was quoted by CBS News as saying on Tuesday. There were about 750 children at Camp Mystic when the floods hit, the sheriff said earlier.

Xinhua

# Yinmabin District finishes cultivation of more than 50,000 acres of pigeon pea this monsoon

**Yinmabin July 9**

Statistics of Yinmabin District Agriculture Department in Sagaing Region stated that local farmers have planted 51,585 acres of pigeon pea as monsoon crops in the district this year.

During the 2025-2026 monsoon crop season, it is planned to cultivate 88,500 acres of pigeon peas in Yinmabin District. Starting from May this year, cultivation has already begun, and as of today, a total of 12,180 acres of croplands have been placed under pigeon pea plantations in Yinmabin Township, 20,220 acres in Kani Township, 6,395 acres in Salingyi Township, and 12,800 acres in Pale Township, totalling 51,585 acres cultivated so far.

Daw Myat Moe Win, head of the Yinmabin District Department of Agriculture, disclosed: "This year, during the monsoon crop season, over 88,000 acres of pigeon peas are planned to be cultivated in Yinmabin District. So far, over 50,000 acres have already been cultivated. Efforts are ongoing to meet the target acreage. Work is also being done to ensure high yield from the pigeon pea cultivation. The crop is being grown both as a sole crop and as an intercropped/relay crop."

As the breakdown of planned cultivation by township within Yinmabin District, Yinmabin Township earmarked 20,300 acres, Kani Township 15,390 acres, Salingyi Township, 30,800 acres, and Pale Township, 22,010 acres, totalling 88,500 acres.

This year, respective township-level Agriculture Departments in Yinmabin District are providing farmers growing pigeon peas with technical support on using quality and pure seeds, adopting proper cultivation methods, pest control, and achieving higher yields.

In addition, the township agriculture departments in Yinmabin District are promoting the use of techniques of making natural fertilizer. This method helps reduce the cost of purchasing foliar fertilizers and, as reported, results in healthier crops, fewer pests, and better plant growth. 206

# Tokyo stocks end higher on weaker yen

**Tokyo July 9**

Tokyo stocks ended higher Wednesday as a weaker yen lifted exporter shares, with investors awaiting developments in Japan-U.S. tariff talks before a new 25 percent rate takes effect on Aug. 1.

Japan's benchmark Nikkei stock index, the 225-issue Nikkei Stock Average, ended up 132.47 points, or 0.33 percent, from Tuesday to 39,821.28.

The broader Topix index, meanwhile, finished 11.62 points, or 0.41 percent, higher at 2,828.16.

On the stock market, export-oriented auto issues were sought on a weaker yen, while some heavyweight semiconductor-related shares tracked overnight advances by their U.S. counterparts.

The 25 percent tariff on imports from Japan announced by U.S. President Donald Trump is lower than 30 percent or 35 percent floated earlier by him, leading to a sense of relief in the market, and Japan has room for further negotiations before the deadline of Aug. 1, analysts said. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်လေတပ်က B21 ဗုံးကြဲလေယာဉ်တွင်တပ်ဆင်အသုံးပြုရန် NGP ဘန်ကာဖျက်ဗုံးကို တီထွင်ထုတ်လုပ်ရန်ကြိုးပမ်းလျက်ရှိ



အမေရိကန်လေတပ်သည် B21 ဗုံးကြဲလေယာဉ်တွင် တပ်ဆင်အသုံးပြုရန် Next Generation Penetrator (NGP) ဘန်ကာဖျက်ဗုံးကို တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်သည် ဘန်ကာဖျက်ဗုံး GBU-57 ကိုOperation Midnight Hammer စစ်ဆင်ရေးအတွင်း ပထမဆုံးအကြိမ် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်လေတပ်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလစာချုပ်ချုပ်ဆိုမှု အသိပေးထုတ်ပြန်ချက်အရ Next Generation Penetrator (NGP) ဘန်ကာဖျက်ဗုံးကို အမြင့်ဆုံးပေါက်ကွဲစွမ်းအား ပေါင် ၂၂၀၀၀ ရှိ ထိပ်ဖူးနှင့် ဒီဇိုင်းထုတ်ထားပြီး အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲအားပြင်းပြင်း တိုက်ခိုက်နိုင်စွမ်းနှင့်အတူ နက်ရှိုင်းစွာ ထိုးဖောက်နိုင်သည့် စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားရမည်ဟု ဖော်ပြထားသည်။ ဘန်ကာဖျက်ဗုံး၏ စုစုပေါင်းအလေးချိန်နှင့် အတိုင်းအတာများကိုမူ တိတိကျကျ ဖော်ပြထားခြင်းမရှိသေးဘဲ NGP ဘန်ကာဖျက်ဗုံးသည် GBU-57 ဗုံးထက် ပိုမိုသေးငယ်ဖွယ်ရှိပြီး B-21 Raider ကိုယ်ပျောက်ဗုံးကြဲလေယာဉ်၏ အတွင်းပိုင်းလက်နက်တပ်ဆင်ခန်း၏ ကန့်သတ်ချက်အချို့နှင့် အဆင်ပြေစွာ သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။ NGP ဘန်ကာဖျက်ဗုံးသည် အင်ဂျင်မပါဘဲ ဆွဲအားသက်သက်နှင့်ကြဲချတိုက်ခိုက်နိုင်သည့်ဗုံးအမျိုးအစားဖြစ်သော်လည်း NGP ဘန်ကာဖျက်ဗုံးဗားရှင်းတွင် ပိုမိုဘေးကင်းလုံခြုံသော အကွာအဝေးမှ ပစ်မှတ်ကိုတိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် အင်ဂျင်တွန်းကန်အားစနစ်ဖြင့် တာဝေးပစ်စွမ်းရည်ပါဝင်လာနိုင်ဖွယ်ရှိနေသည်။ ထိုအချက်သည် လေကြောင်းရန်ကာကွယ်ရေး ခိုင်မာအားကောင်းသော ပြိုင်ဘက်ကောင်းများ၏ လေပိုင်နက်တွင် ထိုးဖောက်တိုက်ခိုက်ရာ၌ ပိုမိုအရေးပါလာဖွယ်ရှိနေသည်။ B-21 ဗုံးကြဲလေယာဉ်နှင့် ပေါင်းစပ်နိုင်မှုသည် အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ခုဖြစ်ပြီး အဘယ်ကြောင့်ဆိုသော် B-21 ဗုံးကြဲလေယာဉ်သည် B-2 ဗုံးကြဲလေယာဉ်နေရာတွင် အစားထိုးဝင်ရောက်လာမည့် တာဝေးပျံသန်းစစ်ဆင်နိုင်မည့် မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များဖြစ်ကြသည်။ လက်ရှိတွင် B-2 ဗုံးကြဲလေယာဉ်သည် GBU-57 ဘန်ကာဖျက်ဗုံးကို သယ်ဆောင်နိုင်သည့် တစ်ခုတည်းသောစစ်ဆင်ရေးလေယာဉ်ဖြစ်ပြီး တစ်ကြိမ်တွင် ဗုံးနှစ်လုံးသာ သယ်ဆောင်နိုင်စွမ်းရှိသည်။

စာချုပ်ပါသတိပေးချက်တွင် NGP ဘန်ကာဖျက်ဗုံး၏ လမ်းညွှန်မှုနှင့် လမ်းကြောင်းပြစနစ်များအတွက် တင်းကျပ်သောစွမ်းဆောင်ရည်လိုအပ်ချက်များကိုလည်း သတ်မှတ်ပေးထားသည်။ NGP ဗုံး၏ တိုက်ပွဲဝင်တိကျမှုကို ပစ်မှတ်၏ ၂ ဒသမ ၂ မီတာအတွင်း သတ်မှတ်ဖော်ပြထားပြီး GPS အချက်ပြမှုအားနည်းနေချိန် သို့မဟုတ် အချက်ပြမှုလုံးဝမရှိသော ပတ်ဝန်းကျင်အခြေအနေမျိုးမှာပင် တိကျမှုကိုထိန်းထားနိုင်မည်ဟု ဖော်ပြထားသည်။ ထိုသို့ဆိုလျှင် သာမန် GPS အကူအညီနှင့်အသုံးပြုနေသည့် JDAM ဗုံးများထက် NGP ဗုံးများသည် တိကျမှုလွန်စွာမြင့်မား ကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။

**US Air Force develops Next Generation Penetrator to replace GBU-57 MOP on B-21 Raider strategic bomber.** ကို ဘာသာပြန်ဆိုထားပါသည်။

## အီရန်က တရုတ်နိုင်ငံထုတ် HQ-9B တာဝေးပစ် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ လက်ခံရရှိခဲ့

အီရန်နိုင်ငံသည် တရုတ်နိုင်ငံထုတ် HQ-9B တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို လက်ခံရရှိခဲ့ကြောင်း Middle East Eye သတင်းဌာနနှင့် အာရပ်ထောက်လှမ်းရေးသတင်းရင်းမြစ်များကို ကိုးကား၍ Army Recongition သတင်းဌာနက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ် ဇွန် ၂၄ ရက်က အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေးအပြီး အီရန်နိုင်ငံက တရုတ်နိုင်ငံထံ ရေနံတင်ပို့မှု၊ တရုတ်နိုင်ငံက အီရန်နိုင်ငံသို့ HQ-9B တာဝေးပစ်မြေပြင်မှဝေဟင်ပစ် ဒုံးကျည်များ လွှဲပြောင်းပေးအပ်မှုတို့ဖြင့် ရေနံနှင့် လက်နက်လဲလှယ်ရေး အစီအစဉ်အရ ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ရေးသားဖော်ပြထားသော်လည်း လက်ခံရရှိခဲ့သည့် HQ-9B ဒုံးကျည်အရေအတွက်အတိအကျကိုမူ နှစ်ဖက်စလုံးမှ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

HQ-9B ဒုံးကျည်စနစ်ကို တရုတ်နိုင်ငံ CPMIEC ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားပြီး အစောပိုင်း HQ-9 ဒုံးကျည်များ၏ဗားရှင်းကို ကိုယ်စားပြုပြီး ရုရှားနိုင်ငံထုတ် S-300PMU1 လက်နက်စနစ်၏ပုံစံနှင့် ဝိသေသလက္ခဏာရပ်များကို ပြည်တွင်းထုတ်ရေဒါစနစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများနှင့်အတူ ပေါင်းစပ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

အဆိုပါလက်နက်စနစ်သည် အများဆုံးအကွာအဝေး ကီလိုမီတာ ၂၆၀၊ အမြင့် ၂၇ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသော နှစ်ဆင့်ကွဲ၊ အစိုင်အခဲလောင်စာသုံး ဒုံးကျည်အမျိုးအစားကို အသုံးပြုထားသည်။ ဒုံးကျည်၏ ပျံသန်းမှုအဆင့်သုံးဆင့်တွင် Initial Phase ၌ inertial navigation ထိန်းကျောင်းရေးစနစ်၊ Mid-Course Phase ၌ မြေပြင်အခြေစိုက်စခန်းမှ datalink ဖြင့်ထိန်းကျောင်းကာ ပစ်မှတ်ကို အဆုံးသတ်တိုက်ခိုက်သည့်အဆင့်၌ active radar homing အာရုံခံထိန်းကျောင်းမှုစနစ်တို့ဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဒုံးကျည်သည် Mach 4.2 အလျင်နှုန်းဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သည်။ တပ်ခွဲတစ်ခွဲတွင် ကွပ်ကဲကြီးကြပ်မှုယာဉ်၊ HT-233 S-band phased array ရေဒါ၊ ပစ်မှတ်ရှာဖွေထောက်လှမ်းရေးရေဒါနှင့် ဒုံးပစ်လောင်ချာယာဉ် TELs ခြောက်စီးမှ ရှစ်စီးထိ ပါဝင်ဖွဲ့စည်းထားသည်။ ရေဒါစနစ်များသည် ပစ်မှတ် ၁၀၀ ထိကို ၃၆၀ ဒီဂရီ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ခြေရာခံထိန်းကျောင်းခြင်းများ လုပ်ဆောင်နိုင်ပြီး ဖွဲ့စည်းပုံအပေါ်မူတည်၍ ပစ်မှတ်ခြောက်ခုမှ ရှစ်ခုထိတစ်ပြိုင်နက်တည်း တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ HQ-9B လက်နက်စနစ်ကို လက်တွေ့ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ခဲ့ခြင်း မရှိသေးသော်လည်း တရုတ်တပ်မတော်၏ စစ်ရေးလေ့ကျင့်မှုများတွင် ခရုဇ်ဒုံးကျည်များနှင့် ကိုယ်ပျောက်ပစ်မှတ်များအပါအဝင် မြန်နှုန်းမြင့်ပစ်မှတ်များနှင့် အီလက်ထရွန်နစ် 

Jamming ပြုလုပ်မှုများကြားတွင် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်ကို သရုပ်ပြသထားနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံအနေဖြင့် HQ-9B ဒုံးကျည်စနစ်များ လက်ခံရရှိခဲ့ခြင်းသည် ဒုံးကျည်စနစ်နှင့် လောင်စာကိုအပေးအယူပြုလုပ်၍ နိုင်ငံ၏လေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေးစွမ်းရည်များ တိုးတက်ခိုင်မာ၊ အားကောင်းစေရန် ကြိုးပမ်းအားထုတ်မှုကို ဖော်ညွှန်းပြသနေခြင်းလည်းဖြစ်သည်။ တရုတ်နိုင်ငံအတွက် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးတိုးချဲ့လုပ်ဆောင်လာနိုင်မှုဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် မဟာဗျူဟာမြောက်တည်ရှိမှုကို အားဖြည့်ပေးနိုင်မည်ဖြစ်ကာ စွမ်းအင်အရင်းအမြစ်များကို လက်လှမ်းမီနိုင်စေရန်နှင့် အမေရိကန်၏ ထိန်းချုပ်ရေးကြိုးပမ်းမှုများကို တန်ပြန်နိုင်စေမည်ဖြစ်သည်။

အီရန်နိုင်ငံအတွက် ယခုကဲ့သို့ HQ-9B ဒုံးကျည်များလက်ခံရရှိခြင်းသည် ဒုံးကျည်တည်ဆောက်မှုနှင့် နျူကလီးယားအစီအစဉ် ညှိနှိုင်းဆွေးနွေးမှုများကြားတွင် ကာကွယ်ရေးအနေအထားကို ပြန်လည်ထိန်းသိမ်းထားနိုင်ရန် ပံ့ပိုးပေးနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ တရားဝင်မဟာမိတ် သို့မဟုတ် စစ်ရေးသဘောတူချက်ရှိကြောင်းဖော်ပြခြင်းမရှိဘဲ နှစ်နိုင်ငံကြားကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကြီးထွားလာမှုကို သရုပ်ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း သိရသည်။

**China to improve Iran's air defense capacity with new transfer of HQ-9B missile batteries.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၆၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၆၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၅၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၆၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့အပါအဝင် ဒေသရေထွက်ကုန် များကို တင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက ငါးရံ့ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇွန်လထဲမှာ ရန်ကုန်ဈေးကွက်ထဲကို ငါးရံ့တွေကို သိသိသာသာ တင်ပို့မှုကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချမှုကောင်းခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူမှုကောင်းလာတော့ ငါးရံ့မွေးမြူသူတွေနဲ့ ရေလုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မောက်မယ်မြို့နယ် အနောက်ပူယာစန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မောက်မယ် ဇူလိုင် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနောက်ပူယာစန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အနောက်ပူယာစန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မောက်မယ်မြို့နယ် အနောက်ပူယာစန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၅ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **မင်းမြင့်မိုရ်**






# လက်ပံတန်းမြို့နယ် ကျေးနီကျေးရွာ၌ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်



**လက်ပံတန်း ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စု ကျေးနီကျေးရွာ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရန်နှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက်က အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းမြင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းသို့ ကျေးနီကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ယိုအမျိုးမျိုး၊ ဖျော်ရည်အမျိုးမျိုး၊ သီးစုံဂျယ်လီ၊ ပြောင်းဖူးပေါက်ပေါက်၊ စာကလေးခွေ၊ အာလူးကြော်ပြုလုပ်နည်း စသည်တို့ကို ဇူလိုင် ၈ ရက်မှ ဇူလိုင် ၁၄ ရက်ထိ ခုနစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သုတ**




# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး(နေပြည်တော်)၌တွေ့ဆုံရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ အဖွဲ့ဝင် ဦးခင်မောင်ဦး၊ အတွင်းရေးမှူး ဦးရဲရင့်လွင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင် ဦးတင်အောင်၊ ဦးဝင်းလှိုင်ဦး(ခ)ကုန်ဇမှုန်းတို့ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌတို့က ကျင်းပပြုလုပ်ရန်ရှိသော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီးပွင့်လင်းမြင်သာမှုရှိစေရန်၊ ပါဝင်ထိုက်သူများပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန်၊ ဥပဒေနှင့် ညီညွတ်ပြီး သတ်မှတ်သောစံနှုန်းများကိုက်ညီစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလ သုံးခုလုံး၌ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာကိစ္စရပ်များ၊ ကိုယ်ဝန်ဆောင်များအပါအဝင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများမဲပေးနိုင်ရေးကိစ္စများ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပညာပေးမှုကိစ္စများ၊ မြန်မာ Electronic မဲပေးစက်များ (MEVM)ဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကိစ္စများ စသည့်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး၌ မိုးစပါးအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ယခုနှစ် ဒီဇင်ဘာလအတွင်း ပုစွန်သားဖောက်လုပ်ငန်းနှင့် အစာစပ်စက်ရုံလုပ်ငန်းများ စတင်လုပ်ငန်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ လျာထားချက်အတိုင်း အောင်မြင်စေရေး လုပ်ငန်းရှင်များအားလုံးက လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက လက်ရှိပုစွန်မွေးမြူထုတ်လုပ်မှုအခြေအနေနှင့် တိုးချဲ့မွေးမြူထုတ်လုပ်နိုင်မှုအလားအလာများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။




ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ)သို့ သွားရောက်၍ မျိုးဗီဇခေတ်ခွဲခန်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့်မျိုးရေခဲချောင်းထုတ်လုပ်ရေးခေတ်ခွဲခန်းလုပ်ငန်း၊ မျိုးနွားမွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာမြက်အမျိုးမျိုးစိုက်ပျိုးထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး သုတေသနမှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိရေးနှင့် သုတေသနတွေ့ရှိချက်များကို မျိုးဆက်သစ်ပညာရှင်များထံ လက်ဆင့်ကမ်းမျှဝေအသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ပဲခူးမြို့ ကတွင်းခြံကျေးရွာ မိုးစပါးစိုက်ကွင်း၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးအပါအဝင် အဓိကသီးနှံများပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်သီးနှံတိုးချဲ့ စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကတွင်းခြံကျေးရွာ မိုးစပါးစိုက်တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြရာ တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် လယ်ယာသုံးစက်ကိရိယာ ကောက်စိုက်စက်များနှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာများကိုလည်းကောင်း၊ ကောက်စိုက်စက်ဖြင့် အောင်နိုင်တိုးစပါးစိုက်ပျိုးနေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့သည် ပဲခူး ၁၀ မိုင်ကုန်းရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်းအသုံးပြုခွင့်ရရှိထားသည့် ကုမ္ပဏီ၏ မြေနေရာ ဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေး၍ မိုးရာသီကုန်သည်နှင့် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီတင်ပြနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# အပူပိုင်းဒေသ ၁၃ ခရိုင် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပမည့်နေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဘက်စုံသုံးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဒုတိယဝန်ကြီး ဦးမင်းသူ၊အမြဲတမ်းအတွင်းဝန်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း ၂၀၂၅ ခုနှစ်မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပမည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၃၁၄/၀ အနီးရှိ ယခုနှစ်တွင် စိုက်ပျိုးထားသော မိုးရာသီသစ်မျိုးစုံစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေနှင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များ မှာကြားသည်။

ထို့နောက် မိတ္ထီလာမြို့နယ် လိန်တောကြိုးပြင်ကာကွယ်တောအတွင်းရှိ ယခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေး ဝဲယာ ဘက်စုံသုံးစိုက်ခင်း၊ ယခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့်သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပမည့်နေရာတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းတစ်လျှောက် ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများနှင့် ယခုနှစ်တွင် စိုက်ပျိုးထားသော စိမ်းလန်းစိုပြည်ရေး ဘက်စုံသုံးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်း မိုင်တိုင်အမှတ်(၄/၀)တွင် ယခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့်သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပမည့်နေရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းတစ်လျှောက် ၂၀၂၄ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများနှင့် ယခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးဘက်စုံသုံးစိုက်ခင်းများ၊ ညောင်ဦးမြို့နယ် တုရင်တောင်အဆိုပြုကြိုးပြင်ကာကွယ်တောရှိ တုရင်တောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ရေရှည်တည်တံ့စေရေးအတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ အစဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

















ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်ကြည်ညိုသူများ၊ အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိစဉ်။

**ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများနှင့် စည်ကားလျက်ရှိသည်။

ထို့ပြင်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့် သက်ဆိုင်သည့်ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေအနားယူကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်းမိသားစုများအတွက် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ




**နေပြည်တော် ဇူလိုင် ၉**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအနက်နေပြည်တော်ကောင်စီနယ်မြေတွင် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်းမိသားစုများ အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဦးစီးဌာနအသီးသီးမှ ငလျင်ဒဏ်ကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့်ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယနေ့အခမ်းအနားသည် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဝန်ထမ်းများ၏ ပုံမှန်နေ့စဉ်လူနေမှုဘဝကို အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဟင်းချက်အိုးနှင့် လျှပ်စစ်မီးပူတို့ကို ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်ကောင်စီနယ်မြေရှိ မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်းမိသားစု ၄၄ စုအား အိမ်သုံး လျှပ်စစ်ပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ ၄၄ လုံး၊ ရုပ်မြင်သံကြားစက် ၄၄ လုံး၊ ထမင်းပေါင်းအိုး ၄၄ လုံး၊ လျှပ်စစ်ရေနွေးအိုး ၄၄ လုံး၊ လျှပ်စစ်ဟင်းချက်အိုး ၄၄ လုံးနှင့် လျှပ်စစ်မီးပူ ၄၄ လုံးတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းမိသားစု ၄၄ ဦးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည့် အဆိုပါအိမ်သုံးလျှပ်စစ်ပစ္စည်းများကို ဝန်ထမ်းမိသားစုများ ယာယီနေထိုင်သည့်နေရာများသို့ စနစ်တကျပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၉**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံ တိုင်းမှူးက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်း၍ အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး နေ့ဆွမ်းများ ဆက်ကပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက အလှူငွေ၊ ဆိုလာမီးအိမ်နှင့်ဆေးဝါးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အလှူငွေ၊ ဆိုလာမီးအိမ်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဘေးသင့်ဝန်ထမ်းများ ယာယီနေထိုင်ရန် တပ်ဆင်ထားသော Container House များတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်းက ငွေကျပ် ၁၂၃၀၀၀၀၀၊ ဆိုလာမီးအိမ် ၁၂၃ ခုနှင့် မှန်ချိုအကြောပြေလိမ်းဆေးများကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

**လျှပ်စစ်မီတာခ သက်သာဖို့**

**LED ပစ္စည်း သုံးကြစို့။**

# ဝါဆိုစဉ် စာအလင်္ကာများ

**မောင်လူမွှေး(မြန်မာမှု)**

**❖ ဝါဆိုစဉ် ဘုရားရှိခိုးနှင့်စာအလင်္ကာများမှာမူ အများနားလည်နိုင်သောစာပေများဖြစ်သည်။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ ရုပ်လုံး၊ ရုပ်ကြွပန်းချီကား၊ ပြက္ခဒိန်အဖုံး စသည်တို့တွင် ဗုဒ္ဓဘုရားရှင် ဆယ်ဝါမြောက် ပလလဲတော၌ ဝါဆိုစဉ် မျောက်နှင့်ဆင်က အခြံအရံ အလုပ်အကျွေးပြုပုံကို အခါအားလျော်စွာ တွေ့ဖူးကြပါလိမ့်မည်။ ဤသို့သော အခန်းကို မည်သို့မည်ပုံရေးဆွဲသင့်သည်၊ ရေးဆွဲရမည်ကို စွယ်စုံကျော်ထင်ကျမ်းတွင် တွေ့နိုင် . . .**

ဝါဆိုလနှင့် မြန်မာ့ယဉ်ကျေးမှုသည် လက်ခုပ်လက်ဝါး တစ်သားတည်းဆိုသကဲ့သို့ရှိသည်။ လောကနီတိစာပေများတွင် "လ"တကာတွင် နက္ခတ်စုံသောတန်ဆောင်မုန်းလသည်အမြတ်ဆုံးဟု ဖော်ညွှန်းထားသည်။ ဤသို့အဆိုရှိသလို မြန်မာမှုနှင့်ဆိုလျှင်လည်း ဝါဆိုလသည် အခြားလများထက် ထူးခြားသည်ဟု ဆိုချင်သည်။

မြန်မာ့ပြက္ခဒိန်အစီအရင်တွင် သင်္ကြန်တွက်ရိုး၊ နေကြတ်၊ လကြတ်၊ ဝါထပ်၊ ရက်ငင်၊ အဓိမာသ်ပြို/မပြို စသည့်ပြက္ခဒိန်ဆိုင်ရာအကြောင်းအရာများသည် ဝါဆိုလ၏ လပြည့်၊ လကွယ်နေ့ရက်များကို အဓိကထားတွက်ကိန်းဆင် အဟောထုတ်ရပေသည်။ ရှေးမြန်မာမင်းများလက်ထက်လွှတ်တော်မှ ပြန်တမ်းထုတ်ရသည်။ ယနေ့တိုင်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ပြန်နေဆဲဖြစ်သည်။

ရှေးမြန်မာဘုရင်များနှင့်သာသနာပိုင်ဆရာတော်များ အစဉ်အဆက် သက္ကရာဇ်ဖြိုခြင်း၊ ဝါထပ်ရက်ငင်ညှိခြင်း စသည့်ဆုံးဖြတ်ချက်အယူအဆ သမိုင်းစဉ်ဖြစ်ရပ်များသည် ဝါဆိုလကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော နိဒါန်းများဖြစ်သည်။ (ပထမမောင်းထောင်သာသနာပိုင်နှင့်ဗဒုံမင်း စသည်..... ကုန်းဘောင်ခေတ်)

ပြက္ခဒိန်အစီအရင်တွင် ပထမဝါဆို၊ ဒုတိယဝါဆိုနှင့် ရက်ငင်/မငင်၊ သုဒ္ဓဒိန်ဖြစ်/မဖြစ် ဆုံးဖြတ်ချက်များသည် ဝိနည်းဆိုင်ရာအဆုံးအဖြတ်များနှင့် ဆက်စပ်နေသည်။

သံဃာတော်များအနေဖြင့်လည်း ပုရိမဝါဆိုခြင်း (ပထမဝါဆို)၊ ပစ္ဆိမဝါဆိုခြင်း(ဒုတိယဝါဆို)၊ ကထိန်အာနိသင်ရ/မရ စသည့်အကြောင်းအရာများသည် ဝိနည်းအဆုံးအဖြတ်များနှင့်ဆက်စပ်နေပေသည်။

ဝါဆိုအမည် ဝေါဟာရသည် ပုဂံခေတ်ဦးတွင် မြွယ်တာလ - နွယ်တာလ(မြေတိုင်းသောလ)ဟု ကျောက်စာ၊ မင်စာများတွင်တွေ့ရသည်။

ဗုဒ္ဓဘာသာသာသနာ အလွန်အားကောင်းလာသောအခါ မူလပေါရာဏဖြစ်သော မြွယ်တာလ-နွယ်တာလဝေါဟာရ စသည်များသည် တဖြည်းဖြည်းကွယ်ပျောက်ပြီး ဗုဒ္ဓဘာသာကိုအခြေခံသော ဝေါဟာရများဖြစ်လာကြသည့်အနက် ဤ "ဝါဆို" ဝေါဟာရသည် ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ပြုမှုကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝေါဟာရသာဖြစ်လာသည်။ ဝါဆိုဝေါဟာရအသုံးများထွန်းကားလာသလို ဝါဆိုနှင့်ပတ်သက်သော စာပေများရုပ်လုံးရုပ်ကြွပန်းချီအနုပညာများသည်လည်း ၁၂ လရာသီအနုပညာများနှင့်အတူ ပေါ်ပေါက်လာခဲ့ပေသည်။

ပုဂံခေတ် ဘုရားပုထိုးဂူကျောင်းပြာသာဒ်အရပ်ရပ်တွင် ရှိကြသော ၁၂ လရာသီပွဲတော်ဆိုင်ရာအနုပညာများနှင့် ဘာသာရေးဆိုင်ရာပုံတော်စုံများ အသီးသီးရှိကြသည့်အနက် ပုဂံခေတ်တွင် တည်ဆောက်ခဲ့သော ဥပါလိသိမ်တွင်တွေ့ရသည့် ဗုဒ္ဓဝါဆိုစဉ် နံရံဆေးရေးပုံတော်မှာ အလွန်လက်ရာမြောက်၍ ထိုခေတ်ထိုကာလ ဝတ်စားဆင်ယင်မှုများကို ဗဟုသုတအနေဖြင့် မှတ်သားဖွယ်ရာတွေ့နိုင်သည်။ (ကုန်းဘောင်ခေတ် ထပ်ရေးပန်းချီဖြစ်ပါသည်။)

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက် ဒေသအသီးသီးတွင် ဖော်ဆောင်ခဲ့ကြသော ရုပ်လုံးရုပ်ကြွများရှိသလို စာပေဆိုင်ရာများအနေဖြင့်လည်း အသီးသီးရှိကြသည်။ အထူးသဖြင့် ပိဋကတ်စာပေတွင် ဝိနည်းဆိုင်ရာအဖွင့်များပင်ဖြစ်သည်။ သို့သော် ထိုဝိနည်းအဆုံးအဖြတ် အကြောင်းအရာများကို အများစုနားမလည်နိုင်ပေ။ ဝါဆိုစဉ် ဘုရားရှိခိုးနှင့် စာအလင်္ကာများမှာမူ အများနားလည်နိုင်သော စာပေများဖြစ်သည်။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ ရုပ်လုံး၊ ရုပ်ကြွပန်းချီကား၊ ပြက္ခဒိန်အဖုံး စသည်တို့တွင် ဗုဒ္ဓဘုရားရှင်ဆယ်ဝါမြောက် ပလလဲတော၌ ဝါဆိုစဉ် မျောက်နှင့်ဆင်က အခြံအရံ အလုပ်အကျွေးပြုပုံကို အခါအားလျော်စွာ တွေ့ဖူးကြပါလိမ့်မည်။ ဤသို့သော အခန်းကို မည်သို့မည်ပုံရေးဆွဲသင့်သည်၊ ရေးဆွဲရမည်ကို စွယ်စုံကျော်ထင်ကျမ်းတွင် တွေ့နိုင်သည်။

ကြည့်ကန်ရှင်ကြီးမေး၍ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးဖြေဆိုသော စွယ်စုံကျော်ထင်ကျမ်းလာ ပုစ္ဆာအမှတ်-၅၀၀ ၌ "ပလလဲစပ်၊ တောမြိုင်ရပ်၊ ဝါကပ်ကျောင်းတော်ရှိလိမ့်နည်း" ဟူသောအမေးကို ဗုဒ္ဓဝင်ဆိုင်ရာအပဒါန်အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာများကိုကျမ်းကိုးပြု၍ "ဝါကပ်ရာကျောင်းသခ်မ်းမရှိ"ဟု ဖြေဆိုထားလေသည်။

ထို့ကြောင့် အချို့ပလလဲတော ဝါဆိုစဉ်တွင် ကျောင်းသခ်မ်းပုံနှင့် ထည့်သွင်းသရုပ်ဖော်ထားသည်ကို ကျမ်းဂန်နှင့်ကွဲလွဲနေသည်ကို အလွယ်တကူသိနိုင်လေသည်။ ဤသည်မှာ ဗဟုသုတဆိုင်ရာ တစ်စိတ်တစ်ဒေသဖော်ပြခြင်းဖြစ်သည်။ အဓိကဖော်ပြလိုချက်မှာ ဗုဒ္ဓဝါစဉ် စာအလင်္ကာများသာ ဖြစ်သည်။

တစ်ခါသော် ဘုရားကိုးဆူပူဇော်ပွဲတစ်ခုတွင် ဗုဒ္ဓမြတ်စွာ ပလလဲတောတွင်ဝါဆိုစဉ်သီတင်းကျွတ်၍ ရှင်အာနန္ဒာပြန်ပင့်သောအခန်း၌ ပလလဲဆင်မင်းဝမ်းနည်းသော(ရင်ကွဲနာကျ)အခန်းကို ဘုရားကိုးဆူဆရာက အသံနေအသံထားအနိမ့်အမြင့် အဆွဲအငင်အတင်အချပြုပြီး ကြေးစည်သံနောင်ဝေဝေဖြင့် နံနက်အရုဏ်တက်ရွှတ်ဖတ်ရာ အလွန်ကြည်နူးပြီး စိတ်ကူးဖြင့် ကွက်ကွက်ကွင်းကွင်းမြင်ကွင်းပန်းချီ ထင်ဟပ်ခဲ့ဖူးသည်။

ထိုမှစတင်၍ ဝါဆိုစဉ် စာပေအလင်္ကာကို စိတ်ဝင်စားလာရာ ဝါဆိုနှင့်ပတ်သက်၍ စာဆိုပညာရှင်အသီးသီး၏ဝါဆိုစဉ်အလင်္ကာအမျိုးမျိုးကို စုဆောင်းခဲ့သည်။ ဝါဆိုစဉ် စာပေကို ရှေးပညာရှင်များ ရေးဖွဲ့ခဲ့ရာ၌ ကျမ်းတစ်စောင်ပေတစ်ဖွဲ့မဟုတ်ဘဲ ပကိဏ္ဏက(ပြိုးပြွမ်း)စာစုအနေဖြင့်သာ တွေ့ရသည်။ ဥပမာ - ဆရာတော်ဦးဗုဓ် စာစုစာရင်း၊ မုံရွေးဇေတဝန်ဆရာတော်၏စာစုစာရင်း စသည်ထဲတွင် ကြားညပ်ပါသော စာများသာဖြစ်သည်။

အခြားဝါဆိုစဉ်စာအလင်္ကာများမှာလည်း ထိုနည်းတူကျမ်းစာအကြောင်းအရာထဲမှ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်သည်။ ထိုအကြောင်းအရာ(ဝါဆိုစဉ်)များကို စာဆိုများ၏သက္ကရာဇ်စဉ်ဖြင့်ဖော်ပြမည်။

ဝါဆိုစဉ်စာအလင်္ကာများရေးဖွဲ့ကြသည့်စာဆိုကြီးများအနက် ရှေးအကျဆုံးရေးဖွဲ့ခဲ့သူမှာ လောကနီတိကျမ်းပြုပညာရှင် စတုရင်္ဂဗလအမတ်ကြီး(၆၇၅-၇၂၅ ခန့်)ဖြစ်သည်။ ရှေးအကျဆုံးတွေ့ရသော စာပေဖြစ်သည်။ ဂါထာ ၇ ပိုဒ်ရှိသည်။ ပါဠိနိဿယ ရေးဖွဲ့မှုမျိုးဖြစ်သည်။

လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ပထမဝါကို သုံးလပတ်လုံး ဣသိပတနရသေ့ပစ္စေကဗုဒ္ဓါတို့ သက်ကျရာ ဖြစ်သော မိဂဒါဝုန်တော၌ ဝါကပ်တော်မူသည်မှ စတင်၍ လေးဆယ့်လေးဝါမြောက်ပြီး နောက်ဆုံး လေးဆယ့်ငါးဝါကို ဝေဠုဝရွာတွင် သီတင်းသုံး ဝါဆိုတော်မူသော မြတ်စွာဘုရားကိုရှိခိုးပါ၏ဟု ရေးဖွဲ့ထားခြင်းဖြစ်လေသည်။

ဒုတိယတွေ့ရသော ရေးဖွဲ့သူမှာ စိန္တကျော်သူ ဦးဩ(၁၀၉၈-၁၁၃၃)ဖြစ်သည်။ စိန္တကျော်သူ ဦးဩမှာ ကုန်းဘောင်ခေတ်တွင် စာပေပညာရှင်ကြီးဟု အလွန်ထင်ရှားခဲ့သော တွင်းသင်းတိုက်ဝန် မဟာစည်သူ (၁၀၈၈-၁၁၆၈)၏တူတော်ဖြစ်ပေသည်။ ရေးဖွဲ့ထားသောစာအလင်္ကာအမျိုးအစားမှာ ရကန်အမျိုးအစားဖြစ်သည်။ ရကန်စာပေမှာ တစ်ဦးတစ်ယောက်၏ အဆိုကို အကျောက်အကန်လုပ်၍လည်းကောင်း၊ သရော်၍လည်းကောင်း ရေးဖွဲ့ကြသောစာပေအမျိုးအစားဖြစ်သည်။

သူရေးဖွဲ့သော ရကန်တွင်--- "လောကသုံးဦးခေါင်မှန်ဖူး၏ကျေးဇူးစာ၊ ရှေးကဆိုဟန် အတန်တန်သည် ရကန်ရတုမှာပင်၊ ကျမ်းနှင့်စာညီလာဘဲ ဘီးကို-ရှင်မှာမတင်သာသည် တောင်ယာနှင့်ခန္ဓသို့၊ အလွဲလွဲအချွတ်ချွတ်ပညာနည်းသူ ထိုအောက်လူတို့ အယူဝါဒလွတ်ချိမ့်၊ ရှေးစာချွတ်လည်း တည့်မတ်အောင် အာဇာနည်လူ့ယုဉ်မပြုသည် ငါ့တူမင်းရွှေတောင်က၊ ယဉ်လှအောင်စပ်ဆိုဘိ လင်္ကာပုဒ်တွင် သာရအင်နှင့် ရှင်ပင်မိန့်တော်ရှိ၍ စံကဝိလူပုဂ္ဂိုလ် နိဂုံးနှင့်တကွ ပဋ္ဌမကို ပဒပြည့်အောင်ဆိုရှင့်၊ ရကန်ချိုပေါ်သစ်စ ကျမ်းနှင့်ညီအောင် နိဒါန်းဆောင်သည် ရွှေတောင်ဂါမေ်ာကတည်းလေး...။"

စာဆိုဦးဩ၏ဆိုလိုချက်မှာ ဝါဆိုစဉ်နှင့်ပတ်သက်၍ ရှေးပုဂ္ဂိုလ်များရေးဖွဲ့ခဲ့ကြသည့် စာပေများရှိပေသည်။ သို့သော် ပိဋကတ်ကျမ်းစာနှင့်မညီ ကိုရင်ရှင်သာမဏေနှင့်ဘီး၊ တောင်ယာနှင့်ခန္ဓ အဆီအငေါ်မတည့်သလို အလွဲလွဲအချော်ချော်ဖြစ်သည်။ ဤသို့သောစာပေမျိုးကို ကျမ်းနှင့်ညီအောင်ညှိ၍ တူတော်မောင်က ရေးစပ်ပါဟု ဦးလေးတွင်းသင်းမင်းကြီး ဦးထွန်းညိုက တိုက်တွန်း၍ ဤစာကိုကျမ်းနှင့်အညီ ရေးလိုက်သည်။

ဝါဆိုစဉ်နှင့်ပတ်သက်လျှင် မိမိသည် စံပြုလောက်သည့်ပညာရှိကဝိဖြစ်သည်ဟု ကြွားကြွားဝံ့ဝံ့ ရကန်ပီပီ ရေးသားထားခြင်းဖြစ်သည်။ စတုရင်္ဂဗလအမတ်ကြီးနှင့် စိန္တကျော်သူဦးဩတို့၏ခေတ်ကို ချင့်တွက်ပါက နှစ်ပေါင်း ၄၀၀-၄၅၀ ခန့်ကွာဝေးပေသည်။ ကြားကာလတွင် မြန်မာ့သမိုင်းတွင်ထင်ရှားခဲ့သော စာပေပညာရှင်ကြီးများ၊ စာဆိုကြီးများ များစွာပင်ရှိခဲ့ပေသည်။

ထိုပုဂ္ဂိုလ်ကြီးများအနက် အချို့သောစာဆိုပုဂ္ဂိုလ်တို့သည် ဝါဆိုစဉ်နှင့်ပတ်သက်၍ ရေးခဲ့တန်ရာ၏။ ထိုစာပေမျိုးများကို ရှာဖွေစုဆောင်းဆဲ၊ သုတေသနပြုဆဲဖြစ်သည်။ စာဆိုစိန္တကျော်သူဦးဩ၏ ဤရကန်ကိုသာလျှင် စာအလင်္ကာနှင့်တွေ့ရပေသည်။ ရကန် ပိုဒ်ရေ ၅ ပိုဒ်ရေးထားသည်။ အလွန်စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

တတိယတွေ့ရသောဝါဆိုစဉ် စာအလင်္ကာမှာ မုံရွေးဇေတဝန်ဆရာတော်(၁၁၂၈-၁၁၉၀) ဖြစ်သည်။ လင်္ကာအရေးအသားဖြစ်သည်။ မုံရွေးရှင်သီရိမာလာ။ (နောင်သော်-လေှသင်းအတွင်းဝန် ဦးချိန်) မေးမြန်းချက်။ ဗုဒ္ဓဝါဆိုစဉ် အကြောင်းအရာကို လင်္ကာသွားဖြင့် ရေးသားထားခြင်းဖြစ်သည်။ ပိဋကတ်တော်ဆိုင်ရာ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဝဇီရဗုဒ္ဓိဋီကာ၊ သုတ်မဟာဝါ၊ ပရိနိဗ္ဗာနသုတ်၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာ စသည့်ပိဋကတ်တော်ဆိုင်ရာ အထောက်အထားများနှင့် ညှိနှိုင်း၍ ဖြေဆိုကြောင်း ပုစ္ဆာနံပါတ် ၁၆၄ တွင် ဖြေဆို၍ "တက်ထွန်းကျက်သရေ၊ သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိသမီပ၊ ရပ်ဌာနဍ်၊ နှစ်လမှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပာယ်မျှတ၊ နေပြီမှလျှင်၊ ပထမဝါ၊ ဗာရာဏသီ၊ မြိုင်တောမို၏"စသည်ဖြင့် အကျယ်တဝင့်ရေးထားပေသည်။

မုံရွေးဇေတဝန်ဆရာတော်ပင်လျှင်ရေးစပ်သည်ဟု မုံရွေးဇေတဝန်ဆရာတော်၏ စာစုစာရင်းတွင် တွေ့ရသော ဝါဆိုစဉ်ဘွဲ့ဘုရားရှိခိုးကိုလည်း တွေ့ရပေသည်။ "မိဂဒါခေါ်၊ တောရပ်ကျော်ဝယ်၊ ဝါတော်ပထမ၊ ကပ်ချဉ်းစ၏၊ ဒုတိယ တတိယာ၊ ခါစတုတ္ထာ၊ ရောက်ကာလဍ်၊ ရာဇဂဟော၊ တောင်ခြေဝန်းပတ်၊ မြို့မြတ်အပါး၊ ဝါးအလိမ်လိမ်၊ တိမ်ညိုကဲ့သို့၊ စို့သက်တင်ရွက်၊ မြဖူးခက်နှင့်၊ ရှဉ့်နက်တို့အား၊ ရှေးမင်းဖျားတို့၊ အစားအသောက်၊ ချီးမြှောက်တန်ကျွေး၊ ပေးရာကမ်းရာ၊ ဥယျာဉ်သာ၌၊ ရတနာစီမံ၊ ဝေဠုဝန်တွင်၊ ငါးတန်ကိစ္စ၊ နေ့ညမလပ်၊ ဝါတော်ကပ်၏။"

ဆရာတော်၏ ဝါဆိုစဉ်တွင် ဆယ်ဝါမြောက် ပလလဲတောတွင် ဝါဆိုတော်မူကြောင်းကို ...သုညာဇကေ၊ ရောက်ကာလသော်၊ ဖော်ကဖဲခွာ၊ ကိုယ်ထီးသာလျှင်၊ နေရာကောင်းမည်၊ ကြံအစည်နှင့်၊ အရှည်မျှော်ထောက်၊ တစ်ယောက်ထည်းထည်း၊ ကုသိုလ်ဆည်းသည်၊ ပလလဲမည်တွင်၊ ဆင်၏ပျော်ရာ၊ မြိုင်သာဂီရိ၊ ရက္ခိတတော၊ မြတ်ခြေကြော၌၊ အံ့ဩလေအောင်၊ ဆောင်သည်မယွင်း၊ ပင်ရင်းပင်ဖျား၊ ဖားတဝေဝေ၊ ဝတ်မှုန်တွေနှင့်၊ ရွှေအရောင်ဝ၊ အရှိန်ထသည်၊ ဘဒ္ဒသာလ၊ နာမသန့်ရှင်း၊ နတ်တလင်းသို့၊ အင်ကြင်းပင်သွယ်၊ တောမြိုင်လယ်မှာ၊ ညာဘယ်ဝဲယာ၊ သံဃာမရံ၊ ကိုယ်တည်းစံ၍၊ သံတိန်တရှိန်း၊ ဝါဆိုမှိန်းသည်၊ တွက်ကိန်းဆယ့်နှစ်ရောက်ဆဲတည်း။

စတုတ္ထမြောက်တွေ့ရသောစာမှာ ဆရာတော်ဦးဗုဓ်(၁၁၄၉-၁၂၀၄)ရေးဖွဲ့သော ဝါဆိုစဉ်ဖြစ်သည်။ ပါဠိ ၅-ဂါထာဖြင့် ရေးထားသည်၊ နိဿယနှင့်ပြန်ဆိုထားခြင်းဖြစ်သည်။ **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

နိဂုံးတွင်– …တတ္တတက္ကာ၊ ထိုထိုပြည်ရွာ၌ လေးဆယ့်ငါးဝါတို့ပတ်လုံး။ ဝသန္တော၊ ဝါကပ်ဆိုတော်မူလျက်။ လောက ဟိတာဝဟံ၊ လူတို့၏ပစ္စုပ္ပန်သံသရာနှစ်ဖြာသောအကျိုးစီးပွားကို ရွတ်ဆောင်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဟု ရေးသားထားသည်ကို တွေ့ရှိရသည်။ နိဿယစာသွားတွင်ကာရန်ကိုက်အညွန့်များမပါရှိဘဲ ရိုးရိုးပြန်ဆိုထားသည်ကိုသာ တွေ့ရသည်။

ပဥ္စမမြောက်တွေ့ရသောစာမှာ ဒုတိယမောင်းထောင်ဆရာတော်(၁၁၆၁–၁၂၂၇)၏ ဝါသမာလိနီကျမ်းခေါ် ဗုဒ္ဓဝန္ဒနာမဟာပဏာမကြီး ဝါဆိုစဉ်ဘုရားရှိခိုး ပါဠိဂါထာနိဿယပြန်စာပေဖြစ်သည်။ ဂါထာပေါင်းပုဒ်ရေ(ခြောက်ဆယ်)၊ ဆုတောင်း(နှစ်ဂါထာ)၊ နိဂုံးဂါထာ(လေးပုဒ်) စပ်ထားလေသည်။

ဤစာအလင်္ကာကိုရေးသောကာလသည် ပုဂံမင်းနှင့် ညီတော် မင်းတုန်းမင်း၊ ကနောင်မင်းတို့ စစ်ခင်းတိုက်ခိုက်မှုကြောင့် မတ္တရာမြို့သို့ စစ်ရှောင်ရင်းအိုးထိန်းသည် ရွာငယ်တွင် သီတင်းသုံးနေစဉ် ရေးဖွဲ့တော်မူသော စာအလင်္ကာဖြစ်သည်။

ဤဝါသမာလိနီကျမ်းကို မင်းကွန်းတိပိဋကဆရာတော်ကြီးက ထေရဝါဒလွှမ်းမိုးသော သီဟိုဠ်နိုင်ငံတွင်ပင်မတွေ့နိုင်သော ပါဠိစာပေအရေးအသားဖြစ်ကြောင်း၊ ဂါထာအရေးအသားတွင် အံ့ဩဖွယ်ရာစံတင်စရာမှုတစ်ခုဖြစ်ကြောင်းကို မိန့်ဆိုခဲ့ဖူးသည်။ ပါဠိစာအရေးအသားတွင် ဆန်းဂိုဏ်းအလင်္ကာနှင့်အညီ တန္နုမဇ္ဈာဂါထာ၊ ကုမာရလလိတာဂါထာ၊ စိတ္တရပဒါဂါထာ၊ မာနဝကဂါထာ၊ မတ္တာဂါထာ စသည်ဖြင့် ဂါထာအမျိုးအစားများကိုလည်း ညွှန်းထားလေသည်။

မြန်မာလို ဥပမာပေးရပါက ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ လေးဆစ်၊ သဖြန်၊ တေးထပ်၊ ရှစ်ဆယ်ပေါ်တေးထပ်၊ လူးတား၊ လွမ်းချင်း၊ အဲချင်း စသည့်ရေးဖွဲ့မှုမျိုးကဲ့သို့ ဝါဆိုစဉ် (လေးဆယ့်ငါးဝါ)ကို အဆင့်ဆင့်ရေးဖွဲ့ထားလေသည်။

စာဆိုဆရာတော်၏ ဆုတောင်းနှင့်နိဂုံးသည် အလွန်ထူးခြားလှပေ၏။ ကုန်းဘောင်ခေတ်နှောင်း၏ သမိုင်းအချိုးအကွေ့တစ်ခုကိုလည်း ပြထားလေသည်။ ရှေးစာဆိုတို့၏ဆုတောင်းများသည် လေ့လာဖွယ်၊ မှတ်သားဖွယ်၊ ကျင့်သုံးဖွယ်များရှိကြရာ ဆရာတော်၏စာသည်လည်း ထို့အတူပင်ဖြစ်ပေသည်။

ဆဋ္ဌမမြောက်တွေ့ရှိရသော ဝါဆိုစဉ် စာအလင်္ကာမှာ ကျီးသဲလေးထပ်ဆရာတော်(၁၁၇၉–၁၂၅၇)၏ ဇိနတ္ထပကာသနီကျမ်းပါသော ဝါဆိုစဉ်အကြောင်းအရာဖြစ်သည်။ အဋ္ဌကထာပါဒ်များကိုလည်း ညွှန်းဆိုထားပေသည်။ လင်္ကာမှာတိုသလောက် အနက်အဓိပ္ပာယ်သက်ရောက်မှုရှိလှပေသည်။ "…ဒွါတိဇယ၊ ရာဇဂဟံ၊ ဝေဠုဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လစ္ဆဝီဝိဟာ၊ ဆဝါမကုလ၊ သတ္တမဝတီသာ++++ ဤလူ့သက္ကရာဇ်၊ အင်္ဂဇောဏော်၌၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏာမီစွေ၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား"+++++ အကျဉ်းချုပ်သံခိပ်အနေနှင့်ရေးထားလေသည်။ ဘုရားရှိခိုးရုံမျှသာဖြစ်သည်။ ဆုတောင်းခြင်းမပါပေ။

သတ္တမမြောက်တွေ့ရှိရသည်မှာ တောင်ခွင်သာသနာပိုင်ဆရာတော် ဦးဝိသုဒ္ဓသီလာစာရ (၁၂၀၆–၁၂၈၇)ဖြစ်သည်။ ဆရာတော်မှာ သီပေါမင်းသား၊ ရနောင်မောင်မောင်တုတ်၊ ရစ်ပလေ (နောင်သော်ဟံသာဝတီပုံနှိပ်တိုက် တည်ထောင်သူ)တို့နှင့်ကျောင်းနေဖက်ဖြစ်သည်။ ဆရာတော်က အနည်းငယ်ကြီးသည်။ သက်ကြီးပိုင်းတွင် ကင်းဝန်မင်းကြီးဦးကောင်း၊ ဝက်မစွတ်နဝဒေး၊ ပုဂံဝန်ထောက်မင်းဦးတင် စသည့်ပုဂ္ဂိုလ်များ၏အမေးကိုဖြေဆိုရာဖြစ်သော ပညာဗျာကရဏ ဝိနိစ္ဆယတို့ဖြင့် ထက်ဝန်းကျင်ပြည့်သောဂုဏ္ဍတ္ထဝိနိစ္ဆယကျမ်းကြီးတွင်ပါဝင်သော ဝါဆိုစဉ် အကြောင်းအရာဖြစ်သည်။ စကားပြေနှင့်ဖြေဆိုထားပြီး လင်္ကာဖြင့်ပါ ထပ်ဖြည့်ထားလေသည်။ ထိုသို့ရေးသားရာ၌ ကြိုးကြားကြိုးကြားတွင် ကာရန်များကိုင့်၍ အချက်အလက်များကို ဖြည့်ကာ "ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ လုံးပြည့်ကယ်မူ၊ ပြုဘွယ်ငါးပါး၊ ဘုရားကိစ္စ၊ ဟူသမျှကို၊ တစ်စမကြွင်း၊ ပြီးစေလျှင်းမှ၊ ကဆုန်လ၌၊ မလ္လတိုင်းပြည်၊ ပြည်ကုသိနာ၊ လက်ယာဒွါရ၊ အပထွက်၍၊ နောက်အကွေ့ဝယ်၊ ပျော်မွေ့စံရာ၊ မင်းမလ္လာတို့၊ ရိပ်သာပြန့်ပြော၊ အင်ကြင်းတော၌၊ ရမိုက်ငါးဖြာ၊ ခန္ဓာဟူသည်၊ သွားစည်အလေး၊ ညစ်ကြေးမလိမ်း၊ ကင်းကွာငြိမ်း၏"ဟုဖွဲ့ဆိုထားသည်။

အဋ္ဌမမြောက်တွေ့ရသော ဝါဆိုစဉ်စာအလင်္ကာမှာ မြန်မာ့စာပေသမိုင်းရေးတွင် "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်း သုညာ၊ သုဉ်းသုံးဝဖြင့် သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်–ကောင်း၏…"ဟူသော စာအလင်္ကာကို ကင်းဝန်မင်းကြီးသို့ရေးပို့ခဲ့သော ဆီးဘန်းနီဆရာတော်ဖြစ်လေသည်။ သူ၏ကဝိမဏ္ဍနမေဒနီကျမ်းအဖွင့်တွင် ဝန္ဒနာဂါထာဖြင့် ရေးဖွဲ့ထားလေသည်။ ဂါထာပါဒ်နိဿယ အရေးဖြစ်ပေသည်။ နှစ်ဆယ့်သုံး(၂၃) ဂါထာရှိပေသည်။ နိဿယစာပိုဒ်တိုင်းတွင် အောက်ခြေမှတ်ချက်ပေး၍ဂါထာအမျိုးအစားနှင့်ရှေးဆရာတော်ကြီးများ၏အဆိုအမိန့်များကိုပါ ရည်ညွှန်းထားလေသည်။

နဝမမြောက်တွေ့ရသော ဝါဆိုစဉ်စာမှာ ကဗျာ့ကဝိကဗျာ့ဝိဒူ၊ မကာရလောပအကျော် မန်လည်ဆရာတော်ဘုရား(၁၂၀၃–၁၂၈၂)၏မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၏ နိဂုံးပိုင်းပိုဒ်ရေ ၅၇၃ တွင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဆရာတော်၏ထိုဝါဆိုစဉ်အကြောင်းအရာအချက်အလက် ချိတ်ဆက်မှု ဂုဏ်ရသ၊ အလင်္ကာများကိုညွှန်းဆိုနိုင်ခြင်းငှာ မစွမ်းသာပါ။ ရွှေဖလားကို အနားမကွပ်ဝံ့ဟုလည်းဆိုချင်ပါ၏။ ဤမျှအထိကောင်းလွန်းလှသည်။

ဘုရားရှိခိုးမဟုတ်၍ ရှိခိုးပါ၏ဟူသော အသုံးလည်းမပါ။ ဆုတောင်းခြင်းလည်းမပါပေ။ သာသနာ့သမိုင်းစဉ်နိဒါန်းအနေနှင့် (သာသနာ့သန္တိကေနိဒါန်း) အနေနှင့်ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဒသမမြောက်တွေ့ရသော စာပေမှာ ဘိုကလေးဦးသက်ရှည်(၁၂၃၇–၁၃၁၆)ဖြစ်သည်။ ဘိုကလေးဦးသက်ရှည်သည် လန်ဒန်အတ်၊ မဂ္ဂဇင်းအယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ လန်ဒန်အတ်ရုပ်ရှင်ဒါရိုက်တာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ကိုယ်တိုင်သွား၍ ဗုဒ္ဓဝါဆိုတော်မူရာ၊ နေရာဌာနအသီးသီးသို့သွားရောက်ပြီး နေရာတော်အလိုက် ဥပမာ– ဒုတိယ၊ တတိယ၊ စတုတ္ထမြောက်ဝါတို့ကို ဝေဠုဝန်ကျောင်းတော်( ၁၃ ဝါ၊ ၁၈ ဝါ၊ ၁၉ ဝါ) မြောက်တို့ကို ဇာလီယတောင်၊ ကောသမ္ဗီ၊ သိဃ်သနဂိုရ်၊ မကုလတောင်၊ ပလလဲတော၊ နိဂြောဓာရုံ စသည့် ဝါဆိုရာနေရာတော်များကိုရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုသို့ရေးသောအခါမှာ လေးချိုး၊ တေးထပ်၊ ဧကပိုဒ်ရတု စသည်ဖြင့် ရေးသားထားလေသည်။ ထိုသို့ရေးသည့်အပြင် ရုပ်ရှင်လည်းရိုက်ခဲ့ကြောင်း ရုပ်ရှင်မှာ "ဝါတော်စဉ်"အမည်ဖြင့် ပြသခဲ့ကြောင်း သိရှိရသည်။

အမည်မသိစာဆိုရေးစပ်သည့် ဘုရားကိုးဆူ ဆွမ်းတော်ကပ်ဝါဆိုစဉ် ဘုရားရှိခိုးအမွှန်းကိုလည်း တွေ့ရသည်။ ဘုရားကိုးဆူဆွမ်းကပ်ဆို၍ ကုန်းဘောင်ခေတ် ဦးကပင်ရှိခဲ့ရာ၏ဟု သုံးသပ်နိုင်သည်။ အလောင်းဘုရား ဦးအောင်ဇေယျယိုးဒယားကိုအောင်နိုင်ပြီး ယိုးဒယားယဉ်ကျေးမှုများနှင့်ဆက်စပ်လာရာ ဘုရားကိုးဆူ ဆွမ်းကပ်ယဉ်ကျေးမှုဖြစ်ပေါ်လာသည်။

ကုန်းဘောင်ခေတ်နှောင်းနှင့် ဗြိတိသျှခေတ်ဖြတ်သန်းခဲ့သော ဝက်မစွတ်မြို့စား၏နေ့စဉ်မှတ်တမ်းတွင် ဘုရားကိုးဆူပွဲကျင်းပသည့်အိမ်များသို့ မကြာခဏသွားရောက်ရကြောင်းကို တွေ့ရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း မြန်ပြည်အနှံ့တွင် ဘုရားကိုးဆူ ဆွမ်းကပ်ရှိခဲ့ပေသည်။ ရေးရုပ်ရှင်(အဖြူအမည်းရုပ်ရှင်) များတွင်လည်း ဘုရားကိုးဆူဆွမ်းကပ်မကြာခဏပါသည်ကို တွေ့ရသည်။ ထိုဘုရားကိုးဆူဆွမ်းကပ်တွင် ဘာသာရေးဆိုင်ရာဘုရားရှိခိုး အမွှန်းအမျိုးမျိုးရှိပေသည်။ ထိုအထဲတွင် ဤဝါဆိုစဉ်ဘုရားရှိခိုးအမွှန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဘုရားကိုးဆူဆွမ်းကပ်စာတမ်းကို ကျီးသဲလေးထပ်ဆရာတော်က စတင်ရေးသားခဲ့သည်ကို တွေ့ရပေသည်။ နောင်သော် ဦးစိန်ဖေ၏ ဘုရားကိုးဆူ ပူဇော်နည်းစာအုပ်မှာ ထင်ရှားပေသည်။ ရှေ့သမ္ဘဇဉ် ဘုရားကိုးဆူဆရာကြီးများဖြစ်ကြသော ဣန္ဒာသယဆရာလှ၊ ဓမ္မစရိယဆရာခင်၊ ဆရာအောင်၊ မဏ္ဍလာသောင်း၊ ဣန္ဒိတံဆရာတင်၊ ဘိုကလေးဆရာလှ၊ ဆရာထွန်း တို့မှာထင်ရှားခဲ့ပေသည်။ ထိုဆရာတို့ထံမှ ရရှိသောစာမူဖြစ်သည်။

"…ညနေချမ်းအခါသာသည့်နတ်လမ်း၊ ဗောဓိပင်
ရှိရာစခန်းသို့ ကြွတော်မူ၊ သောတ္ထိယ ဇေင
လှူသည့် မြက်ရှစ်ဆုပ်ကိုကြဲကာဖြန့်၊ တစ်ဆယ့်
လေးတောင်အပြန့်ကျယ်သော အပရာဇိတ
ပလ္လင်ဗွေ၊ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက်၊
ဘုရားမဖြစ်က ငါမထဟု စတုရင်္ဂ ဝီရိယဖြင့်၊
အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်း၊ ရွှင်လန်းဖူးမြော်
နတ်တို့၏အပူဇော်ကို ခံတော်မူလျက်…"

စသဖြင့် ဝါဆိုတော်နေရာများကို တစ်ဝါချင်း တစ်ဝါချင်း နေရာတော်အလိုက် အမွှန်းရေးထားလေသည်။

"…ရာဇဂြိုဟ်ပြည်သို့ တစ်ဖန်ရောက်၍မကြာ၊ အနာ
ထပိဏ်သူဌေးကြီးအား ကျောင်းဆောက်ရန်
ခွင့်ပေး၊ လေးဝါကျွတ်စအခါ၊ ဝေသာလီပြည်သို့
ကိုယ်တော်တိုင်ကြွ၊ ပဥ္စမဝါဆိုခါနီးတွင်၊ ဖခင်
သုဒ္ဓေါဒနမင်းကြီးကား ပရိနိဗ္ဗာန်စံ၊ ပြန်၍
သဂြိုဟ် ဘိက္ခုနီမအဖြစ်ကို မိထွေးတော်ဂေါတမီ
တောင်းပန်၊ အတန်အတန်မြစ်တား၊ ဂရုဓမ္မတရား
ရှစ်ပါးဖြင့် နောင်ဆုံးအခါခွင့်ပြု…"

စသဖြင့် ဗုဒ္ဓဝင်ဖြစ်တော်စဉ်အလိုက် ကွက်ကွက်ကွင်းကွင်းမြင်အောင်ရေးထားလေသည်။

ခေတ်ဟောင်းသီချင်းတွင် မကြည်အောင်သီဆိုသည့် ဗောဓိပင်နှင့်ရွှေပလ္လင်သီချင်းပါ စာသားများမှာ ဤဘုရားကိုးဆူအမွှန်းပါ စာအလင်္ကာများနည်းမှီ၍ ဆရာရွှေတိုင်ညွှန့်က တေးပြုထားသည်ကိုသိနိုင်ပေသည်။

ရှေးတေးရေးဆရာကြီးများ ဂီတာဦးစိမ်းမောင်၊ သဟာယဆရာတင်၊ လှည်းတန်းဦးလူကလေး စသည့်တေးသီချင်းစာသားများသည် ဤကဲ့သို့သော စာပေများမှ မြစ်ဖျားခံလာသည်ဟု အလျဉ်းသင့်၍ ဖော်ပြလိုက်ရသည်။ ခုနှစ်သက္ကရာဇ်စဉ်ကိုမူအတိအကျမဆိုနိုင်ပေ။

အမည်မသိစာဆိုပင်လျှင် ရေးစပ်ထားသော ဝါဆိုစဉ်ဘုရားရှိခိုးတစ်ခုလည်းရှိပေသည်။ ဘုရားရှိခိုးဆိုသည်နှင့်အညီ

"…ဩကာသ ဩကာသ ဩကာသ သုံးလူ့ထွတ်
တင်၊ မြက်ရှစ်ပင်သည်၊ ချစ်ရှင်ဓမ္မရာဇ်၊ ဘုရား
ဖြစ်၍၊ နှစ်လေးဆယ့်ငါး၊ လူ၊ နတ်များကို၊ တရား
မြွက်ဖော်၊ ကျွတ်တမ်းခေါ်သည်၊ ဝါတော်အစ၊
ပထမကား၊ ဓမ္မစကြာ၊ ဟောမြွက်ရာသည်၊ မိဂ
ဒါဝုန်၊ ရဂုံထူပြော၊ သာသည့်တောဝယ်…"

ဟု လေးဆယ်နှင့်ငါးဝါတို့ကာလပတ်လုံးကို ရေးဖွဲ့ပြီး

"…တစ်နေ့မပြတ်၊ သုံးလူ့နတ်ကို၊ လေးမြတ်ရှိသေ၊
ဂါရဝေဖြင့်၊ နေ့လည်းဦးတင်၊ အိပ်လျှင်ရှိခိုး၊
နိုးလျှင် ဆောက်တည်၊ စိတ်ကြည်သန့်ရှင်း၊
ကိုယ် တွင်းမြဲအောင်၊ သွားတိုင်းဆောင်၍၊
နောင်နိဗ္ဗုတာ၊ ရောက်ချင်ပါသည်။ ။လိုရာဆန္ဒ
ပြည့်စေသော၀် မြတ်ရှင်စော ဩကာသ ဩကာသ
ဩကာသ။…"

ဟု နိဂုံးချုပ်ထားလေသည်။

ယခုတင်ပြမည့် အမည်မသိစာဆိုရေးစပ်သည့် ဝါဆိုစဉ်ပျို့မှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် အမှတ်စဉ်(၆၂၄၆) (၁၃)ရွက် (၉)ကြောင်းပေမူတစ်ခုကို တွေ့ရသည်။ စာရေးကူးသူမှာ မောင်လူလှဟု တွေ့ရသည်။ သက္ကရာဇ်–၁၂၅၇၊ ခရစ်နှစ်–၁၈၉၅ တွင် ဖြစ်သည်။ စာဆိုအမည်နှင့်ရေးဖွဲ့သော နှစ်ကိုလည်းမသိရပေ။ ရေးကူးသောနှစ်ဝန်းကျင်မှာ ဒီးဒုတ်ဦးဘချို၊ ဦးဖိုးကျား၊ ဦးစိန်တင်(သိပ္ပံမောင်ဝ)မွေးဖွားသောနှစ်များတစ်ဝိုက်ဖြစ်သည်။ မန်လည်ဆရာတော်၊ ဘိုကလေးဦးသက်ရှည်တို့ထက် နောက်ကျသည်။

"… ဇေယျတု။ ။ အရဟံအစ၊ နဝဂုဏ်တော်၊
ထိန်ထိန်ကျော်သား၊ သုံးဘော်သခင်၊ မြတ်ချစ်ရှင်သည်၊
ဒီပင်္ကရာ၊ သုံးလူ့ချာ၏၊ ပါဒစက်ကွင်း၊ ခြေတော်ရင်း၌"

အစချီကာ တစ်ဝါချင်းတစ်ဝါချင်းကို ဗုဒ္ဓဝင်ဖြစ်တော်စဉ်ဖြင့်ရေးဖွဲ့ထားလေသည်။ အခြားတွေ့ရှိချက်တစ်ခုမှာတက္ကသိုလ်များ ဗဟိုစာကြည့်တိုက်–

ဝါဆိုစဉ်(၅၄၁၅)(တဗစ)၊ သကြဇ် ၁၀၀၂ ရာဥတု
တခုလဆန်နှစ်ရက် တနင်္လာ နေစမ်ပေါ်တွင်
ဝါဆိုဝ်စဉ် စာကိုဝ်ငင်မွံစွာ ရေးကူး၍ ပြဥ္စုစုမ်
သဉ်ဩ၊ ဒိ၊ ပု။ အာ။**(မူရင်းသတ်ပုံအရေးအတိုင်း)**

ဤရေးကူးသော သက္ကရာဇ်စဉ်မှန်ပါက ဤဝါဆိုစဉ်ဝတ္ထုကြီးမှာ ရှင်သန်ကို၊ သဓမ္မာလင်္ကာရဆရာတော်၊ ဆီသည်ရွာသားဦးအောင်ကြီးတို့မတိုင်ခင် ရေးဖွဲ့ခဲ့သောဝါဆိုစဉ်ကြီးဖြစ်သည်။ ပေအင်္ဂါများဖြစ်ပေသည်။ ဝါတော်တစ်ဝါချင်းကိုအကြောင်းအရာပတ်ဝန်းကျင်အနေအထားဖြစ်စဉ်တို့နှင့်ရေးဖွဲ့ထားရာ အလွန်ထူးခြားသော ဝါဆိုစဉ်စာအလင်္ကာဖြစ်ပေသည်။

အထက်ဖော်ပြပါ တွင်းသင်းတိုက်ဝန် မဟာစည်သူစိန္တကျော်သူဦးဩတို့ မတိုင်ခင်က ရေးဖွဲ့ခဲ့ကြသည့်စာများရှိသည်ကို အထောက်အထားအရသိရပေသည်။ ထိုဝါဆိုစဉ်နှင့်ပတ်သက်၍ အကျယ်တဝင့်သုတေသနပြုရေးကူးမည်ဖြစ်သည်။

ရွှေတိဂုံပရဝဏ်အတွင်း ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များ ၈၅ ဖွဲ့ရှိပေသည်။ ထိုအထဲတွင် မင်္ဂလာဗျူဟာ ပိဋကဗျူဟာအသင်းဆိုသည်ရှိပေသည်။ ပိဋကဗျူဟာအသင်းသည် (၂၄.၅.၂၀၂၅) တွင် နှစ် ၅၀ ရွှေရတုပြည့်ခဲ့သည်။ ထိုအသင်းသည် ပိဋကတ်တော်ဆိုင်ရာဗုဒ္ဓစာပေဆိုင်ရာများနှင့်ပတ်သက်၍ ရှားပါးသော တိမ်မြုပ်ပျောက်ကွယ်နေသော စာပေများကို ပုံနှိပ်ထုတ်ဝေသော အဖွဲ့အစည်းဖြစ်သည်။ ရှားပါးသောစာမူများ ဤကဲ့သို့သော စာပေမျိုးကို ပို့ပေးနိုင်ပါကြောင်း အကြောင်းကြားနိုင်ပါကြောင်း(ဖုန်း– ၀၉–၅၀၁၀၅၀၆၊ ၀၉–၅၁၈၈၇၅၄၊ ၀၉–၅၁၂၅၉၆၄)တင်ပြအပ်သည်။ စာရှုသူများ ဗုဒ္ဓဝါဆိုစဉ်နေရာတော်ကို အာရုံပြုကုသိုလ်ယူ၍ အိုးအိမ်နေရာမှသည် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်၊ နိုင်ငံအထိငြိမ်းချမ်းမှုဖြစ်ပါစေကြောင်း ဆုတောင်းနိဂုံးကို ဒုတိယမောင်းထောင်သာသနာပိုင်၏ ဝါဆိုစဉ်ကျမ်းပြီးဆုတောင်းအတိုင်း တင်ပြနိဂုံးချုပ်အပ်ပါသည်။

"ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကံကြောင့်။ ပရံ၊ လွန်မင်းစွာ။ အရိ၊ ယခုဖြစ်သော ရန်စစ်ကြီးသည်။ ဝတ၊ စင်စစ်။ ပေမံ၊ အချင်းချင်း ချစ်မြတ်နိုးကြသည်။ ဟုတွာ၊ ဖြစ်၍ သိဗ္ဗတု၊ မပင်မပန်း ငြိမ်းချမ်းသာယာမေတ္တာသက်ဝင်၍ အောင်မြင်ပြီးစီးစေသတည်း။ သုဒေဝေါ၊ သမ္မာဒေဝနတ်သည်။ ရက္ခတု၊ ရင်ဝယ်သားကဲ့သို့ သနားစုံမက် နှစ်သက်ကြည်စွာစောင့်ပါစေသတည်း။ ဥဒ၊ ထိုမြို့။ တော် ဇိနဝစနံ၊ ဤမြတ်ဘုရားသာသနာတော်သည်။ ဝမုတု၊ စည်ပင်ပြန့်ပွားများစေသတည်း။

နိဋ္ဌိတံ၊ ဝါသမာလိနီမည်သော ထောမနာ ဝန္ဒနာအပြီးသို့ရောက်၏။ ။"

# တိုင်းစစ်ဌာနချုပ်များ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဇူလိုင် ၉**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များရှိ သတ်မှတ်နေရာများ၌ အသီးသီးပြုလုပ်ရာ သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သံဃာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြ၍ ဆရာတော်ကြီးများထံမှ အနုမောဒနာတရားများ နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

# တောင်ကြီးမြို့နယ် အေးသာယာမြို့ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံသစ်ဆောက်လုပ်ပြီးစီး၍ ရေစက်ချလှူဒါန်းပွဲ ပြုလုပ်



တောင်ကြီးမြို့နယ် အေးသာယာမြို့ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံသစ်ဆောက်လုပ်ပြီးစီး၍ ရေစက်ချလှူဒါန်းပွဲ ပြုလုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံသစ်ဆောက်လုပ်ပြီးစီး၍ ရေစက်ချလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဓမ္မာရုံ၌ ပြုလုပ်ရာ အေးသာယာမြို့ ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏဝရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာ တော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားများ နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဉက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကချင်ပြည်နယ် ဖားကန့်မြို့၌ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ အရပ်သားပြည်သူ တစ်ဦးသေဆုံး

နေပြည်တော် ဇူလိုင် ၉

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။


ကချင်ပြည်နယ် ဖားကန့်မြို့၌ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူ ထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့မှုကြောင့် ဗုံးသီးတစ်လုံးကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ။




ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၈ ရက် ည ၉ နာရီ ၅၅ မိနစ်တွင် ကချင်ပြည်နယ် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်သို့ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရုံးဝင်းအတွင်းရှိ သွပ်မိုး၊ ပျဉ်ကာ ခြောက်ခန်းတွဲ နေအိမ်လိုင်းခန်းပေါ်သို့ လက်နက်ကြီးဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် နေအိမ်လိုင်းခန်းအတွင်း နေထိုင်သူများဖြစ်ကြသည့် ဒေါ်မေရီဇင်အောင် ၃၄ နှစ်တွင် ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အဆိုပါရုံးမှ ယာဉ်မောင်းဖြစ်သူ ဦးသန်းထိုက်စိုး ၃၃ နှစ်၊ ဒေါ်အေးအေးခိုင် ၄၇ နှစ်နှင့် ဒေါ်နွဲ့ကြည် ၆၂ နှစ်တို့ သုံးဦးတွင် ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့၍ သေဆုံး၊ ဒဏ်ရာရရှိသူများကို ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသည့် နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်နေမှုများကြောင့် နိုင်ငံ့ဝန်ထမ်းနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရရှိမှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင် ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် သုံးဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၄၈ ဒသမ ၇၉၇ ကီလို သယ်ဆောင်ရောင်းဝယ်သူများကို ဖမ်းဆီးရမိမှု။



☆ ကျောဖုံးမှအဆက်

FORD RANGER မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ သုံးဦးအနက် ဟန်ထွန်းနိုင်(ခ) စိုင်းကျော်မိန်းသည် မူးယစ်အမှုများဖြင့် အလိုရှိ တရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘုန်းမြင့်ကျော်(ခ)ဦးတီပွားနှင့် ဇော်ဇော်နောင်(ခ)ကိုနောင်တို့ကို အောင်ပန်းမြို့ လှည်းရိုးရပ်ကွက်ရှိ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဘုန်းမြင့်ကျော်(ခ) ဦးတီပွားမှာလည်း မူးယစ်အမှုဖြင့် အလိုရှိ တရားခံပြေးတစ်ဦးဖြစ်ကြောင်း သိရှိရပြီး ဖော်ထုတ်ချက်အရ သီပေါမြို့နယ် ကုန်းသာကျေးရွာနေ အောင်ဖြိုးသူနှင့် မိုင်းရယ်မြို့နေ စိုင်းစောတို့က မူးယစ်ဆေးဝါးများကို လွှဲပြောင်းပေးခဲ့သူများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဇူလိုင် ၉

ယနေ့ ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ (မိုး/ဇလ)

## ၂၀၂၅ ခုနှစ် ဇူလိုင် ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ထူးခြားသည့် နေ့အပူချိန်များ

(၉ - ၇ - ၂၀၂၅)

| | | | | |
|---|---|---|---|---|
| ညောင်ဦး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပုသိမ် | ၃၃ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မအူပင် | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Naing (user886751789)" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ခုန်တိုင်းကျေးရွာနေ အောင်နိုင်ဝင်းအား နံနက် ၁၀ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အာဖဂန်နစ္စတန်နှင့်ဆက်ဆံရေးတိုးချဲ့လာသော ရုရှားနိုင်ငံ

မောင်စိန်အိ(နဘဲမြေ)

ရုရှားနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် မတည်ငြိမ်မှုများ မြင့်တက်လာသည့်ကြားတွင် အာဖဂန်နစ္စတန်နှင့်ထိတွေ့ဆက်ဆံမှုကို တဖြည်းဖြည်းချင်း ခိုင်မာအားကောင်းအောင်လုပ်ဆောင်လာလျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာအာရုံစိုက်မှုသည် ကမ္ဘာ့သတင်းခေါင်းကြီးပိုင်းများတွင် ဖော်ပြထားသည့် ပြဿနာများအပေါ် အာရုံစိုက်နေသည့်အချိန်တွင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ သတိမထားမိသည့် အပြောင်းအလဲများလည်းဖြစ်ပေါ်လာလျက်ရှိသည်။ ရုရှားသည် အာဖဂန်နစ္စတန်အပေါ်ထားရှိသည့် ၎င်း၏မူဝါဒနှင့်စပ်လျဉ်း၍ တိုင်းပြည်အတွင်း အလုပ်သမားများ ဝင်ရောက်ခွင့်ပြုခြင်းအားဖြင့် မဟာဗျူဟာမြောက် ချမှတ်လုပ်ဆောင်လာလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်ကပြုလုပ်သည့် စိန့်ပီတာစပတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကာလအတွင်း နှစ်နိုင်ငံသည် ရုရှားနိုင်ငံအတွင်းသို့ အာဖဂန်နစ္စတန်အလုပ်သမားများ တိုးချဲ့ဝင်ရောက်ခွင့်ပြုရန်သဘောတူညီခဲ့ကြသည်။ အဆိုပါတိုးတက်လာမှုသည် ရုရှားနှင့် တာလီဘန်အုပ်ချုပ်သော အာဖဂန်နစ္စတန်တို့ကြား အပြန်အလှန်ဆက်ဆံရေး အဆင့်သစ်တစ်ရပ်သို့ ရောက်ရှိလာမှုကို ထင်ဟပ်စေလျက်ရှိသည်။

**အာဖဂန်နစ္စတန်ဆိုင်ရာ အလယ်အာရှမူဝါဒ**

ရုရှားနိုင်ငံသည် ၎င်း၏နိုင်ငံခြားရေးမူဝါဒတွင် အာဖဂန်နစ္စတန်ကို အလယ်အာရှ၏တစ်စိတ်တစ်ဒေသအဖြစ် ရှုမြင်ထားရှိသည်။ ထို့ကြောင့် ရုရှားသည်အာဖဂန်မဟာဗျူဟာကိုအလယ်အာရှနိုင်ငံများတွင် ကျင့်သုံးသည့်အတိုင်း ချမှတ်သွားဖွယ်ရာရှိနေသည်။ ၎င်းမူဝါဒများအနက် ထင်သာမြင်သာ အရှိဆုံးတစ်ချက်မှာ အလုပ်သမားများ ဝင်ရောက်ခွင့်ပြုခြင်းပင်ဖြစ်သည်။ စုဆောင်းရရှိနိုင်သော ကိန်းဂဏန်းအချက်အလက်များအရ အလယ်အာရှမှ ရွှေ့ပြောင်းလုပ်သား ၄ ဒသမ ၅ သန်းခန့်သည် ရုရှားနိုင်ငံတွင် အလုပ်လုပ်လျက်ရှိပြီး ၎င်းတို့တွင် ဥဇဘက်ကစ္စတန်မှ ၂ ဒသမ ၁ သန်း၊ တာဂျစ်ကစ္စတန်မှ ၁ ဒသမ ၂ သန်း၊ ကာဂျစ်စတန်မှ ခုနစ်သိန်း၊ ကာဇက်စတန်မှ လေးသိန်း၊ တာ့ခ်မန်နစ္စတန်မှ တစ်သိန်းခန့်ပါရှိသည်။

ရွှေ့ပြောင်းလုပ်သားများ ဝင်ရောက်ခွင့်ပြုခြင်းသည် ရုရှား၏ ပြည်တွင်းလုပ်ငန်းအစီအစဉ်များအနက် တစ်ခုဖြစ်ပြီး နိုင်ငံခြားရေးမူဝါဒအဖြစ်လည်း အသုံးချလျက်ရှိသည်။ ထို့ပြင် အလုပ်သမားစေလွှတ်သည့် အသိုက်အဝန်းများကြားတွင် စီးပွားရေးအခွင့်အလမ်းနှင့် အနာဂတ်အလားအလာရှိသော နိုင်ငံအဖြစ် ရုရှားနိုင်ငံ၏ပုံရိပ်ကို မြင့်တက်လာစေလျက်ရှိသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် အလုပ်သမားဝင်ရောက်ခွင့်ပြုသောမဟာဗျူဟာကို အာဖဂန်နစ္စတန်နိုင်ငံထိ တိုးချဲ့လုပ်ဆောင်နေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် အစောပိုင်းတွင် ရုရှားနိုင်ငံက အာဖဂန်ကျွမ်းကျင်ပညာရှင်များ၊ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍမှပုဂ္ဂိုလ်များကို ချေချင်းညာနှင့်တာတာစတန်ကဲ့သို့သောဒေသများ၌ အလုပ်အကိုင်ပေးရန် စီစဉ်ထားရှိကြောင်း ကြေညာခဲ့သည်။ လက်ရှိအချိန်တွင် အာဖဂန်နိုင်ငံသား ၁၀၀ ခန့်ကို ရုရှားနိုင်ငံတွင်အလုပ်ခန့်အပ်ထားပြီးဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့သော နှစ်နိုင်ငံသဘောတူညီချက်အရ အလုပ်သမားအရေအတွက် ၁၀၀၀ ခန့်ထိ မြင့်တက်လာမည်ဟုမျှော်မှန်းထားရှိသည်။ အဆိုပါ အလုပ်သမားအများအပြားစုသည် ပန်းရန်ဆရာများ၊ ဂဟေဆော်သူများ၊ လျှပ်စစ်ကျွမ်းကျင်ပညာရှင်များနှင့် ဆေးသုတ်သူများအပါအဝင် ကျွမ်းကျင်အရောင်းအဝယ်သမားများဖြစ်သည်။ ကောက်ပဲသီးနှံနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုတို့အပြင် တိရစ္ဆာန်ဆေးကုသမှုပညာတို့တွင်လည်း အာဖဂန်ကျွမ်းကျင်လုပ်သားများအတွက် အခွင့်အလမ်းများရှိနေသည်။ အထူးသဖြင့် အာဖဂန်အလုပ်သမားများသည် ရုရှား၏ စစ်ဘက်စက်မှုလုပ်ငန်းကဏ္ဍတွင်လည်း




လုပ်ကိုင်ခွင့်ရရှိလာနိုင်သည်။

ရုရှားနှင့်အာဖဂန်နစ္စတန်တို့ကြား တိုးတက်ပြောင်းလဲလာသောဆွေးနွေးမှုသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားဖွယ်ရာရှိသည့်အပြင် အာဖဂန်ပြည်သူများအနေဖြင့် ရုရှားနိုင်ငံကို ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းပြုရာအဖြစ် ရှုမြင်လာအောင် ပုံဖော်သွားမည်ဖြစ်သည်။ အဆိုပါ တိုးတက်ပြောင်းလဲလာမှုများသည် အာဖဂန်နစ္စတန်ကို ရုရှား၏စီးပွားရေးဆိုင်ရာခြေကုပ်အဖြစ် ခိုင်မာအားကောင်းအောင် ဆောင်ရွက်လာမည်ဖြစ်သည်။ ရုရှားသည် အာဖဂန်နစ္စတန်ကိုအလယ်အာရှနှင့် တောင်အာရှကိုဆက်သွယ်ထားသော မဟာဗျူဟာမြောက်ဗဟိုချက်မအဖြစ် သဘောထားလျက်ရှိသည်။

ရုရှားနိုင်ငံသည် အာဖဂန်နစ္စတန်ကို အလားအလာရှိသော ပို့ကုန်ဈေးကွက်နှင့် အဓိကကျသော နယ်စပ်ဖြတ်ကျော်စကြံအဖြစ်လည်း ရှုမြင်ထားရှိသည်။ အစီရင်ခံစာများအရ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံထိ ရရှိမည်ဟုမျှော်မှန်းထားရှိသည်။ အာဖဂန်နစ္စတန်သည် အိန္ဒိယနှင့်ပါကစ္စတန်ကဲ့သို့သော အဓိကကျသည့် တောင်အာရှဈေးကွက်များသို့ ထွက်ပေါက်အဖြစ်လည်း ၎င်း၏မဟာဗျူဟာမြောက်တန်ဖိုးကို ထိန်းသိမ်းထားရှိသည်။ မကြာသေးမီနှစ်များအတွင်းက အိန္ဒိယနှင့်ပါကစ္စတန်တို့သည် ရုရှားရေနံများကို သိသိသာသာ တိုးမြှင့်ဝယ်ယူလာလျက်ရှိသည်။

အဆိုပါ မဟာဗျူဟာမြောက်လားရာနှင့်အညီ ယခုနှစ် ဧပြီ ၁၇ ရက်တွင် ရုရှားတရားရုံးချုပ်သည် တာလီဘန်တို့ကို အကြမ်းဖက်အဖွဲ့အစည်းများစာရင်းမှ တရားဝင်ဖယ်ရှားပေးခဲ့သည်။ ထို့နောက် ဇွန် ၃ ရက်တွင် ရုရှားနိုင်ငံသည် တာလီဘန်ကိုယ်စားလှယ်ကို သံအမတ်ကြီးအဆင့်သို့ တိုးမြှင့်အသိအမှတ်ပြုခဲ့သဖြင့် တရုတ်၊ ဥဇဘက်ကစ္စတန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ပြီးလျှင် စတုတ္ထမြောက် အသိအမှတ်ပြုသည့်နိုင်ငံဖြစ်လာခဲ့သည်။ ထိုသို့လုပ်ဆောင်မှုများသည် ရုရှား-အာဖဂန်နစ္စတန် ဆက်ဆံရေးတွင် သံခင်းတမန်ခင်း၊ နိုင်ငံရေးနှင့် စီးပွားရေးအုတ်မြစ်များကို ပိုမိုခိုင်မာအားကောင်းလာစေလျက်ရှိသည်။

စွမ်းအင်ဆိုင်ရာအင်အားကြီးနိုင်ငံဖြစ်သော ရုရှားနိုင်ငံသည် အာဖဂန်နစ္စတန်၏မြောက်ပိုင်းပြည်နယ်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့စူးစမ်းလေ့လာရာတွင် ပါဝင်ဆောင်ရွက်သွားရန် အလားအလာရှိနေသည်။ ထို့ပြင် ရုရှားနိုင်ငံသည် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံတွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိရာ ရုရှားကုမ္ပဏီဖြစ်သည့် NTC Protei ကုမ္ပဏီသည် အာဖဂန်နစ္စတန်ပြည်နယ်လေးခုတွင် 4G မိုဘိုင်းဆက်သွယ်မှု တပ်ဆင်ပေးထားသည်။ အလားတူ ရုရှားသည် အာဖဂန်နစ္စတန်၏ရထားလမ်းကွန်ရက်နှင့် အုပ်ချုပ်ပံ့ပိုးမှုလမ်းကြောင်းများ တိုးတက်လာရန်လည်း ကြိုးပမ်းလျက်ရှိသည်။ ယခုနှစ် ဧပြီလအစောပိုင်းက ရုရှားရထားလုပ်ငန်းများဖြစ်သည့် RZhDနှင့် ဥဇဘက်ကစ္စတန်နစ္စတန်ရထားလုပ်ငန်း TemirYollariတို့ သည် အာဖဂန်နစ္စတန်ဖြတ်ကျော် ရထားလမ်းစီမံကိန်းအကောင်အထည်ဖော်ရန် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါကြိုးပမ်းမှုများသည် ရုရှားနိုင်ငံကို အာဖဂန်နစ္စတန်တွင် လွှမ်းမိုးမှုရှိသော စီးပွားရေးမိတ်ဖက်အဖြစ် ရပ်တည်လာစေနိုင်သည်။

**မိတ်ဆွေစစ်မိတ်ဆွေမှန်**

အာဖဂန်ရွှေ့ပြောင်းလုပ်သားများအား ရုရှားနိုင်ငံ၏ လက်ခံမှုမူဝါဒကို နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တည်ဆောက်ရန် ရည်မှန်းထားသည့် ကျယ်ပြန့်သောမဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသနှင့် လက်တွေ့ကျသော ထိတွေ့ဆက်ဆံမှုဖော်ဆောင်မှုအဖြစ် ရှုမြင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ရုရှားနိုင်ငံ၏ ဆော့ဖ်ပါဝါလက်နက်များအဖြစ်လည်း ထင်ဟပ်စေလျက်ရှိသည်။ ရုရှားအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို တိုးမြှင့်လုပ်ဆောင်လာလျက်ရှိရာ ယခုနှစ် မေ ၂၅ ရက်တွင် အာဖဂန်မြောက်ပိုင်းပြည်နယ်များသို့ ဂျုံမှုန့်တန်ချိန် ၁၂၈၀ ပေးပို့ကူညီခဲ့သည်။ မကြာသေးမီနှစ်များအတွင်းကလည်း အာဖဂန်ပြည်နယ် ၁၄ ခုမှ ပြည်သူ ၅၀၀၀၀ ကျော်သည် ရုရှား၏အကူအညီများကို လက်ခံရရှိခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံသည် အကြမ်းဖက်ဝါဒဖြိမ်းခြောက်မှုများကြောင့်လည်း အာဖဂန်နစ္စတန်နှင့် ထိတွေ့ဆက်ဆံလျက်ရှိသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂျီရှိဂူသည် အာဖဂန်နစ္စတန်သို့ သွားရောက်လည်ပတ်ခဲ့ပြီး လုံခြုံရေးဆိုင်ရာနယ်ပယ်တွင် နှစ်နိုင်ငံကြိုးပမ်းမှုများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက် များစွာကိုထုတ်ပြန်ခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်တွင် အကြမ်းဖက်သမားများ တိုက်ဖျက်မှုအတွက် ချဉ်းကပ်ခြင်းသည် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများအပြင် လူမှုစီးပွားရေးဆိုင်ရာအကြောင်း ပြချက်များကြောင့်လည်းဖြစ်သည်။ အာဖဂန်နစ္စတန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုကို ဒေသတွင်းလုံခြုံရေး၏အရေးပါသောအစိတ်အပိုင်းများအဖြစ် ရှုမြင်ထားသဖြင့် ရုရှားနိုင်ငံ၏ ရွှေ့ပြောင်းလုပ်သားဝင်ခွင့်မူဝါဒသည် အာဖဂန်နစ္စတန်၏ လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ တိုးတက်ရေးဆိုင်ရာကျယ်ပြန့်သော မဟာဗျူဟာမူဘောင်၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

ဆိုရလျှင် ရုရှားနိုင်ငံသည် အခြားသောအလယ်အာရှနိုင်ငံများကဲ့သို့ပင် အာဖဂန်နစ္စတန်ကို တိုးမြှင့်ချဉ်းကပ်ဆောင်ရွက်လာလျက်ရှိသည်။ အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားဝင်ရောက်ခွင့်စနစ်ဖြင့် အာဖဂန်နစ္စတန်နိုင်ငံသားများကို လမ်းဖွင့်ပေးထားသည်။ တောင်အာရှဒေသဈေးကွက်များသို့ ရောက်ရှိနိုင်မှုအလားအလာ၊ တရုတ်နိုင်ငံနှင့်စီးပွားရေးပြိုင်ဆိုင်မှုအလားအလာ၊ အကြမ်းဖက်ဝါဒဖြိမ်းခြောက်မှုအလားအလာတို့သည် အာဖဂန်နစ္စတန်ဆိုင်ရာ ရုရှား၏နိုင်ငံခြားရေးမူဝါဒများ ပုံဖော်တည်ဆောက်ရာတွင် အဓိကကျသော အချက်များပင်ဖြစ်သည်။ သို့သော် ရုရှားလုပ်သားဈေးကွက်တွင် အာဖဂန်လုပ်သားများကို လမ်းဖွင့်ပေးထားခြင်းသည် ရုရှားလူမှုအသိုက်အဝန်း၏ ဆန့်ကျင်မှုများနှင့်ရင်ဆိုင်သွားရဖွယ်ရှိနေပေသည်။

**ကိုးကား**

- Russia’s Expanding Relations with Taliban-Ruled Afghanistan by The Diplomat.

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

ဝတ္ထုတိုကလျာ

# ပန်းမုဆိုး

မင်းလပြည့်(ဟားခါး)



ပုခက်ပေါ်မိုးထားသော ပလတ်စတစ်ပေါ်ရှိ ဆီးနှင်းများက မိုးရေစက်အဖြစ်တပေါက်ပေါက်စီး ကျနေသည်။ အသက်ခြောက်ဆယ်အရွယ် ကချင်တိုင်းရင်းသားကြီး ဝါကျီးဒီးတစ်ယောက် သည် တောနက်ကြီးထဲ၊ နက်ရှိုင်းတဲ့ သည်တောထဲမှာ အိမ်ဦးနဲ့ကြမ်းပြင် ခရီးသွားလာပန်းခူးခဲ့တာ လူပျို အရွယ်ကစခဲ့သည်။ ခရီးထွက်ပြီဆိုလျှင် အိမ်မှာ အိပ်နေရသလို မနွေးထွေး။ ဖွေးဖွေးဖြူနေသည့် ရေခဲတွေအထပ်ထပ်ဖုံးလွှမ်းနေသည့် ခါကာဘိုရာဇီ တောင်ရှိရာ ဟိမဝန္တာတောင်တန်း အခြေတစ်နေရာတွင် သူရောက်နေသည်မှာ နှစ်ရက်ရှိသွားပင် ရှိသွားပေပြီ။

အလေ့ကျပေါက်နေသည့် အင်ကြင်းပင်အောက်ခြေတွင် ကြိုးပုခက်နှင့်အိပ်ခဲ့ရသည်။ ဟိမဝန္တာတောင်ခြေဆိုသည်မှာ မုဆိုးများအတွက် ပဒေသာပေါက်ပင်ကြီးပင်။ လူသူအရောက်အပေါက် နည်းပါးသည့် တောနက်ကြီးထဲ၌ သူ့လို ပန်းမုဆိုးတွေလည်းရှိတတ်ကြသည်။ သည်ဇာတိဖွား ဝါကျီးဒီးက ပူတာအိုမြို့ ဆယ်ကီလိုမီတာအကွာမှာရှိသည့် ရွာငယ်လေးမှာ နေသည်။ သူ့မှာကျန်းမာရေးချို့တဲ့နေသည့် ဇနီးဖြစ်သူလုမိုင်၊ သားကြီး ဝါဂျန်နဲ့ သမီးငယ်ဇယ်နော တို့ရှိသည်။ ဇယ်နောက မြစ်ကြီးနားတက္ကသိုလ်မှာ ကျောင်းတက်သည်။ ဝါဂျန်ကသူ့၏ လက်စွဲတော်အားကိုးရသည့်သား၊ ဝါဂျန်ကသူငယ်ချင်းအလျှုပွဲကို လွန်ခဲ့တဲ့လေးရက်ကသွားသော်လည်း ပြန်မလာသေး။ သည်အချိန်တွင် သူ့အနား၌ သားဖြစ်သူ ဝါဂျန် ရှိနေရန်မျှော်လင့်မိသည်။

တောင်ခြေသစ်တောထဲတွင် ဆေးဖက်ဝင်သစ်ဥ သစ်ဖု၊ သစ်ခွမျိုးပေါင်းစုံပေါက်သည်။ ရွာသားများ အားလုံးသိကြသည်။ ရှားပါးသစ်ခွမျိုးနွယ်များကို ဒေသခံတိုင်းရင်းသားမဟုတ်သူများ အများဆုံးလာဝယ်ကြသည်။ ရောင်းစေချင်၍လား၊ မြှောက်ပြောတာလားမသိ၊ မြန်မာ့သစ်ခွများ သိပ်လှသည်ဟု ပြောကြသည်။ နိုင်ငံခြားသားများ လာဝယ်ကြပြီး ဝါကျီးဒီးတို့ သစ်ခွမုဆိုးများက သစ်ခွများဝယ်လျှင် ငွေများများပေးက ရောင်းပစ်ကြသည်။ ဈေးကောင်းလည်းရသည်။

ခုလည်း မြို့ကဝယ်နေကျဖောက်သည် အတီးက သစ်ခွနက်လိုချင်တယ်ဆို၍ တောထဲတစ်ဦးတည်း ထွက်လာသည်။ ပလိုင်းငယ်ထဲတွင် ဆန်၊ ဆီ၊ ဆား၊ မီးခြစ်၊ ဂွမ်းစ၊ လက်နှိပ်ဓာတ်မီး၊ အဝတ်အထည်တချို့နှင့် စောင်တစ်ထည် ထည့်လာသည်။ လက်စွဲတော် ဓားမြှောင်၊ လေးမြားတို့လည်း ယူလာခဲ့သည်။ ပထမလာတဲ့ရက်က တစ်နေ့ကုန် တောင်ခြေ တက်ခဲ့ရသည်။

ဒုတိယရက် ဒေါင်ဗားချောင်းအကျော်မှာ ခြေချော်ပြီး လက်ထောက်မိလို့ နာကျင်ခဲ့ရသည်။ အမြဲသုံးနေသည့်မီးခြစ် ရေထဲပြုတ်ကျသွား၍ ညနေစာထမင်းကို မချက်စားခဲ့။

" အာ အား"

ပုခက်ကအထမှာ လက်ကနာကျင်လာသည်။ အလင်းရောင်ကွဲလာ၍ မြင်ကွင်းက ကြည်လင်သော်လည်း ဆီးနှင်းများက အရှိန်ကောင်းစွာမိုးပေါ်မှ တဖွဲဖွဲကျနေဆဲ။ တောမြိုင်ကြီးအတွင်း သူရောက်နေကြောင်း မည်သူမျှအလွယ်တကူသိနိုင်ကြမည်မဟုတ်ပေ။

"ဘာအနံ့ပါလိမ့်"

နှာခေါင်းထဲကို စိမ်းရွှေရွှေပုပ်အက်အက်အနံ့ကို လေထဲက ရှူရှိုက်ရသည်။ လူအသေလား၊ သားကောင်အသေလား သည်လိုမြိုင်တောကြီးထဲမှာ သစ်ဥ၊ သစ်ဖုတွေ၊ သစ်ခွပန်းတွေရှာရင်း တောနက်ထဲရောက်ပြီး ကျား၊ ဝက်ဝံတွေ၊ အဆိပ်ပြင်းမြွေတွေနဲ့ တွေ့လို့ ကံဆိုးသူ၊ မတော်တဆသေနေ့စေ့လို့ သေကြသူတွေရဲ့ ဇာတ်လမ်းများကို ဝါကျီးဒီးသိသည်။ တစ်ခါတစ်ရံနာမည်ခေါ်သံ၊ လူခေါ်သံများကို တောနက်ထဲကြားရသေးသည်။ တော၏မာယာကား ချောက်ချားဖွယ်ကောင်းလှသည်။

သားကြီးဝါဂျန်က အဖေသွားသည့် နေရာများကို သိသည်။ သောက်ပြီးသား ဆေးလိပ်တိုကို ခြေရာခံလိုက်သည်နှင့် သိနိုင်သည်။ ယခုလိုအချိန်မှာ သားကြီး ဝါဂျန် သူ့အနားရှိလျှင် သိပ်ကောင်းမှာဟု တွေးနေသည်။ သူ၏သန်မာမှုများ လျော့သွားသည်ကို သတိထားမိလာသည်။ နှင်းတွေထူရာမှ နှင်းကွဲလာသည်။ နေရောင်ခြည်က သစ်ပင်ရှိနှင်းစက်များကို ခြွေချနေသည်။ သစ်ရိပ်ကြားမှာ နေရောင်ခြည် အမျှင်တန်းပါးပါးလေး မြင်ရသည်။ ညကမီးခတ်ကျောက်နှင့်အပူငွေ့ရရန် မီးဖိုနိုင်၍ မီးငွေ့နွေးနွေးလေး ခံစားရသည်။ ပုခက်ပေါ်က ဆင်းလိုက်သည်နှင့် သစ်ကိုင်းနင်းသံကျယ်ကျယ် ကြားလိုက်ရသည်။

" ဂွှတ်"

နောက်ကိုလှည့်ကြည့်လိုက်သည်နှင့် သူ့ဆီလာနေတဲ့ မည်းမည်းအကောင်ကြီး တစ်ကိုယ်လုံး အမွေးထူထူနှင့် နက်မှောင်နေသော ဝက်ဝံတစ်ကောင်ကို တွေ့လိုက်ရသည်။ ဝက်ဝံက တိုက်ခိုက်ရန် ပြေးလာသည်။ လေးမြားယူချိန်မရပေမဲ့ ခါးကြားထဲက ဓားမြှောင်က ချွန်ထက်ပြီး ချက်ကောင်းထိလိုက်သည်နှင့် တစ်ချက်တည်းသေသွားနိုင်သည်။

"ဂဒီး ဂဒီး ဂဒီး"

နားထဲကြားတဲ့အသံက ရန်လိုကိုက်မည်ဆိုသည်ကို ငယ်ငယ်ကဝက်ဝံနှင့် ကြုံဆုံဖူး၍သိသည်။ ခုတော့ ငယ်ငယ်ကလိုစွမ်းပကားမလား တွေးနေတုန်းပင် ဝက်ဝံက ခြေကားယားလက်ကားယားနှင့် ရှေ့ကိုတိုးလာနေသည်။ ဘယ်ဘက်လက်က နာနေ၍ ညာဘက်လက်မှာ ဓားကိုင်ပြီး ခါးကွေးလိုက်သည်။။ သတ်ကွင်းကျဉ်းရန်ပြင်နေသည်။ ပုခက်ဆွဲထားတဲ့ သစ်ပင်ကြီးအနောက်ဘက် ခြေလှမ်းနှစ်ဆယ် အကွာလောက်တွင် ချောက်နက်ကြီးရှိသည်။ တိမ်းရှောင်ရင်း ဝက်ဝံကို ချောက်ထဲ ပြုတ်ကျအောင် တိုက်ခိုက်ရန် ပရိယာယ်ဆင်သည်။

ဝက်ဝံက အနားကပ်သည်။ သူက နောက်ဆုတ်သည်။ ဝက်ဝံ၏မျက်လုံးနှင့် နှာခေါင်းကို ဓားနှင့်လှမ်းထိုးလိုက်သည်။ ဝက်ဝံ နာကျင်ပြီး အော်သည်။ သတိလစ်၍မရသော အခြေအနေဖြစ်သည်။ ဝက်ဝံက ပြေးအကပ် သူက မျက်လုံးကိုထိုးရန် လက်ရွယ်လိုက်စဉ်ပင် ဝက်ဝံကသူ့လက်ကို ပုတ်ချလိုက်သည်။ ဓားလည်း ခပ်ဝေးဝေးလွင့်စဉ်သွားသည်။ ဝက်ဝံအကိုက်မခံရစေရန် ရှောင်တိမ်းရင်း သစ်တုံးနှင့်တိုက်မိကာ လဲကျသွားသည်။ ဝက်ဝံက အပေါ်မှထိုင်ပြီး ချွန်ထက်သည့် လက်သည်းများနှင့် ကုတ်ခြစ်ရန် အခွင့်အရေးရသွားသည်။ သေမင်းခံတွင်းပေါက်အဝသို့ သူရောက်နေပေပြီ။

"ဒိုင်း"

ရုတ်တစ်ရက်အသံကြားရပြီး မြေပေါ်ဖုတ်ကနဲ ဝက်ဝံလဲကျသွားသည်။ ကယ်တင်ရှင်ကား သားကြီး ဝါဂျန်ဖြစ်နေသည်။ မယူဘဲ သူထားခဲ့သည့် နှစ်လုံးပြူးသေနတ်ဖြင့် ပစ်လိုက်ခြင်းဖြစ်သည်။

"အဖေ ဘာဖြစ်သွားသေးလဲ။ အဖေ့ကို စိတ်မချလို့ အပြင်းလိုက်လာတာ"

ဝါဂျန်ကြည့်လိုက်တော့ ဝါကျီးဒီးလက်မှာ ဝက်ဝံလက်သည်းခြစ်ရာကြောင့် သွေးစို့နေသည်။ ဝါကျီးဒီးက ပါလာသည့်ဆေးလူးပြီး ရှေ့ဆက်သွားသည်နှင့် သားဖြစ်သူ ဝါဂျန်လည်း ဆက်လိုက်လာသည်။

"ဟိုကျောက်တောင်တွေကြားမှာ သစ်ခွနက်ရှိတယ်။ ငါခူးဖူးတယ်"

သားဖြစ်သူဝါဂျန်ကိုပြောပြသည်။ တကယ်တော့ ဝါကျီးဒီးတစ်ယောက် တောထဲ သစ်ခွနက်လာရှာသည်။ သစ်ခွနက်မတွေ့ဘဲ ဝက်ဝံနှင့်လာတွေ့နေသည်။ သစ်ခွနက်ကရှားပါးသည်။ တွေ့ဖို့ခက်ခဲကာ တန်ဖိုးလည်းကြီးသည်။ ကချင်ပြည်နယ်နှင့် ဆက်စပ်နေသည့် ဟိမဝန္တာတောင်တန်း တောနက်ထဲတွင် တွေ့ရတတ်သည်။ ရှားပါးသစ်ခွများရှာရင်း ချောက်ထဲကို မတော်တဆပြုတ်ကျ၊ သားရဲတိုက်ခိုက်ခံရပြီး သေခဲ့သည့်လူအများကြီးပင်။ လောဘကြီးမားသော လူများက အန္တရာယ်များလွန်းသည့် တောထဲလာကြသည်။ငွေရရန်အတွက်အသက်ကိုရင်းနှီးရသည်။

ဝါကျီးဒီးက ရှေ့ကသွားပြီး ဘေးဘယ်ညာကြည့်သည်။ ကျောက်တောင်ဘက်ချိုးတိုးသည်။ သစ်ခွနက်က ကျောက်တောင်ကြား သစ်ပင်များမှာ ပေါက်တတ်သည်။ တစ်ခါတလေ လျှိုထဲကသစ်ပင်များမှာလည်း ပေါက်တတ်သည်။ ဝါဂျန်က အဖေကြောက်ရတော့ လိုက်ပြီးကူညီရသည်။ လူနံ့ရ၍လားမသိ ကျေးငှက်အော်မြည်သံတွေ ကျယ်လောင်လာသည်။ မရိုးနိုင်သော တောနက်ကြီး၏ တေးဂီတသံများဖြစ်သည်။။ ကျီးကန်းတောင်းမှောက်ကြည့်နေသည်။ ဝါကျီးဒီး၏ ခြေလှမ်းများ ရပ်သွားသည်။ အပင်တော်တော်များများမှာ သစ်ခွနက်များမကြုံစဖူးပွင့်နေသည်ကို တွေ့ရသည်။

ဝါဂျန်က သစ်ပင်တွေဆီဖက်တက်၊ သစ်ကိုင်းချိတ်နဲ့ဆွဲချူလိုက်သည်နှင့် သစ်ခွနက်များအပြင် အခြားလှပသည့် သစ်ခွများရခဲ့သည်။ လမ်းတွင် လက်မောင်းလောက်ရှိသည့် အဆိပ်ပြင်းသည့် မြွေတစ်ကောင် ကို သေနတ်နှင့် ခြောက်လှန့်ပစ်လိုက်သည်။ ဝါကျီးဒီးတို့ သားအဖနှစ်ယောက်လည်း အန္တရာယ်များတဲ့ တောနက်ကြီးထဲက ခပ်သွက်သွက် ပြန်လာကြသည်။

"မြို့ကသစ်ခွပြတိုက်မှာ မြစ်ကြီးနားက တက္ကသိုလ်ကျောင်းသားတွေ သစ်ခွပန်းမျိုးတွေကို ပြင်ပလေ့လာရေး လာကြည့်ကြတယ်လို့ ကြားတယ်"

"ပန်းတွေများ. . . လာကြည့်ရလားကွာ"

"မဟုတ်ဘူး အဖေ။ ပန်းမျိုးစုံက သားတို့ဒေသမှာ အများဆုံးရှိတာလေ။ ပန်းအမျိုးအစားလိုက် ရုက္ခဗေဒဆိုလားမသိ ပန်းမျိုးပေါလို့ လာလေ့လာကြတာ။ လူတိုင်းမသိတဲ့ ပန်းပညာပေါ့"

သားဖြစ်သူ ဝါဂျန်စကားကြောင့် ဝါကျီးဒီးတစ်ယောက်တစ်ခါမှ မဖြစ်ဖူးတဲ့အတွေးတွေ ရခဲ့သည်။ ဝါကျီးဒီးတစ်ယောက် လေးလေးနက်နက်စဉ်းစားရင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ရွာကိုရောက်သည်နှင့် သစ်ခွဝယ်မည့် အတီးတို့လို ပန်းကုန်သည်တွေ ရောက်နေကြသည်။ သစ်ခွနက်တွေကို တွေ့သည်နှင့် သူ့ထက်ငါ အလုအယက်ငွေပိုပေးဝယ်ကြသော်လည်း ဝါကျီးဒီးလုံးဝမရောင်း။

သူ့ဘဝတစ်သက်တာမှာ သည်တောနက်ကြီးက သူ၏ထမင်းအိုးဖြစ်ခဲ့သည်။ တောကြီးထဲက ပျားရည်၊ ဖွတ်ဥ၊ ရှီးပဒီး၊ သစ်ဥ၊ သစ်ဖု စတဲ့တိုင်းရင်းဆေးမြစ်တွေ၊ သစ်ခွပန်းမျိုးစုံတွေရပြီး ရောင်းခဲ့ဖူးပေမယ့် သည်တစ်ခါတော့ မရောင်းတော့။ ပန်းတွေ ရောင်းစားခဲ့တာ ကြာခဲ့ပေပြီ။

သစ်ခွပန်းက ဆေးဖက်ဝင်သည်။ ဆေးဖက်မဝင်ဘဲအဆိပ်ရှိတဲ့ သစ်ခွတွေလည်းရှိသည်။ လုံမပျို၊ တစ္ဆေသစ်ခွ၊ ဖယောင်းပန်းသစ်ခွ၊ မိုးလုံးမှိုင်းသစ်ခွ၊ သစ်ခွနက်တွေ ရှိသည်။ သစ်ခွရှာရင်း မြွေဆိုးများ

စာမျက်နှာ ၂၅ သို့ ➤

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၆၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၆၄၈ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၆၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နှမ်းဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးမုတ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးမုတ်တွေကို ပြည်တွင်းဈေးကွက်က ဝယ်ယူအား ကောင်းလာခြင်းကြောင့် တင်ပို့အား တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေပိုမိုတင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဒီဘက်ကတင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားတက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်ငါးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်"ဟု ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➢ စာမျက်နှာ ၂၄ မှအဆက်

ကြောင့် သေသူ၊ ဆေးရုံတက်ရသူများရှိသော်လည်း သစ်ခွရရန် အသက်စွန့်ရှာဖွေနေကြဆဲပင်ဖြစ်သည်။

"အဖေ သစ်ခွနက်ရောင်းလိုက်ပါလား။ ငွေအများကြီးရမှာ"

ဝါဂျီးဒီး ဘာမျှမပြော။ မရောင်းဘူးဆိုတဲ့သဘော သက်ရောက်နေသည်။

"အဖေသားလဲ သစ်ခွခူးတယ်။ သားနဲ့လဲဆိုင်တယ်။ သားဆိုရောင်းပစ်မှာ"

"ငါက ဒီသစ်ခွနက်တွေလိုချင်လို့ တစ်ယောက်ထဲ လာရှာတာကွ။ ငွေထက်တန်ဖိုးရှိတာပဲလုပ်ချင်တယ်။ ဆိုင်ကယ်သွားယူ ပူတာအိုကိုသွားမယ်။ငါ သစ်တော၊ သစ်ခွပြတိုက်ကို လှူချင်တယ်"

အဖေဖြစ်သူ၏ လုပ်ရပ်ကိုကြည့်ပြီး ဝါဂျန် အံ့ဩနေသည်။ မြန်မာ့ရှားပါးသစ်ခွများ မြန်မာ့မြေမှာပဲ ရှင်သန်စေချင်သည်။ ပြည်ပနယ်ခြားကို မရောက်စေချင်။ ဝါဂျီးဒီး၏လုပ်ရပ်ကို သစ်ခွရောင်းနေကျဖြစ်သူ ဒဟမ်အားဖုန်ကဲ့သို့ သစ်ခွကုန်သည်တွေကပင် နားမလည်နိုင်ဖြစ်နေသည်။

ဝါဂျီးဒီးတွေးမိသည်မှာ သည်တောနက်ကြီးထဲက ငွေရနိုင်မည့် သဘာဝသစ်ခွနှင့် အဖိုးတန် သစ်တောထွက်ပစ္စည်းများကို သူအပါအဝင် လူများကထုတ်ယူစားသုံးကြသည်။ သို့သော်လည်း သည်သစ်တောကြီးကိုဘာတစ်ခုမှ ကျေးဇူးဆပ်ခဲ့ဖူးခြင်းမရှိခဲ့။ သူ့အနေဖြင့် တတ်စွမ်းသလောက် အဓိပ္ပာယ်ရှိစွာ ကျေးဇူးဆပ်ချင်သည်။ သည့်အတွက်ထူးဆန်းသော လုပ်ရပ်ဟုဆိုလည်း သူဂရုမစိုက်။

သားဖြစ်သူ ဝါဂျန်က ဆိုင်ကယ်အရှိန်ပြင်းစွာမောင်းသည်။ ဝါဂျီးဒီးကသစ်ခွနက်များကို သစ်သားတုံးပေါ်တင် အုန်းခွံကြိုးကပ်စည်းကာ ပလတ်စတစ်အိတ်ထဲထည့်ပြီး ရိုရိုသေသေကိုင်သည်။ ဆိုင်ကယ်နောက်ကနေ ဝါဂျီးဒီးက လိုက်ပါထိုင်စီးသွားသည်။ သစ်ခွကုန်သည်အများစုက ကချင်တိုင်းရင်းသားကြီး ဝါဂျီးဒီး၏ လုပ်ရပ်ကို စဉ်းစားမရဖြစ်နေသည်။အံ့အားသင့်နေသည်။

သားဖြစ်သူ ဝါဂျန်ကမူ အဖေဖြစ်သူ၏လုပ်ရပ်ကို စိတ်ထဲကလေးစားဂုဏ်ယူနေတော့သည်။

## အောင်ပွဲ လက်ကမ်း ပန်းတိုင်လမ်း

\- ယုံကြည်ရာ ပန်းတိုင်လမ်း
လက်တစ်ကမ်း မဝေးပါ၊
ဖွဲ့စိတ်သန် မလျှော့တမ်း
လှမ်းနိုင်ဖို့သာ၊
စိတ်ဓာတ်က အခရာ
ထပ်လောင်းကာ ဝီရိယမြှင့်၊
စံပြုရာ
အန်တုကာ စွမ်းဆောင်ရပ်
ရလဒ်ကောင်း ဆင့်။

\- ရည်ရွယ်ရာ ပန်းတိုင်လမ်း
လက်တစ်ကမ်း အနီးမှာ၊
ကြိုးစားကာ မဆုတ်မနစ်
ဖွဲ့နှစ်မှသာ၊
ရွက်လွှင့်လို့ ရှေ့ဆက်ပါ
နွမ်းညစ်ရာ ဖယ်ကဖျောက်၊
ကျားကန်ကာ
အားမာန်ဖြာ အောင်စိတ်နှင်း
ကောင်းသတင်း ဆိုက်ရောက်။

\- ခံယူရာ ပန်းတိုင်လမ်း
တက်လှမ်းလို့ ဝင့်ဖို့ရာ၊
အားငယ်ရာ စိုးထိတ်ခြင်းများ
ဖယ်ရှားပစ်ပါ၊
တကယ်လုပ် အဟုတ်ဖြစ်မှာ
မြင့်မားစွာ ခိုင်ကျည်စွဲ၊
ဘဝမဏ္ဍိုင်
အလှမြိုင်မြိုင် အောင်ပန်းတင့်ရအောင်
ရဲရင့်မာန် သန္နိဋ္ဌာန်စိတ်နဲ့
ဦးထိပ်တည် ရည်မျှော်မှန်းလို့ရယ်
အစွမ်းကုန် လှမ်းတက်နေသရွေ့
ရှေ့မှာ အောင်ပွဲ။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ကာလီဒါသ

## ကိုဇော်ငွေး(ယဉ်ကျေးမှု)

❖ကာလီဒါသ၏စာပေဟန်သည် အရေးအသားကျဉ်းကျဉ်းနှင့် တိကျသည်။ သူသည် စကားကို လိုသည်ထက်ပိုမသုံးချေ။ သူ၏ ထူးခြားချက်မှာ မိမိသိစေလိုသော အနက်အဓိပ္ပာယ်ကိုဝှက်လည်း မဝှက်၊ တိုက်ရိုက်လည်းမဖော်၊ စာဖတ်သူတို့စဉ်းစား၍ အဓိပ္ပာယ် ကောက်နိုင်လောက်ရုံသာ ရေးထားခြင်းဖြစ်သည်။ "မိမိသိစေလိုသော အနက်အဓိပ္ပာယ်ကို စာဖတ်သူတို့တွေးတော၍ သဘောပေါက်စေရန် လိမ္မာပါးနပ်စွာဖွဲ့ဆိုသည့်အရာ၌ ကာလီဒါသသည် ပြိုင်ဘက်ကင်းသောစာဆိုတစ်ဦး"ဟုပြောနိုင်သည်။ သူသည် ဥပမာပေးရာ၌လည်း များစွာကျွမ်းကျင်သည်။ စကားလုံးလည်း အရွေးကောင်းသည်။ ❖

ကာလီဒါသသည် နာဋကခေါ်ပြဇာတ်ရေးဆရာဖြစ်သည်။ ရှေးကပြဇာတ်များသည် ယခုခေတ်အမြင်ဖြင့်ကြည့်ပါက ပြဇာတ်မဆန်ဘဲ လင်္ကာဆန်နေသည်ဟု ပြဇာတ်ဆရာတို့က ဆိုကြသည်။ ပုံနှင့်ပန်းနှင့် တကွပြဇာတ်ဟူ၍ပေါ်လာသည်မှာ ကာလီဒါသခေတ်ရောက်မှပေါ်လာသည်ဟုဆိုကြသည်။ ဥပနိသျှမှစ၍ မဟာဘာရတနှင့်မဟာရာမတို့သည် လင်္ကာကလာသည်ဟု အများကလည်း သိကြပြီးဖြစ်သည်။ ကဗျာလင်္ကာဟန်မှ ပြဇာတ်ဟန်သို့ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုမှပြဇာတ်ဆန်သော ကာလီဒါသကို ပြဇာတ်ဆရာကြီးအဖြစ် အသိများလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်ပြဇာတ်ရေးဆရာကာလီဒါသကို ကာမသျှုတ္တရကျမ်းဆရာကြီးဟု အများက ထင်မှတ်ကြသည်။ စင်စစ် ကာလီဒါသစာဆိုတော်ကြီးသည် ကာမစာပေများကိုရေးသားသော ပုဂ္ဂိုလ်မဟုတ်ပါလေ။ သူသည် ပြဇာတ်ဆရာစစ်စစ်သာဖြစ်သည်။ အချစ်နှင့်ပတ်သက်သည့် အဖွဲ့အနွဲ့ကို သိင်္ဂါရ ရသမြောက်အောင်ဖွဲ့နွဲ့ရာ၌ သူမတူအောင်စွမ်းဆောင်နိုင်သူဖြစ်သည်။ မိန်းမတို့၏အလှကို စာပေဂုဏ်မြောက်အောင် အလွန်သိမ်မွေ့သော စကားလုံးတို့ဖြင့် ဖွဲ့ဆိုနိုင်သေးသည်။

ထို့ကြောင့်ပင် ခရစ်နှစ် ၆ဝဝ ခုနှစ်ခန့်တွင် ကျော်ကြားသည့် ဗာဏဘဋ္ဋအမည်ရှိ ကဝိအကျော်စာဆိုတော်ကြီးက "ကာလီဒါသ၏ နှုတ်မှထွက်လာသော စကားလုံးတို့သည် ချိုမြိန်ကောင်းမြတ်သော ပန်းဝတ်ရည်တို့ဖြင့် ပြည့်သောပန်းကုံးကြီးသဖွယ်ဖြစ်၍ အဘယ်မည်သောသူသည် မနှစ်သက်ဘဲရှိမည်နည်း"ဟု ချီးကျူးစကားရေးသားခဲ့သည်။ အနောက်တိုင်းပညာရှင်တို့ကလည်း ကာလီဒါသကို အိန္ဒိယနိုင်ငံ၏ "ရှိတ်စပီးယား"ဟုခေါ်ကြသည်။

ကာလီဒါသ၏စာပေဟန်သည် အရေးအသားကျဉ်းကျဉ်းနှင့်တိကျသည်။ သူသည် စကားကို လိုသည်ထက်ပိုမသုံးချေ။ သူ၏ထူးခြားချက်မှာ မိမိသိစေလိုသော အနက်အဓိပ္ပာယ်ကိုဝှက်လည်းမဝှက်၊ တိုက်ရိုက်လည်းမဖော်၊ စာဖတ်သူတို့စဉ်းစား၍ အဓိပ္ပာယ်ကောက်နိုင်လောက်ရုံသာ ရေးထားခြင်းဖြစ်သည်။ "မိမိသိစေလိုသော အနက်အဓိပ္ပာယ်ကို စာဖတ်သူတို့တွေးတော၍ သဘောပေါက်စေရန် လိမ္မာပါးနပ်စွာဖွဲ့ဆိုသည့်အရာ၌ ကာလီဒါသသည် ပြိုင်ဘက်ကင်းသောစာဆိုတစ်ဦး"ဟုပြောနိုင်သည်။ သူသည် ဥပမာပေးရာ၌လည်း များစွာကျွမ်းကျင်သည်။ စကားလုံးလည်း အရွေးကောင်းသည်။ အများနားလည်နိုင်မည့်စကားလုံးနှင့် ဝါကျများကိုသာ သုံး၍ အသိခက်မည့်စကားလုံးများကို ရှောင်ကြဉ်ပြီး ရေးတတ်သူလည်းဖြစ်သည်။

ဤမျှလေးစားထိုက်သူ၏အတ္ထုပ္ပတ္တိကို ယနေ့တိုင် တိကျစွာမသိကြခြင်းကလည်း အံ့သြဖွယ်ကောင်းလှသည်။ ဒဏ္ဍာရီပုံပြင်များမှ ဆက်နွှယ်ဆက်စပ်ကာ တွေးတောကြခြင်းသာရှိခဲ့သည်။ ရဝေထွန်းဘာသာပြန်သော သကုန္တလာပြဇာတ်တွင် နိဒါန်းရေးသော ပုဂ္ဂိုလ်ဖြစ်သူ "အရှင်သီလာနန္ဒာဘိဝံသ"ဆိုသူ ရေးသားထားသော အတ္ထုပ္ပတ္တိမှုတစ်ခုကို ဤသို့တွေ့ရသည်။ ကာလီဒါသသည် ငယ်စဉ်ကအလွန်ဖျင်းထိုင်းမှိုင်းသူတစ်ယောက် ဖြစ်ခဲ့လေသည်။ ဗြာဟ္မဏတစ်ဦး၏သားဖြစ်၍ ငယ်စဉ်ကပင် မိဘများကွယ်လွန်ခဲ့သောကြောင့် နွားကျောင်းသားများက ကြည့်ရှုစောင့်ရှောက်ထားကြသည်။ ထိုစဉ်က ဘုရင်မင်းမြတ်ကြီးတွင် လှပသောသမီးတော်တစ်ပါး ရှိခဲ့လေသည်။ ဘုရင့်သမီးတော်သည် သူ့ကိုချစ်ရေးဆိုလာသော အမတ်ချုပ်ကြီး၏သားကို ရင့်သီးသော စကားများဖြင့် ဟန့်တားခဲ့ဖူးလေသည်။ သို့အတွက် အမတ်ချုပ်ကြီးသားအဖသည် ဘုရင့်သမီးတော်အပေါ် အခဲမကျေရှိခဲ့ကြသည်။ တစ်နေ့သောအခါတွင် မင်းသမီးလေးအတွက် ကြင်ရာတော်လောင်း ရှာဖွေရေးတာဝန်ကို အမတ်ချုပ်ကြီးလက်ခံရရှိလေသည်။

အမတ်ချုပ်ကြီးသည် လက်စားချေသောသဘောဖြင့် မင်းသမီးလေးအတွက် ကြင်ရာတော်လောင်းကို ထုံအနဖျင်းလွန်းသော ကာလီဒါသလောင်း နွားကျောင်းသားကို ပညာရှိမင်းသားငယ်အနေဖြင့် နန်းတော်သို့ခေါ်ဆောင်လာကာ မင်းသမီးလေးနှင့် ထိမ်းမြားစေလေသည်။ သို့သော် မကြာမီပင် သတို့သား၏ဉာဏ်မဲ့ပုံမှာ ဘူးပေါ်သလိုပေါ်လာလေတော့သည်။ မင်းသမီးလေးသည် ကာလီဒါသလောင်း နွားကျောင်းသားကို "ကာလီနတ်သမီး"ကိုကိုးကွယ်ပသရန် ညွှန်ကြားလေသည်။ နွားကျောင်းသားသည် မင်းသမီးပြောသည့်အတိုင်းပင် ကာလီနတ်သမီးကို ပူဇော်ပသရာမှ ကာလီနတ်သမီး၏ ကြည့်ရှုစောင့်ရှောက်မှုကြောင့် နောင်အခါတွင် နာမည်ကျော်စာဆို ပညာရှိကဝိတစ်ဆူဖြစ်လာလေသည်။ ကာလီနတ်သမီးကိုပူဇော်အပြီး အပြန်တွင် မင်းသမီးလေးက ဆီးကြို၍ "အတ္ထိကောစိဝါဂ် (ဝါစာ) ဝိသေသော ထူးခြားတိုးတက်လာသော စကားတစ်စုံတစ်ခုရရှိခဲ့ပါသလား"ဟုမေးလေသည်။ မင်းသမီး၏အမေးကို ကာလီဒါသက ကဗျာကြီးသုံးပုဒ်ဖြင့် အဖြေပြန်လည်ပေးလိုက်သည်။ ၎င်းသုံးပုဒ်တွင် ကုမာရသမ္ဘဝကဗျာကြီးကို"အတ္ထိ"ဟူသောစကားဖြင့်စတင်ရေးသားလေသည်။ ရဃုဝံသကဗျာကျမ်းကြီးကိုမူ ဝါဂ်(ဝါစာ) ဟူသောစကားဖြင့် အဦးအစရေးသားဖွဲ့ဆိုခဲ့သည်။

ထိုသို့ဖြင့် ကာလီနတ်သမီး၏ ချီးမြှောက်စောင်မမှုဖြင့် ပညာရှိအဖြစ် ကျော်ကြားလာလေသည်။ ထိုမှ ကာလီဒါသသည် ကာလီနတ်သမီး၏တပည့်ဟု ထင်ရှားလာသည်။

ကာလီဒါသသည် ကာလီနတ်သမီးထံမှပြန်လာကတည်းကပင် မင်းသမီးလေးကိုကြင်ရာတော်ဟု မမှတ်တော့ဘဲ သူ၏ကျေးဇူးရှင်မိခင်သဖွယ်မှတ်ယူလေတော့သည်။ ထို့ကြောင့် မင်းသမီးလေးသည် အမျက်ဒေါသထွက်ကာ " သင်ချစ်သောမိန်းမက သင့်ကိုသတ်ပါစေသား"ဟု ကျိန်ဆဲလိုက်လေသည်။ နောင်အခါ ကာလီဒါသသည် သူ၏မိတ်ဆွေဖြစ်သော သီဟိုဠ်ဘုရင်ကုမာရဒါသမင်းထံသို့ အလည်အပတ်ရောက်ရှိပြီးနောက် ကချေသည်မလေးတစ်ဦးနှင့် အတူနေရင်း ချစ်ကျွမ်းဝင်သွားတော့သည်။ တစ်နေ့သ၌ဘုရင်မင်းမြတ်သည် ဂါထာတစ်ပုဒ်ကိုထက်ဝက်မျှသာစပ်ဆိုပြီး ကျန်တစ်ဝက်ကိုဆက်လက်စပ်ဆိုနိုင်သူကို ဆုလာဘ်များစွာပေးမည်ဟု ကြေညာခဲ့လေသည်။ ကာလီဒါသလည်း ၎င်းဂါထာ၏အဆက်ကို ချစ်သူကချေသည်မလေးကို ဆက်လက်ရွတ်ဆိုပြလိုက်မိလေသည်။ ကချေသည်မလေးသည် ဆုလာဘ်ကိုမက်မောသဖြင့် ကာလီဒါသ၏အသက်ကို ရက်စက်စွာသတ်ဖြတ်လိုက်လေသည်။

အချို့သောအကြောင်းအရာတို့၌မူ ကာလီဒါသ အနိစ္စရောက်သည့်အကြောင်းကို ဤနှယ်ဆိုကြသည်။ ဘုရင်၏ဥယျာဉ်တော်ရေကန်အတွင်းရှိ ကြာဖူးတစ်ခုသည် လေမလာဘဲ အလိုလိုလှုပ်နေသည်ကို ဘုရင်မြင်လေသည်။ ဘုရင်က ထိုအကြောင်းရင်းကို သိလိုသဖြင့် ထိုအဖြေကိုဖြေဆိုနိုင်ပါက ယောကျ်ားဖြစ်လျှင်အမတ်ကြီးအရာ၊ မိန်းမဖြစ်လျှင် မိဖုရားအရာပေးမည်ဟု တိုင်းပြည်အတွင်း မောင်းကြေးနင်းလည်စေလေသည်။ ထိုအချိန်တွင် ကာလီဒါသသည် ပြည့်တန်ဆာမတစ်ဦးနှင့် ပျော်ပါးနေခိုက်ဖြစ်သည်။ မောင်းကြေးနင်းသံကြားသဖြင့် ပြည့်တန်ဆာမက ထိုအကြောင်းရင်းကို ကာလီဒါသထံ မေးမြန်းလေသည်။ ကာလီဒါသက နံနက်နေလာချိန်တွင် ကြာဖူးသည် ပွင့်လာခဲ့ပြီး ပိတုန်းတစ်ကောင်သည် ကြာဖူးအတွင်းဝင်၍ ကြာဝတ်ဆံများကို စားနေခဲ့သည်။ ညလသာချိန်တွင် ကြာဖူးသည် ပြန်ငုံသွားခဲ့ပြီး ပိတုန်းသည် ကြာဖူးအတွင်းပိတ်မိနေသဖြင့် ထိုနှယ်လှုပ်နေခြင်းဖြစ်သည်ဟု ပြောပြလိုက်လေသည်။ ပြည့်တန်ဆာမသည် ကာလီဒါသ အိပ်ပျော်နေစဉ် ကာလီဒါသကို သတ်လိုက်လေသည်။ ဘုရင်ထံသွားကာ အဖြေကိုလျှောက်တင်လေသည်။ ဘုရင်ထံအဖြေပေးနိုင်သော်လည်း စစ်ဆေးရာ အပြစ်ပေါ်၍ ပြည့်တန်ဆာမလည်း ဒဏ်သင့်ရတော့သည်။ ကာလီဒါသလည်း ကွယ်လွန်ခဲ့ရသည်။

ကာလီဒါသပေါ်ထွန်းခဲ့သောခေတ်ကို ပညာရှင်အမျိုးမျိုးက အယူအဆအမျိုးမျိုးဖြင့် ပြောကြသည်။ ကျောက်စာများကမူ ဘီစီ တစ်ရာစုမှ အေဒီခြောက်ရာစုနှစ်ကာလအတွင်း ပေါ်ထွန်းခဲ့သည်ဟုပြဆိုကြသည်။ တချို့ကမူ သူ၏စာအရေးအသားကို ထောက်ဆကာ အေဒီလေးရာစုနှစ်ကာလဟု မှန်းဆသည်။ ခုနှစ်အတိအကျဖော်ပြသောကျမ်းဟူ၍မတွေ့ရှိကြချေ။ မြန်မာဘာသာကျမ်းများ၌ ကာသိကရာဇ်တိုင်းဗာရာဏသီပြည် နန္ဒိရာဇာမင်းနှင့်ဘာနုမန္တိ မိဖုရားလက်ထက်ဟုဖော်ပြကြသည်။ ထိုမင်းမိဖုရားတို့တွင် ကာလီဒါသနှင့်အတူ စိတ္တရံသီမည်သောပန်းချီဆရာတစ်ဦးလည်းရှိသည်။ ကာလီဒါသသည် အသံကြားရုံဖြင့် ရုပ်ပုံကိုဆုံးဖြတ်နိုင်စွမ်းရှိသူဖြစ်သည်။ တစ်နေ့တွင် ဘုရင်က မိဖုရားကြီး၏ ပုံတူပန်းချီကိုရေးရန် ပန်းချီဆရာစိတ္တရံသီကို တာဝန်ပေးလေသည်။

ကာလီဒါသက ပန်းချီဆရာကိုကူညီသည့်အနေဖြင့် မိဖုရား၏လျှို့ဝှက်သောနေရာတွင် မှဲ့ရှင်သုံးလုံးရှိပုံကိုပါ ရေးဆွဲဆက်သစေလေသည်။ ပန်းချီကားကိုကြည့်၍ဘုရင်သည် မိဖုရားနှင့် ပန်းချီဆရာကို မသင်္ကာကာစစ်ဆေးတော့သည်။ ပန်းချီဆရာက ကာလီဒါသပြောပြကြောင်း ပြန်လည်တင်လျှောက်လေသည်။ ထို့ကြောင့် ကာလီဒါသကိုသတ်စေဟု ဘုရင်က မိန့်လေသည်။ ကမ္ဗသိဒ္ဓိကာအမတ်က ကာလီဒါသကိုဝှက်ထားသဖြင့် အသက်ချမ်းသာရာရသည်။

တစ်နေ့သော် မင်း၏သားတော် သုဒေဝသည် တောကစားရာမှအပြန် ဝံသူတော်သင်ကြားပေးလိုက်သော သ-သေ-မိ-ယ စကားလေးလုံးကိုရရှိခဲ့သည်။ ထိုစကားလေးလုံး၏အဓိပ္ပာယ်ကို မည်သူမျှမဖော်နိုင်ဖြစ်လေသည်။ ကာလီဒါသသည် အမတ်ကြီး၏သမီးဟန်ဆောင်ကာ တင်းတိမ်အတွင်းကဖြေဆိုလိုက်သည်။ ဘုရင်က စစ်မေးသော် ကာလီဒါသဖြစ်ကြောင်းသိရ၍ အပြစ်ကိုခွင့်လွှတ်ကာပြန်လည်ချီးမြှောက်လေသည်။ ကာလီဒါသရေးသားစီရင်ခဲ့သောကျမ်းတို့တွင် တိမ်စေတမန်ခေါ်မေဃဒူတကာဗျကျမ်းသည် ထင်ရှားသည်။ နှစ်၏ရတုခြောက်ပါးသာယာပုံသဘာဝကိုဖွဲ့ဆိုသော ရိတုသမ္ဘာရကာဗျကျမ်းမှာလည်းထင်ရှားသည်။ ထို့ပြင် ရာမမင်းသား၏ဇာတ်အိမ်ကိုဖွဲ့သော"ရာဂုဝံသနှင့် ကုမာရသမ္ဘဝကာဗျကျမ်း"တို့သည်လည်း ထင်ရှားခဲ့သည်။ ထိုကျမ်းတို့သည် ကာဗျခေတ်တွင် ထွန်းကားခဲ့သော စာပေ၏အနှစ်သာရကို ပြဆိုရာလည်း ရောက်ခဲ့သည်။

သကုန္တလာပြဇာတ်သည် မဟာဘာရတကျမ်း၏အာဒိပဗ္ဗရှေ့ပိုင်း၌ပါရှိသော အခန်းလာသကုန္တလာဝတ္ထုကိုမှီငြမ်းပြုထားသော ပြဇာတ်ဖြစ်သည်။ သကုန္တလာပြဇာတ်ကို ခရစ် ၁၇၈၉ ခုနှစ်တွင် ဆာဝီလျံဂျုန်းအမည်ရှိ အင်္ဂလိပ်ပညာရှိတစ်ဦးက အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆိုထုတ်ဝေခဲ့သည်။ ထိုမှတစ်ဆင့် ဂျာမန်ဘာသာဖြင့်ထုတ်ဝေပြန်ရာ ကမ္ဘာကျော်ဂျာမန်ကဗျာဆရာကြီး ဂါးထားသည် ၎င်းပြဇာတ်ကို များစွာနှစ်သက်ချီးကျူးလေသည်ဟု ကာလီဒါသ၏ အတ္ထုပ္ပတ္တိကိုဖော်ပြခဲ့လေသည်။

သကုန္တလာပြဇာတ်၏ဇာတ်လမ်းသည် မြန်မာတို့နှင့်ရင်းနှီးပြီးဖြစ်သည်။ ဒုသျှန္တဘုရင်သည် တောကစားထွက်တော်မူရာ သကုန္တလာကိုတွေ့ပြီး မြတ်နိုးတော်မူလေသဖြင့် ထိမ်းမြားလက်ထပ်လိုက်လေသည်။ သကုန္တလာကိုယ်ဝန်ရင့်မာရှိသောအခါ ဒုသျှန္တမင်းကြီးက ၎င်း၏လက်ဝတ်ရတနာကို သကုန္တလာအားပေးတော်မူသည်။ ထိုလက်ဝတ်ရတနာကိုယ်နှင့်မကွာရှိနေသရွေ့ကာလပတ်လုံး မင်းကြီးသည် သကုန္တလာကိုပြန်တွေ့သောအခါ သတိရမှတ်မိလိမ့်မည်ဖြစ်လေသည်။ သို့သော် တစ်နေ့သ၌ ထိုလက်ဝတ်ရတနာကျပျောက်တော့သည်။ ဤသည်တွင်မင်းကြီးသည် သကုန္တလာကို ပြန်လည်သတိမရတော့ပေ။ ထိုကာလအတွင်း သကုန္တလာသည် တောတွင်း၌နေရင်း နောင်အခါတွင် မဟာဘာရတဟု ကျော်ကြားမည့် ဘာရတမင်းသားကို ဖွားမြင်လေသည်။ တစ်နေ့သော် တံငါသည်တစ်ဦးသည် မင်းကြီး၏ လက်ဝတ်ရတနာကိုကောက်ရ၍ မင်းကြီးကိုဆက်လေသည်။ ဤတွင်မှ မင်းကြီးသည် သကုန္တလာကို ပြန်လည်သတိရ၍ ရှာဖွေရာ တောတွင်း၌သကုန္တလာနှင့်တကွ ရင်သွေးတော်ဘာရတကိုတွေ့၍ ဇာတ်ပေါင်းလေတော့သည်။

သကုန္တလာပြဇာတ်ကြောင့်ပင် မြန်မာတို့သည် ကာလီဒါသကိုသိကျွမ်းလာကြခြင်းဖြစ်သည်။ ကာလီဒါသသည် "ဝိကြမောဝါသီ၊ မာလာဝိကနှင့်အဂ္ဂိမိတြ" ပြဇာတ်များကိုလည်းရေးသားခဲ့သည်။ ထိုပြဇာတ်များသည်လည်း လွန်စွာထင်ရှားခဲ့ပြီး ဘာသာအသီးသီးသို့ပြန်ဆိုခြင်းပြုခဲ့ကြသည်။ ကာလီဒါသခေတ်ပြီးနောက် ပြဇာတ်ခေတ် ယိုယွင်းလာသည်ဟုပညာရှင်တို့ကဆိုကြသည်။ ကမ္ဘာ့စာပေသမိုင်းတွင် ပြဇာတ်အကြောင်းလေ့လာပါက ကာလီဒါသသည် မပါမဖြစ်ပါဝင်နေသည်ကို လေးစားအားကျဖွယ်ရာတွေ့မြင်နေရပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**၁။ ကမ္ဘာ့စာပေအညွှန်း(အိန္ဒိယ၊ အီရန်၊ အာရပ်)**
**မောင်ထင်**

**၂။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁)**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ရာနှုန်းပြည့်ကေစိုက်ပျိုးပြီးစီး



**မော်လိုက် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံရာနှုန်းပြည့် ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို အထွက်တိုးပြီး အရည်အသွေးကောင်းဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးခဲ့ပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ကျီစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျီစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကျီစုကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ် ခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စနစ် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါကျီစုကျေးရွာ၌ လမ်းအရှည် ပေ ၁၅၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ် ခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀၆ သိန်း၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

# နေပြည်တော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီး အလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးများအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

''ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော၊ ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဒေသထွက်ကုန် အုန်းသီးတွေကို ဝယ်လိုအားကောင်းနေပါတယ်။ ပြည်တွင်းမှာလဲ အုန်းသီးတွေ ဝယ်လိုအားကောင်းနေလို့ ရောင်းအားတက်ခဲ့တာဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအနုစသည်ဖြင့် စနစ်သုံးမျိုးလုပ်ဆောင်ပြီး ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက် အုန်းသီးများ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းပင်စိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝေါမြို့နယ်ရှိ ဆားဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ဘိုးပြန်ကျေးရွာနှင့် ဆားဘိုကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆားဘိုကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ဘိုးပြန်ကျေးရွာနှင့် ဆားဘိုကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့်လုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၇ ဒသမ ၀၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘိုးပြန်ကျေးရွာနှင့် ဆားဘိုကုန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၆၇ ဒသမ ၀၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# နမ့်စန်မြို့နယ် လွိုင်ဖွီးကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းနေမှု စစ်ဆေး

**နမ့်စန် ဇူလိုင် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် လွိုင်ဖွီးကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့်တာဝန်ခံအင်ဂျင်နီယာများက လွိုင်ဖွီးကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လွိုင်ဖွီးကျေးရွာ၌ လမ်းအရှည် ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သန်း ၂၀ အသုံးပြု၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ငါးဖျံ၏ သဘာဝနှင့်အသုံးဝင်ပုံ

နှင်းအိ (ရာမညမြေ)

ငါးဖျံ (Mudskipper) သည် အပူပိုင်းဒေသမှ ငါးတစ်မျိုးဖြစ်သည်။ ထိုငါး၏ ရှေ့ဘက်ဆူးတောင်များသည် ပင်လယ်ဖျံများ၏ ရေယက်များကဲ့သို့ ကြီးထွားကြသည်။ ထိုငါးသည် ကုန်းသို့တက်ကာ ဒီရေအတက်အကျရှိသည့်နေရာများ၌ ကျက်စားတတ်သည်။ ကျောက်ဆောင်များ၊ သစ်ပင်အမြစ်များပေါ်သို့ နံ့ကောင်ကဲ့သို့ ခုန်တက်၍ ပိုးကောင်များကို ရှာဖွေစားသောက်တတ်သည်။ ငါးဖျံကို အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိမြစ်များတွင်လည်းကောင်း ဩစတြေလျတိုက် ဂရိတ်ဗရီးယားရီ ခေါ် ကျောက်သန္တာတန်း၌လည်းကောင်းတွေ့နိုင်သည်။ အမေရိကတိုက် အပူပိုင်းဒေသတွင်လည်း မျက်စိလေးလုံးနှင့် ငါးဖျံမျိုးရှိသည်ဟုဆိုသည်။ မျက်စိလေးလုံးဟုဆိုရာတွင် ထိုငါးဖျံ၏ မျက်လုံး၌ အထက်ပိုင်း၊ အောက်ပိုင်း ခွဲခြားလျက်ရှိခြင်းကိုပင် ဆိုလိုသည်။ ထိုငါးဖျံမျိုးသည် ရေထဲ၌ သွားသောအခါ အောက်ပိုင်းမျက်လုံးကို ရေထဲ၌ထားပြီး အထက်ပိုင်းမျက်လုံးကို ရေပေါ်တွင်ထား၍ သွား၏။ ထို့ကြောင့် ရေထဲကပိုးကောင်ကိုသော်လည်းကောင်း၊ ရေပေါ်က ပိုးကောင်ကို သော်လည်းကောင်း မြင်နိုင်ခြင်းဖြစ်၏။

**ငါးဖျံငါး၏ သဘာဝ**

ငါးဖျံသည် ကုန်းနေ၊ ရေနေငါး (Amphibious Fish) ဖြစ်ပြီး ၎င်းတို့၏ သဘာဝသည် ရေထဲတွင်သာမက ကုန်းပေါ်တွင်ပါနေနိုင်သော သဘာဝဖြစ်၍ အခြားရေချို၊ ရေငန်ငါးများနှင့် နှိုင်းယှဉ်လျှင် ကုန်းပေါ်တွင် ရှင်သန်နိုင်စွမ်းပိုမြင့်ပါသည်။ Mud-skipper ဟုခေါ်သော ငါးမျိုးစိတ်များ၏ ကုန်းပေါ်ရှင်သန် နိုင်စွမ်းသည် အလွန်ဆုံးနှစ်ရက်ကြာသည်။ ငါးဖျံမျိုးစိတ်များသည် ကုန်းပေါ်တွင် အခြားငါးမျိုးစိတ်များထက်ပိုပြီး အချိန်ကြာကြာ ရှင်သန်နိုင်သည်။ သို့သော်လည်း ရေနေသတ္တဝါဖြစ်သည့် ငါးဖျံသည် ရေမရှိဘဲ ကြာကြာရှင်သန်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ အကြောင်းမှာ ငါးများသည် ရေထဲမှအောက်ဆီဂျင်ကို ပါးဟက်မှတဆင့် သွေးကြောထဲ လည်ပတ်စီးဆင်းစေကာ ရှင်သန်ရခြင်းဖြစ်ပြီး လေထုအောက်ဆီဂျင်ကို စုပ်ယူနိုင်သော အဆုတ်မပါရှိသည့်အတွက် ကုန်းပေါ်တွင် ကြာရှည်ရှင်သန်နိုင်စွမ်းမရှိပေ။ ကမ္ဘာပေါ်တွင် ငါးဖျံငါးမျိုးစိတ်ပေါင်း ၃၂ မျိုးခန့်ရှိသည်ကို မှတ်တမ်းများအရသိရပါသည်။ ငါးဖျံငါးကို Mud Skipper ဟုလည်း ခေါ်ဆိုနိုင်သည်။

**ကုန်းနေ၊ရေနေငါးဖျံငါး**

ငါးဖျံငါးများသည် အခြားငါးမျိုးစိတ်များကဲ့သို့ ရေထဲတွင်သာ နေထိုင်ကြသော ငါးများမဟုတ်ဘဲ ကုန်နေ၊ ရေနေငါး (Amphibious Fish) များ ဖြစ်ကြသည်။ Amphibian ဆိုသည်မှာ မြန်မာဘာသာဖြင့် ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်း သို့မဟုတ် ကုန်းနေ၊ရေနေသတ္တဝါဟု အဓိပ္ပာယ်ရသည်။ သတ္တဝါလောကတွင် ကုန်းနေသတ္တဝါများသည် ရေနေသတ္တဝါများထက်ပိုပြီးအဆင့်မြင့်ကြသည်။ ထို့ကြောင့် ၎င်းတို့မှာ အဆင့်မြင့်ကုန်းနေသတ္တဝါများကဲ့သို့ ကုန်းပေါ်တွင် နေထိုင်နိုင်ကြသော်လည်း အချိန်ကြာမြင့်စွာ မနေနိုင်ကြပေ။ အသက်ရှူရန်ရေထဲသို့ ပြန်ဆင်းကြရသည်။ ကုန်းနေ၊ ရေနေအုပ်စုတွင် ပါဝင်သော သတ္တဝါများမှာ ငါးဖျံငါးအပါအဝင် ဖား၊ မိကျောင်း၊ လိပ်၊ ရေပုတ်သင်နှင့် အခြားအကောင်အချို့လည်း ပါဝင်သည်။

**အလေ့အထ**

ကုန်းနေ၊ ရေနေငါးဖျံငါးများမှာ သွေးအေးသတ္တဝါများဖြစ်ကြပြီး ကျောရိုးရှိများဖြစ်သည်။ အသက်ရှူရာတွင် ပါးဟက်နှင့်အရေပြားတို့ကို အသုံးပြုကြသည်။ ၎င်းတို့ကို ရေနှင့်အနီးတစ်ဝိုက်နေရာများနှင့် စိုစွတ်သော ပတ်ဝန်းကျင်များတွင် တွေ့ရှိနိုင်သည်။

အရွယ်ရောက်ပြီးသော ငါးဖျံများမှာ အသားစားသတ္တဝါများဖြစ်ကြပြီး အများစုမှာ ကျောရိုးမဲ့အကောင်များကို စားသုံးကြပြီး အရွယ်မရောက်သေးသော ငါးဖျံများမှာမူ အပင်စားသတ္တဝါ (Herbivo-rous) များဖြစ်သည်။ ရေညှိနှင့်အခြားသော ရေထဲရှိအပင်များကို စားသုံးကြသည်။

ငါးဖျံငါးများသည် ဥဥခြင်းဖြင့် မျိုးပွားကြသည်။ ၎င်းတို့ဥချလိုက်သော ဥများမှ သားလောင်းများ



ပေါက်လာကြသည်။ ထိုသားလောင်းများမှတစ်ဆင့် အရွယ်ရောက်ပြီး အကောင်များဖြစ်လာသည်။ ဥများကို အများအားဖြင့် ရေထဲတွင် ဥတတ်ကြသည်။

ငါးဖျံငါးကို မြိတ်ဒေသတွင် ပရစ်ပွေး ခေါ် ဘရစ်ပွေးဟု ခေါ်ကြသလို ရခိုင်ဒေသတွင်လည်း ငါးဒေါင်းပြောက်ဟုခေါ်ဆိုကြပြီး မွန်ပြည်နယ်အခေါ်မှာ ငါးဖျံဖြစ်သည်။ ငါးဖျံငါးမှာ ရွှံ့နွံတွင် နေထိုင်တက်ကြပြီး မြစ်ကမ်းနားတစ်လျှောက်တွင်လည်း တွင်းအောင်းတတ်ကြသည်။ ငါးဖျံငါးများမှာ ဒီရေမရောက်သော ရွှံ့မြေမာများတွင် နေထိုင်လေ့မရှိဘဲ ဒီရေရောက်သော ရွှံ့မြေပျော့များတွင်သာ တွေ့ရများသည်။

**ငါးဖျံစကားပုံ**

ချောင်းငယ်၊ မြောင်းငယ်များတွင် မျောပါနေသော ပုံလုံသီးနှင့်ပုံလုံသီးပေါ်တွင် တက်ခိုနေသော ငါးဖျံတို့သည် သူတစ်ပြန်ငါတစ်ပြန် အထက်အောက်တစ်လှည့်စီဖြစ်နေသကဲ့သို့ တစ်သမတ်တည်း အထက်စီးရသည်ဟုမရှိဘဲ သူကသာသည့်အလှည့်ရှိသကဲ့သို့ ကိုယ်ကသာသည့်အလှည့်လည်း ရှိကြောင်းကို ပုံလုံတလှည့်၊ ငါးဖျံတစ်လှည့်ဟူ၍ ဆိုကြသည်။ ဤသည်မှာ ငါးဖျံငါးများ၏ စကားပုံဖြစ်ပေသည်။

ငါးဖျံငါးများမှာ ရွှံ့စေးမြေ၏ အဆီအနှစ်များကို စားသုံးပြီး ပင်လယ်ဝမြစ်ကမ်းနားတစ်လျှောက်တွင် ပေါများစွာ တွေ့ရတတ်သည်။ ရွှံ့နွံတွင်းတစ်တွင်းလျှင် ငါးဖျံတစ်ကောင်သာ နေတတ်ကြပြီး နှစ်ကောင်ပူးလျက်တွေ့ရသည်ရှိသော်ငြား ရှားပါးလှသည်။ ငါးဖျံများအစာရှာထွက်ပါက ရွှံ့နွံတွင်းပေါ်သို့ တက်ရောက်ကာ ကမ်းခြေတစ်လျှောက်အစာရှာစားတတ်ကြသည်။ ငါးဖျံများသည် ၎င်းတို့၏ အစာအဖြစ် ရွှံ့စေးမြေ၏ အဆီနှစ်ကို အဓိကစားကြပြီး ပုစွန်ငယ်၊ အင်းဆက်နှင့် တီကောင်တို့ကိုလည်း စားလေ့ရှိကြသည်။ လူနှင့်တွေ့ပါက အလျင်အမြန် ပြေး၍တွင်းခေါင်းထဲသို့ ဝင်ရောက်ပုန်းခိုတတ်ကြသည်။ ရေထရက်၊ ရေကြီးရက်များ၏ ရေတက်ချိန်တွင် ငါးဖျံများကိုများပြားစွာ ဖမ်းဆီးရမိတတ်ကြသည်။ ကုန်းနေ၊ ရေနေငါးဖြစ်သောကြောင့် ရေထဲတွင်ပါးဟက်ဖြင့် အသက်ရှူကာ ကုန်းပေါ်တွင် အရေပြားမှတဆင့် လေထဲက အောက်ဆီဂျင်ကို စုပ်ယူပြီး သွေးထဲသို့ပို့ပေးသည်။

**ငါးဖျံစားဖွယ်စုံ**

ငါးဖျံငါးများကို ဒေသတွင်း အစားအစာအနေဖြင့် ဒေသခံများ အထူးနှစ်ခြိုက်ကြသည်။ လူကြိုက်များသည့် ငါးဖျံငါးအိုးကပ်ဟင်းကို ပင်စိမ်းဖြင့်ချက်ပါက လျှာရင်းမြက်စေမည့် အရသာထူးဖွယ်ငါးဟင်းတစ်မည်ကို ရရှိပေမည်။ ထိုမျှမက ငါးဖျံငါးကို အခြောက်လှမ်းပြီး ကြော်စားခြင်း၊ မီးဖုတ်စားခြင်းသည်လည်း အရသာအလွန်ချိုသည်။ ထူးခြားချက်မှာ ငါးဖျံငါးများ၏ အဆီမှာအကြောအားတိုးစေသည်။

**ငါးဖျံမှပေးသောအာဟာရဓာတ်**

ငါးဖျံငါးအပါအဝင် ငါးစားခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ကောင်းကျိုးများစွာ ရရှိစေသည်။ သို့သော် ငါးဖျံငါးတွင်ပါဝင်သော အာဟာရဓာတ်များ၊ ဗီတာမင်နှင့်သတ္တုဓာတ်များအကြောင်းကိုမူ စုံစုံလင်လင်သိရှိသူနည်းသည်။ ငါးဖျံငါးတွင် အသားဓာတ် (ပရိုတင်းဓာတ်) များ ပါဝင်သည့်အပြင် Omega 3 ဖက်တီးအက်စစ်ဟုခေါ်သည့် ငါးကြီးဆီဓာတ်များလည်း အပြည့်အဝပါဝင်နေသောကြောင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်သည်။

**ဗီတာမင်နှင့်သတ္တုဓာတ်များမှာ-**

**(၁) Omega-3 ဖက်တီးအက်စစ် ကြွယ်ဝစွာပါရှိခြင်း**

Omega-3 ဖက်တီးအက်စစ်သည် နှလုံးသွေးကြောကျန်းမာရေးအတွက် အထူးကောင်းမွန်သည်။ နှလုံးသွေးကြောကျဉ်းခြင်းနှင့် နှလုံးရောဂါဖြစ်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ သွေးတွင်းရှိ မကောင်းသော အဆီများကို ဖယ်ရှားပေးနိုင်ပြီး ကောင်းသောအဆီဓာတ်ကို များပြားလာစေခြင်း၊ သွေးပေါင်ချိန်ထိန်းပေးနိုင်ခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများကို ရရှိစေနိုင်သည်။ ထို့ပြင် Omega-3သည် ဦးနှောက်ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေသည်။

**(၂)ဗီတာမင်အေကြွယ်ဝခြင်း**

အဆီများသော ငါးဖျံငါးကို များများစားပေးမည်ဆိုလျှင် ဗီတာမင်အေကို ရရှိစေနိုင်သည်။ ဗီတာမင်အေသည် အမြင်အာရုံကောင်းမွန်စေခြင်း၊ မျက်စိရောဂါများဖြစ်လာနိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ အရိုးနှင့်သွားများ ကြီးထွားသန်မာလာစေခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိလာစေမည်ဖြစ်သည်။

**(၃) ဗီတာမင် B-complex ကြွယ်ဝခြင်း**

ငါးဖျံငါးများတွင် နောက်ထပ်ပါဝင်သော ဗီတာမင်ဓာတ်များမှာ ဗီတာမင် B1, B2, B6, B12 စသည်တို့ဖြစ်သည်။ ဗီတာမင် B-complex သည် ဦးနှောက်နှင့် အာရုံကြောစနစ် ကောင်းမွန်စေရန်အတွက် အထောက်အကူဖြစ်စေသည်။

**(၄) ဗီတာမင်-D ကြွယ်ဝခြင်း**

ငါးဖျံငါးတွင် အရိုးနှင့်သွားကျန်းမာရေးအတွက် ကောင်းမွန်စေသော ဗီတာမင် D လည်း များစွာပါဝင်နေသည်။ ဗီတာမင် D သည် ကိုယ်ခံအားစနစ်မြင့်တက်စေဖို့ ကူညီပေးနိုင်သည်။

**(၅) ကယ်လ်စီယမ်ကြွယ်ဝခြင်း**

ဗီတာမင် D အပြင် အရိုးကျန်းမာဖွံ့ဖြိုးရေးအတွက်လိုအပ်သော ကယ်လ်စီယမ်ဓာတ်သည်လည်း ငါးဖျံများတွင် ပါရှိသည်။

**(၆) မဂ္ဂနီဆီယမ်ကြွယ်ဝခြင်း**

ငါးဖျံငါးတွင်ပါဝင်သော မဂ္ဂနီဆီယမ်ဓာတ်သည် နှလုံးနှင့်ကြွက်သားကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေခြင်း၊ ဆီးချိုရောဂါဖြစ်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်းစသည့် ကောင်းကျိုးများစွာကို ရရှိစေနိုင်သည်။

**(၇) ဇင့်ဓာတ်ကြွယ်ဝခြင်း**

ငါးဖျံငါးတွင် ခန္ဓာကိုယ်တွင်းဆဲလ်များ ကြီးထွားဖွံ့ဖြိုးစေရန်နှင့် ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေနိုင်သော ဇင့်ဓာတ်လည်း ပါရှိသည်။

**(၈) သံဓာတ်ကြွယ်ဝခြင်း**

ငါးဖျံငါးတွင် သံဓာတ်ပါဝင်သောကြောင့် သံဓာတ်ချို့တဲ့ပြီး သွေးအားနည်းခြင်းကင်းဝေးစေရန် ငါးဖျံအပါအဝင် ငါးများများစားသုံးပေးသင့်သည်။ ငါးများများစားသုံးခြင်းဖြင့် ဗီတာမင်နှင့်သတ္တုဓာတ်များ ကြွယ်ဝစွာရရှိစေနိုင်သောကြောင့် တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်ခန့် ငါးကိုစားသုံးပေးသင့်သည်။ ငါးဖျံအပါအဝင် ငါးတော်တော်များများတွင် အသားများစားသကဲ့သို့ ပရိုတင်းဓာတ်ရရှိစေသည့်အပြင် ငါးကြီးဆီလည်း ပါဝင်သောကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာ ရရှိစေမှာဖြစ်သည်။

**အချုပ်အားဖြင့်ဆိုရသော်-**

ကုန်းနေ၊ ရေနေငါးဖျံငါးသည် သဘာဝအားဖြင့် ထူးခြားလှသည့်အပြင် စားသုံးသူများအတွက် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်သော ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

(1) မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၅)
(2) ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၂)
(3) Fish Base of Myanmar
(4) Inland Fisheries of Myanmar

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နှမ်း ၂၄၆၃၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၇၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နှမ်း ၂၄၆၃၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၄၇၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုး နည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် ဇူလိုင် ၉**


ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ သစ်သီးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေရီက ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများကို ယခုနှစ် ဇူလိုင်လ ဒုတိယအပတ်မှ ယနေ့ထိ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် နဂါးမောက်သီး အလုံးရေ ၁၀၀ လျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၈၀၀၀၀ မှ ၉၀၀၀၀ ထိ ပေါက်ဈေးရှိပြီး ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းနေကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဒေသထွက် နဂါးမောက်သီးတွေ တင်ပို့ရောင်းချနေပါတယ်။ အခုလ ဒုတိယအပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာပါ။ လက်ရှိ နဂါးမောက်သီးတွေ အများအပြားတင်ပို့ရောင်းချနေရပါတယ်။ လက်ရှိကာလဟာ ရေကြည်ဘက်မှာက နဂါးမောက်သီးတွေ ထွက်ရှိနေချိန်ဖြစ်ပါတယ်။ ထွက်ရှိတဲ့ နဂါးမောက်သီးတွေက အရည်အသွေး အတော်ကောင်းပါတယ်။ ဈေးကွက်မှာလဲ ရောင်းပန်းလှတယ် "ဟု ရေကြည်မြို့နယ် သစ်သီးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေရီက ပြောပြသည်။

ရေကြည်မြို့နယ်တွင် အော်ဂဲနစ်နည်းစနစ်ဖြင့် တောင်သူတစ်ဦးလျှင် နဂါးမောက်သီး တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး စိုက်နည်းစနစ်များကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းစိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေသဖြင့် ဒေသခံတောင်သူများအနေဖြင့် နဂါးမောက်သီးများကိုထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**






ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

ကုန်ခဲ့ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇




*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

## ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး ဒေါ်သန်းစိန် အသက် (၈၂)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၈၀)၊ ချမ်းမြသာစည်တောင်၊ အဆောက်အဦအထူးအဖွဲ့(၆)၊ ဝန်ထမ်းအိမ်ရာနေ ဦးမြင့်စိန် + ဒေါ်တင်တင်ဦး (သစ်တောဦးစီး(ငြိမ်း))၊ (ဦးကျော်ကျော်လွင်)+ဒေါ်တင်တင်လတ် (အထက်တန်းပြ(ငြိမ်း))၊ ဦးသန်းထိုက် + ဒေါ်စန္ဒာဝင်း၊ ဦးကိုကိုလေး + ဒေါ်တင်တင်ထွေး၊ ဦးစည်သူကျော် + ဒေါ်တင်တင်လေး(ဦးစီးအရာရှိ(မြို့ပြ)၊ အဆောက်အဦးအထူးအဖွဲ့(၆)၊ ဦးသန့်စင်သူ + ဒေါ်မြင့်မြင့်စန်းတို့၏မိခင်၊ မြေး(၁၂)ယောက်၊ မြစ်(၁)ယောက်တို့၏အဘွား

**(ဦးတင်လှ)၏ ချစ်လှစွာသောဇနီး ဒေါ်သန်းစိန် အသက် (၈၂)နှစ်သည်**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ ၉-၇-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက် (၆:၀၀)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သော ဥတုရုပ်ကလာပ်ကို ၁၁-၇-၂၀၂၅(သောကြာနေ့) နံနက် (၁၁:၀၀)နာရီအချိန်တွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုလ်မည်ဖြစ်ပြီး ၁၅-၇-၂၀၂၅(အင်္ဂါနေ့) နံနက် (၉:၀၀)နာရီမှ နေ့လယ်(၁၂)နာရီအချိန်ထိ ကွယ်လွန်သူမိခင်ကြီး ဒေါ်သန်းစိန်အားရည်စူး၍ ရက်လည်ဆွမ်းသွပ်တရားနာပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ" (We are Myanmar)ဟူသော စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ကြရန် သန္နိဋ္ဌာန်ချဆောင်ရွက်ကြရပါမည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် သုံးဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၄၈ ကီလိုကျော် ဖမ်းဆီးရမိ



တရားခံ သန်းအောင်စိုး(ခ)မျောက်ကြီး၊ ပိုင်ခန့်၊ နန်းသီရိအောင်၊ ဟန်ထွန်းနိုင်(ခ)စိုင်းကျော်မိန်း၊ စောရန်နိုင်၊ ဘုန်းမြင့်ကျော်(ခ)ဦးတီပွားနှင့် ဇော်ဇော်နောင်(ခ)ကိုနောင်တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၂ ရက် ညနေ ၃ နာရီတွင် ကျောက်ဆည်နှင့် မိတ္ထီလာခရိုင် ချင်းဆက်လမ်း တောင်တော်ကျေးရွာ အနီး၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မှ မန္တလေးသို့ သန်းအောင်စိုး(ခ)မျောက်ကြီး မောင်းနှင်ပြီး ပိုင်ခန့်လိုက်ပါလာသည့် NISSAN DIESEL ခြောက်ဘီးမော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၁၄၈ ဒသမ ၇၉၇ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများကို မိုင်းရယ်မြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းသူ နန်းသီရိအောင်၊ ဟန်ထွန်းနိုင်(ခ)စိုင်းကျော်မိန်းနှင့် စောရန်နိုင်တို့ကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်လင်မြို့နယ် ပင်လုံ-လဲချားသွား ကားလမ်း၌ စာမျက်နှာ ၂၂ ကော်လံ ၁ ☆

# ချင်းတွင်းမြစ်ရေ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

